ရတနာပုံ
yadanarbonnews.com
၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။
၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၁၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (23-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၄၆)

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် ၇၇ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ခင်းကျင်းပြသထားသည့် မြန်မာ-တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် ၇၇ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဦးသန်းမောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော် အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

## ရတနာပုံ ယနေ့ဖတ်စရာ

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ**

စာမျက်နှာ - ၁၈


**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ**

စာမျက်နှာ - ၁၉

**"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ**

စာမျက်နှာ - ၁၆

# အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်




**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ် အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောမုန်တိုင်းငယ် (Deep Depression)အဖြစ်သို့ ရောက်ရှိခဲ့ပြီး

**စာမျက်နှာ ၂၅ ကော်လံ ၁** ❍

# ဖလမ်းမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်



**ဖလမ်း စက်တင်ဘာ ၂၂**

ဖလမ်းမြို့ ကျင်မွှာလ်ရပ်ကွက်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် စက်ရက်ကန်း၊ လက်ရက်ကန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းများ ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး လက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ်သင်တန်းတက်ရောက်လိုသူများ အနေဖြင့် ကြိုတင်စာရင်းပေးထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၂၁ ကော်လံ ၁** ❑

# ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့သည်။

အလားတူ အဆိုပါညောင်တုန်းကျွန်းတာ

**စာမျက်နှာ ၂၂ ကော်လံ ၁** ❋



လေးမျက်နှာမြို့နယ်ရှိ ဝဝန်ပန်းတာတမံနိမ့်ကျပြီး ရေကျော်စီးဝင်ခဲ့သည့်နေရာ၌ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ်။

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ထိုအထဲမှ အလုပ်လုပ်သူများ၏ ၅၀ ရာခိုင်နှုန်းကျော်သည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြသည်။ ထိုသို့ မိရိုးဖလာလုပ်ဆောင်နေကြသည့် စိုက်ပျိုးမွေးမြူရေးကို စနစ်တကျပြောင်းလဲဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင်၊ တန်ဖိုးမြှင့်ထုတ်ကုန်များရရှိအောင် ဆောင်ရွက်နိုင်ပါက ကျေးလက်နေပြည်သူတို့၏ ဝင်ငွေပိုမိုရရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံ၏ ဒေသတစ်ခုချင်းစီတွင် သဘာဝအရင်းအမြစ်၊ ရာသီဥတု၊ မြေဆီလွှာနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိုယ်ပိုင်အားသာချက်များရှိသည်။ ထို့ကြောင့်လည်း ပြည်တွင်းစားရေရိက္ခာဖူလုံရုံသာမက နိုင်ငံ၏စိုက်ပျိုးရေး အလားအလာကိုအသုံးချပြီး ဒေသတွင်းနှင့် ကမ္ဘာ့စားရေရိက္ခာဈေးကွက်တွင် အရေးပါသည့်ထုတ်လုပ်သူနှင့် တင်ပို့သူနိုင်ငံအဖြစ် တစ်နည်းအားဖြင့် "ကမ္ဘာ့စပါးကျီ" နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ဖော်ဆောင်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏ စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးကဏ္ဍဖြစ်သည်။ ထို့ပြင် လယ်ယာကဏ္ဍမှ စားနပ်ရိက္ခာများကို ထုတ်လုပ်ပေးသည်သာမက စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့်ကုန်ကြမ်းများကိုလည်း ပံ့ပိုးပေးနိုင်သည်။

လက်ရှိတွင်လည်း "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်က နေပြည်တော်တွင်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က **"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" ဟူသည့် ရည်မှန်းချက်သည် လယ်ယာကဏ္ဍတစ်ခုတည်းကို ဖွံ့ဖြိုးတိုးတက်စေရန်ပြောကြားခြင်းမဟုတ်ဘဲ လယ်ယာထွက်ကုန်မှ ကုန်ကြမ်း၊ ကုန်ကြမ်းမှ တန်ဖိုးမြှင့်ထုတ်ကုန်၊ တန်ဖိုးမြှင့်ထုတ်ကုန်မှစက်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ဈေးကွက်ထိ တန်ဖိုးကွင်းဆက်တစ်လျှောက်ချိတ်ဆက်ပြီး နိုင်ငံ့ထုတ်ကုန် တိုးတက်လာစေရေးကိုရည်မှန်းသည့် မူဝါဒဦးတည်ချက်တစ်ရပ်လည်းဖြစ်ကြောင်း"** စသည်ဖြင့် အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသည် ထုတ်လုပ်မှုမှစတင်ခြင်းဖြစ်သည်။ လယ်ယာ၊ မွေးမြူရေး၊ သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားများကိုအခြေခံ၍ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ပြီး ထုတ်လုပ်လိုက်သည့် ကုန်ကြမ်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်း၊ တင်ပို့ခြင်းမျိုးမဟုတ်ဘဲ ပြုပြင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကိုဆောင်ရွက်ကာ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ခြင်းများ ဆောင်ရွက်မည်ဆိုပါက အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်သူများ၏ ဝင်ငွေတိုးလာမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းညွှန်ဆောင်ရွက်နေမှုကို တောင်သူလယ်သမားများ၊ ပုဂ္ဂလိကကဏ္ဍ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ နည်းပညာရှင်များနှင့် သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့ထုတ်ကုန်သည် ယခုထက်ပို၍ တိုးတက်လာမည်ပင်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၀၂၅၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၂၅၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၅၃၅၈ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၀၂၅၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ စပါးဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အသိပညာပေးခြင်းများကို ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်တွင် ငါးတန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**လပွတ္တာ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ရှိ ငါးဈေးကွက်တွင် ငါးတန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိ ငါးတန်များ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးတန်များဈေးကွက်အတွင်း နေ့စဉ် ပိဿာချိန် ၃၅၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ငါးဈေးကွက်ထဲမှာ လတ်တလောအနေနဲ့တော့ ငါးတန်တွေက ဝယ်လိုအားကောင်းနေပါတယ်။ ဈေးနှုန်းအနေနဲ့က ဝယ်ယူတဲ့ ပိဿာချိန်နဲ့လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

အဆိုပါငါးတန်များ အရောင်းအဝယ် ကောင်းမွန်နေမှုကြောင့် ငါးမွေးမြူသူများ၊ ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ကျော်ကျော်လင်း

# သာစည်မြို့နယ် ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချမ်းသာကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၄ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၂၆ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို ငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# တံတားဦးမြို့နယ် မြင်းသည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြင်းသည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၁၈ ဒသမ ၇၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၁၇ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၁၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၆ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၃ လမ်း၊ ၈၀x၈၁ လမ်းကြားနေ ဒေါ်တင်မြင့်(ရွှေလဝင်း)မိသားစုက ဖခင် ဦးမောင်လေးနှင့် မိခင် ဒေါ်ခင်စိန်အားရည်စူး၍ ဆေးပဒေသာပင်အတွက်ငွေကျပ် သိန်း၁၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဥက္ကဋ္ဌ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမြတ်ကျော်တို့က လက်ခံရယူစဉ်။

# ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၂၁၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ပုလဲ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၂၁၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပုလဲမြို့နယ်တွင် ကြက်သွန်နီ ဧက ၂၁၀၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ ကြက်သွန်နီ ဧက ၂၁၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ကြက်သွန်နီစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့ အသိပညာပေးသွားပါမယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက် တောင်သူများကို ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်းနှင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ လူငယ်တွေစာဖတ်ကြပါ ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်း ကျင်းပ

**ပျော်ဘွယ် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူ အသင်းဝင်များ၊ စာပေဝါသနာရှင် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ လူငယ်များ အသိပညာဗဟုသုတ တိုးတက်လာစေရန်၊ တွေးခေါ်မြော်မြင်မှု မြင့်မားလာစေရန်၊ စာပေဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ လူငယ်တွေစာဖတ်ကြပါ ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီမိနစ် ၃၀ က မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စာအုပ်စာစောင်ချစ်မြတ်နိုးသူ အသင်းဝင်ဦးအောင်နိုင်ထွေးက ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ စာပေကိုအမြဲမပြတ် ဖတ်ရှုသွားရန်လိုကြောင်း၊ စာဖတ်ခြင်းဖြင့် အောင်မြင်တိုးတက်မှုများကို မြင်တွေ့ရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက စာဖတ်ဝိုင်း ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စာအုပ်စာစောင်ချစ်မြတ်နိုးသူ အသင်းဝင်များ၊ စာပေဝါသနာရှင် ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ယခုနှစ် စက်တင်ဘာ ၁၅ ရက်ထုတ် ဒို့ကျေးရွာဂျာနယ်၊ အတွဲ-၂၃၊ အမှတ်-၁၈ တွင် ဖော်ပြခဲ့သော စာရေးဆရာ ဒေါက်တာသန်းထွန်း၏ လူငယ်တွေ စာဖတ်ကြပါ ဆောင်းပါးကိုဖတ်ရှုကာ မိမိတို့၏ အတွေးအမြင်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ကြံခင်းမြို့နယ်တွင် နှံကားဆန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ကြံခင်း စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် နှံကားဆန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ကြံခင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ တစ်ရက်လျှင် နှံကားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀ မှ ၉၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ နှံကားဆန်များ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"အခု ဒေသဈေးကွက်မှာ အခြားဆန်တွေထက် နှံကားဆန်က ဝယ်လိုအားကောင်းလာပါတယ်။ စက်တင်ဘာလ ဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်က နှံကားဆန်တွေ အဝယ်လိုက်နေလို့ အရောင်းအဝယ် ကောင်းလာတာပါ။ နှံကားဆန်က ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ နှံကားဆန်တွေ အရောင်းအဝယ်ကောင်းလာတော့ ဆန်၊ စပါး သိုလှောင်ထားတဲ့သူတွေ အဆင်ပြေလာပါတယ်"ဟု ကြံခင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ကြံခင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် နှံကားဆန်၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ နှံကားဆန်များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သမိုင်းမှတ်တမ်း ကမ္ပည်းစာများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းနောက်ကြောင်းကို ခြေရာခံကောက်ယူရာတွင် ကျောက်စာများအပါအဝင် ကမ္ပည်းစာများကို အထောက်အထားရယူနိုင်ခဲ့ကြသည်။ ထိုကမ္ပည်းစာများကို ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်တွေ့ရှိချက်များနှင့် ပေါင်းစပ်ကာ သမိုင်းပုံကို ဖော်နိုင်ခဲ့ခြင်းများလည်းရှိခဲ့သည်။

သမိုင်းအထောက်အထား မှတ်တမ်းကမ္ပည်းစာများတွင် ကျောက်စာများကဲ့သို့ပင် စဉ့်ကွင်းစာ၊ နံရံဆေးရေးမင်စာ၊ ရွှေပေလွှာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ ပေစာ၊ ပုရပိုဒ်စာ စသည်တို့သည်လည်း အားကိုးအားထားပြုနိုင်သည့် အထောက်အထားများဖြစ်ကြသည်။

မြန်မာနိုင်ငံတွင်တွေ့ရှိခဲ့သည့် ကမ္ပည်းစာများတွင် ဘာသာစကားမျိုးစုံကိုတွေ့ရှိရကာ အများစုသည် မြန်မာဘာသာစကားများဖြစ်သော်လည်း တိုင်းရင်းသားဘာသာစကားများဖြစ်သည့် မွန်နှင့် ပျူစာများကိုလည်းတွေ့ ရှိရသည်။ အက္ခရာစာလုံးမရှိသည့် ပါဠိနှင့် သသ်ကရိုက်ဘာသာ စကားများကို မြန်မာ၊ မွန်၊ ပျူအက္ခရာများဖြင့် ရေးထိုးသည့် စာများလည်းရှိသည်။ တိုင်းခြားဘာသာစကားဖြစ်သည့် ဒေဝနာဂရီကဲ့သို့သော စာများကိုလည်း တွေ့ရှိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ဖော်ပြချက်များအရ အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံသည် ရှေးဟောင်းအမွေအနှစ် ကမ္ပည်းစာများ အကြွယ်ဝဆုံးနိုင်ငံဖြစ်သည်ဟုဆိုသည်။

မှတ်တမ်းကမ္ပည်းစာများသည် ရေးထိုးသည့်ခေတ်ကာလ၏ ပုံရိပ်များထင်ဟပ်နေလေ့ရှိရာ အတိတ်ခေတ် တစ်ခေတ်၏ ကြေးမုံပြင်ဖြစ်သည်ဟုပင် ဆိုကြသည်။

မြန်မာနိုင်ငံတွင်တွေ့ရှိရသည့် ကမ္ပည်းစာများသည် ဘာသာရေးဆိုင်ရာ လှူဒါန်းမှုအကြောင်းအရာက အများဆုံးဖြစ်သော်လည်း ထိုစာများတွင် သမိုင်းရှုထောင့်၊ စာပေရှုထောင့်မှလေ့လာနိုင်သည့်အကြောင်းအချက် များပါရှိနေတတ်သည်။ ထို့ကြောင့် ကမ္ပည်းစာများသည် သုတေသန အထောက်အထားများဖြစ်လာကြသည်။

**မြန်မာနိုင်ငံနှင့် ခေါင်းလောင်းစာ**

မြန်မာလူမျိုးများသည် ခေါင်းလောင်းများသွန်းလုပ်၍ စေတီပုထိုးကျောင်းကန်များတွင် ချိတ်ဆွဲသည့်ဓလေ့ကို လွန်ခဲ့သောနှစ်ပေါင်းများစွာမှစ၍ ယနေ့တိုင်ကျင့်သုံးခဲ့ရာ ပျူခေတ်လက်ရာ ၁၁ လက်မမြင့်သည့် ခေါင်းလောင်းတစ်လုံးကို ပျူမြို့ဟောင်းသရေခေတ္တရာရှိဘုရားမာစေတီအနီး တူးဖော်မှုကုန်းအမှတ်(၈)မှ ၁၉၆၇ ခုနှစ်တွင် ရရှိခဲ့သည်။ ထိုခေါင်းလောင်းတွင် ခေါင်းလောင်းစာများရေးထိုးထားခြင်းမရှိသော်လည်း ပျူတို့၏ အမှတ်လက္ခဏာ တစ်ခုဖြစ်သည့် သီရိဝစ္ဆတံဆိပ်များပါရှိသည်။

ပျူခေတ်နှင့် ပုဂံခေတ်တွင် မှတ်တမ်းကမ္ပည်းစာများ ရေးထိုးထားသည့်ကျောက်စာများကိုတွေ့ရှိရသော်လည်း ပေစာများကိုကား မတွေ့ရှိရချေ။ ပေရွက်၏ သက်တမ်းသည် နှစ် ၁၀၀၀ ဝန်းကျင်သာရှိသဖြင့် ထိုခေတ်တို့တွင် ပေစာများကိုရေးသားခြင်းရှိခဲ့လျှင်ပင် မျက်မှောက်ခေတ်ထိ မကျန်ရှိနိုင်တော့ပေ။ သို့သော် ခေါင်းလောင်းစာမှာမူ ကြေးပေါ်တွင်ရေးထိုးသည့် စာများဖြစ်သဖြင့် နှစ်ကာလရှည်ကြာစွာ တည်တံ့နေမည်ဖြစ်သည်။

မြန်မာရာဇဝင်ကျမ်းများတွင် ကျန်စစ်သားမင်းကြီးသည် ကြေးစင် ၁၀၀၀ သွန်းသော ခေါင်းလောင်းငါးလုံးကို ပုဂံအာနန္ဒာစေတီတွင် တစ်လုံး၊ မင်းအိုချမ်းသာစေတီတွင် တစ်လုံးနှင့် ညောင်ဦးရွှေစည်းခုံစေတီတွင် သုံးလုံး လှူတော်မူကြောင်း ဖော်ပြကြသည်။ ထိုခေါင်းလောင်းများတွင် ခေါင်းလောင်းစာများလည်း ပါကောင်းပါနိုင်မည်ဖြစ်သည်။ သို့သော် ပုဂံခေတ်ခေါင်းလောင်းများကို မတွေ့ရှိရသဖြင့် ထိုခေါင်းလောင်းစာများကိုလည်း ခြေရာမခံနိုင်ခဲ့ချေ။

ခေါင်းလောင်းသည် မြန်မာအဘိဓာန်၏ ဖွင့်ဆိုချက်အရ တူရိယာပစ္စည်းတစ်မျိုးဖြစ်ကာ ကန်စွန်းပွင့် ပုံသဏ္ဌာန်ရှိ၍ ကြေး၊ ငွေဖြင့် သွန်းလုပ်ကြောင်း ဖော်ပြထားသည်။ ထို့အတူ အခေါင်းတွင် အဆန်ကို ခတ်လှုပ်၍ အသံမြည်စေသော ခွက်ပုံသတ္တုကိရိယာဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုသည်။



သရေခေတ္တရာ၊ ဘုရားမာစေတီမှ ရရှိခဲ့သည့် သီရိဝစ္ဆ ကြေးခေါင်းလောင်း

ကြေးခေါင်းလောင်းများပေါ်တွင် ရေးထွင်းထားသည့် စာသားများကို ခေါင်းလောင်းစာဟုပင်ခေါ်ဆိုသည်။ ခေါင်းလောင်းတိုင်းတွင် စာသားများရေးထိုးခြင်းမရှိသော်လည်း မှတ်တမ်းအထောက်အထားတစ်ရပ်ရပ်ကို ရေးသားထားသည့် ခေါင်းလောင်းများကို တွေ့ရှိရသည်။ ထိုခေါင်းလောင်းများကို အများအားဖြင့် ဘုရားစေတီများသို့ လှူဒါန်းချိတ်ဆွဲခဲ့ကြရာမှ ခေတ်ကာလကြာမြင့်ချိန်တွင် သမိုင်းမှတ်တမ်းများအဖြစ် ကောက်ယူနိုင်ခဲ့ကြသည်။

ဘုရားစေတီများသို့ လှူဒါန်းချိတ်ဆွဲသည့် ခေါင်းလောင်းများသည် ယေဘုယျအားဖြင့် နှစ်မျိုးရှိရာ ထောက်တိုင်နှစ်ခုပေါ်တွင် တင်ထားသည့် တန်း၌ ချိတ်ဆွဲထားသည့် ခေါင်းလောင်းကြီးများနှင့် ဘုရားထီးတော်တွင် ချိတ်ဆွဲသည့် ခေါင်းလောင်းငယ်များဖြစ်သည်။ ထိုခေါင်းလောင်းငယ်များကို ဆည်းလည်းဟု ခေါ်ဆိုသည်။

ဆည်းလည်းများသည် တီးခတ်ရန်မလိုဘဲ လေတိုက်ခတ်ချိန်တွင် ခေါင်းလောင်းဆန်က ခေါင်းလောင်းကို ရိုက်ခတ်ကာ သာယာသောအသံများ ထွက်ပေါ်လာမြဲဖြစ်သည်။ ရင်ပြင် သို့မဟုတ် တန်ဆောင်းစသည့်နေရာတစ်ခုခုတွင် ချိတ်ဆွဲထားသည့် ခေါင်းလောင်းကြီးများအနီးတွင် ခေါင်းလောင်းကို ထိုးနှက်ရန် သစ်သားချောင်းတစ်ခုခုကို ထားလေ့ရှိသည်။ ၎င်းထိုးတံဖြင့် ခေါင်းလောင်းကို ထိုးနှက်မှသာ ခေါင်းလောင်းသံ မြည်ဟိန်းလာသည်။

ခေါင်းလောင်းကြီးများတွင် ဖြစ်စေ၊ ခေါင်းလောင်းငယ်များတွင်ဖြစ်စေ တချို့ခေါင်းလောင်းများပေါ်တွင် အလှူရှင်အမည်များကို တွေ့ရှိရသည်။

**ကမ္ပည်းစာရေးထိုးထားသည့် ရှေးဟောင်းခေါင်းလောင်းများ**

မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သည့် ကမ္ပည်းစာရေးထိုးထားသော ခေါင်းလောင်းများအနက် ရခိုင်ပြည်နယ်၊ ဝေသာလီမြို့ဟောင်းအနီးရှိ ပြိုင်းတောင်းရွာမှ ရရှိခဲ့သည့်ခေါင်းလောင်းသည် အစောဆုံးဖြစ်သည်။ ထိုခေါင်းလောင်းကို ၁၉၁၈ ခုနှစ်တွင် ဂုဏ်ထူးဆောင် ကျောက်စာဝန် ဦးစံရွှေဘုက တွေ့ရှိမှတ်တမ်းတင်ခဲ့ရာ ခေါင်းလောင်းအရွယ်အစားသည် ၁၁ ဒသမ ၈ စင်တီမီတာမြင့်သည်။ ခေါင်းလောင်းအထုသည် တစ်စင်တီမီတာဖြစ်၍ ခေါင်းလောင်း၏အောက်ခြေအချင်းသည် ၁၀ ဒသမ ၅ စင်တီမီတာရှိ၍ အလေးချိန်မှာ တစ်ပေါင်ခန့်သာ ရှိသည်။

ခေါင်းလောင်း၏ ထူးခြားချက်မှာ ခေါင်းလောင်းပတ်လည်၌ ကမ္ပည်းစာနှစ်ကြောင်း ရေးထိုးထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်တွေ့ရှိသည့် ခေါင်းလောင်းများအနက် ထိုခေါင်းလောင်းသည် ကမ္ပည်းစာများရေးထိုးထားသည့် ပထမဆုံးခေါင်းလောင်းဖြစ်သည်။ ထိုစာနှစ်ကြောင်းကို အိန္ဒိယနိုင်ငံ၊ ကမ္ပည်းကျောက်စာဌာနမှ ကျောက်စာဝန် ပညာရှင်ခရစ်ချ်နားရှပ်စ်ထရီ (H. Krishna Sastri ၁၈၇၀–၁၉၂၈)က အေဒီ ၇၀၀ တွင် ရေးထိုးခဲ့ကြောင်းနှင့် သသ်ကရိုက်ဘာသာစကားများရောနှောနေကြောင်း မှတ်ချက်ပြုခဲ့သည်ဟု ရှေးဟောင်းသုတေသနပညာရှင် ဆရာကြီး ဦးစိန်မောင်ဦးက ရေးသားခဲ့သည်။

ပညာရှင်တချို့ကမူ အက္ခရာစာလုံးများ၏ ပုံသဏ္ဌာန်အရ နီတိစန္ဒြမင်းဆက် အစောပိုင်း သို့မဟုတ် နီတိစန္ဒြမင်းဆက်မတိုင်မီ အေဒီ ၅၂၀ တွင် ရေးထိုးခဲ့ဟန်ရှိသည်ဟုလည်း မှတ်ချက်ပေးခဲ့ကြသည်။ ခေါင်းလောင်းစာ၏ အဓိပ္ပာယ်ကို ဆရာဦးစိန်မောင်ဦးက အဓိပ္ပာယ်ပြန်ဆိုခဲ့ရာ "ဤအရာဝတ္ထုသည် ဘုန်းတော်ကြီး.......၏ ရိုသေ လေးမြတ်စွာပြုပါသော အလှူဒါနဖြစ်ပါ၏။ ဤသို့ပြုရသောကောင်းမှုကြောင့် ဆရာသမားများနှင့်တကွ သတ္တဝါအားလုံးတို့သည် အကျွန်ုပ်၏မိဘများနှင့်တကွ နိဗ္ဗာန်ချမ်းသာကို ရကြပါစေ သတည်း"ဟူ၍ ဖြစ်သည်။

ထိုခေါင်းလောင်းကိုတွေ့ရှိပြီး နှစ် ၅၀ နီးပါးအကြာ ၁၉၆၆ ခုနှစ်တွင် ကမ္ပည်းစာတန်းပါရှိသည့် ခေါင်းလောင်းတစ်လုံးကို ရခိုင်ပြည်နယ်၊ ဝေသာလီမြို့ဟောင်းမှပင် ထပ်မံတွေ့ရှိခဲ့သည်။ ခေါင်းလောင်းကိုတွေ့ရှိခဲ့ သည့်နေရာသည် ဝေသာလီမြို့ဟောင်း၏ အနောက်တောင်ဘက် အပြင်မြို့ရိုးအနီးရှိ ဓာတ်တော်စေတီဖြစ်သည်။

ဒုတိယမြောက်တွေ့ရှိသည့် ကမ္ပည်းစာတမ်းပါခေါင်းလောင်းတွင် ရေးထိုးထားသည့် စာသားများကို အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနက အေဒီ ခြောက်ရာစု အက္ခရာအရေးအသား၊ သသ်ကရိုက်ဘာသာဟု ခန့်မှန်းခဲ့သည်။

စာသားများ၏ အဓိပ္ပာယ်သည် မိဘဆွေမျိုးများအတွက် ကုသိုလ်ရရှိစေရန်ရည်စူးလျက် ဤခေါင်းလောင်းကို လှူဒါန်းပါသည်ဟုဖြစ်၍ အလှူရှင်ဟုယူဆရသူ၏အမည်သည် ကမ်အယနဟု ခေါင်းလောင်းစာတွင်ပါရှိသည်ဟု သိရှိရပေသည်။

**မြန်မာစာသားများပါရှိသည့် ခေါင်းလောင်းများ**

မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရှိရသည့် ကမ္ပည်းစာသားများပါရှိသော ခေါင်းလောင်းများသည် မြန်မာဘာသာစကားဖြင့် ရေးထိုးထားသည့် ခေါင်းလောင်းများ မဟုတ်ကြချေ။ မြန်မာဘာသာစကားဖြင့်ရေးထိုးထားသည့် စာသားများပါရှိသည့် ခေါင်းလောင်းများအနက် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခိုက်ကျေးရွာမှ ရရှိခဲ့သည့် ခေါင်းလောင်းသည် အစောဆုံးဖြစ်သည်။ ထိုခေါင်းလောင်းစာကို မြန်မာသက္ကရာဇ် ၈၀၀ ပြည့်တွင် ရေးထိုးခဲ့သည်။

မြန်မာဘာသာ ခေါင်းလောင်းစာပါရှိသည့် ဒုတိယအစောဆုံးခေါင်းလောင်းသည် မွန်ပြည်နယ် မော်လမြိုင်မြို့ မြသိန်းတန်စေတီတွင်ရှိသည့် ခေါင်းလောင်းဖြစ်ကြောင်း ဆရာဦးစိန်မောင်ဦးကပင် ဖော်ထုတ်ရေးသားခဲ့သည်။ ထိုခေါင်းလောင်းစာကို သက္ကရာဇ် ၈၉၉ ခုတွင် ရေးထိုးခဲ့သည်။

တတိယအစောဆုံးခေါင်းလောင်းသည် ပုဂံ၊ ရွှေစည်းခုံစေတီသို့ ဘုရင့်နောင်မင်းတရားလှူခဲ့သည့် ခေါင်းလောင်းဖြစ်ကာ ရွှေစည်းခုံစေတီအရှေ့ဘက်စောင်းတန်းထိပ်၌ အုတ်တိုက်အတွင်းတွင် ယနေ့တိုင် ချိတ်ဆွဲထိန်းသိမ်းထားသည်။ ဘုရင့်နောင်မင်းတရားခေါင်းလောင်းတွင် ရေးထိုးထားသည့် မှတ်တမ်းစာများကို မြန်မာ၊ မွန်၊ ပါဠိဘာသာများဖြင့် ရေးထိုးထားသည်။ ထိုစာများသည် ခိုင်မာသော ခေတ်ပြိုင်မှတ်တမ်းဖြစ်ခြင်း၊ ဘုရင့်နောင်မင်းတရားနှင့် မိဖုရားအမည်ကို တိကျစွာဖော်ပြထားခြင်း၊ မြန်မာရာဇဝင်ကျမ်းများတွင်ဖော်ပြသည့် သမိုင်းအချက် အလက်များကို ပြည့်စုံမှန်ကန်တိကျစေရန် ဖြည့်စွက်ပေးနိုင်ခြင်းတို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ၊ ယူနက်စကိုအဖွဲ့က ဘုရင့်နောင်မင်းခေါင်းလောင်းတွင် ရေးထိုးထားသည့် ခေါင်းလောင်းစာများကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of The World) အဖြစ် ၂၀၁၇ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။

ထို့ကြောင့် ခေါင်းလောင်းစာများအပါအဝင် ကမ္ပည်းမှတ်တမ်းစာများသည် သမိုင်းပုံရိပ် အစွန်းအစများကို ဖော်ညွှန်းနေသည့် ခိုင်မာသော အထောက်အထားများဖြစ်လာကြရပေသည်။

**ကိုးကား**

- **မုံရွေးမဟာရာဇဝင်ကျော်(အရိယာဝံသ အာဒိစ္စရံသီ)**
- **လက်ရွေးစင် ရှေးဟောင်းခေါင်းလောင်း စာများ(ဦးစိန်မောင်ဦး)**

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၀၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၀၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၉၀၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေကို အများဆုံးစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာပေးသွားပါမယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည်တို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဝေါမြို့နယ် ဘိုကတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ပေး

**ဝေါ စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုကတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်များ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဘိုကတော်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၀ ကို ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိထံမှ သိရသည်။

**ကိုညို**

## ရင်မှာရှာတဲ့မိုးပါ ခင်

\- တောင်ကညို ပြိုမှမိုးရယ်လို့
ဆိုရိုးလဲ ရှိတယ်ခင်။

\- သဘာဝပေမို့
ကာလတာ မရှည်ဘဲ
ရာသီလွန် အခါညောင်းလေတော့
ဆောင်းနဲ့နွေ ချိန်မှန်ရောက်
မိုးပျောက်မည်ပင်။

\- သို့ကတဲ
ညို့ဆဲပါ ရင်အလွှာ၌
အကြင်နာ သဒ္ဒါတိုးပါလို့
အစဉ်သာ ရွာတဲ့မိုးဟာဖြင့်
ချစ်ခိုးဝေ တိမ်ညိုအန္တဲ့တွေနဲ့
ပြိုခဲ့တယ် ရာသီတိုင်းပေမို့
အပြစ်ဆိုငြိုးဖွဲ့ မသိုင်းလျှင်ဖြင့်
အချစ်ကို မိုးနဲ့နှိုင်းချင်ရဲ့
ရိုင်းပါဘု သက်မှူးခင်...
ကြည်စင်လှဲ့ အချစ်မိုး။

\- ဩော်...အချစ်မဆုံးလေတဲ့
အချစ်ဆုံး 'စံပယ်ခိုင်' ရဲ့
မိုးဖြိုင်လျှင် ခင် ကြည်နူး
မိုးဦးတော့ ခင် ဝမ်းသာ
မိုးရွာလျှင် ခင် ကျေနပ်မယ်လို့
စွဲမှတ်သည်လိုမြင်တော့
ထာဝစဉ် ခင့်ထံအရောက်လာလည်း
ပေါက္ခရာဝဿမိုးလိုပေ့ါ
ကြောက်စရာ ဘဝမညှိုးရပါဘူး
ချစ်ကြိုးရယ် ခိုင်ခိုင်ချည်ပ့ါ
မပိုင်မီ ကြွေတဲ့မိုးရယ်လို့
မဆိုင်မီ ဝေတဲ့မိုးရယ်လို့
အဆိုးမြင် တမင်မငြိုးလိုက်ပါနဲ့(ခင်ရယ်)
ရင်ထဲက မိုး။ ။

**မြင်းမူမောင်နိုင်မိုး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းကာ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ခံစားနေရသူ ဦးရေ ၁၅၁၀၀၀ ရှိလာ



**ဂျကာတာ စက်တင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေပြီး မီးဘေးသင့် ပြည်နယ်များ၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူ ဦးရေ ၁၅၁၀၀၀ ကျော် ရှိလာကြောင်း ယနေ့ သတင်းများအရ သိရသည်။

ယခုနှစ်အတွင်း တောမီးများကြောင့် မီးလောင်ပျက်စီးသည့် သစ်တောနှင့် မြေယာဧရိယာမှာ ဇန်နဝါရီလမှ ဇူလိုင်လထိ ၂၀၂၀၀၄ ဟက်တာခန့်ရှိပြီး ဩဂုတ်လမှ လက်ရှိအချိန်ထိ ဟက်တာ ၈၀၀၀၀၀ ကျော်ရှိကြောင်း အင်ဒိုနီးရှား သစ်တောရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

မီးဘေးသင့်ဒေသများရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု အလွယ်တကူရရှိစေရန် အစိုးရက ကျန်းမာရေးဝန်ထမ်း ၁၈၉၈ ဦး စေလွှတ်ထားကြောင်း၊ ထို့ပြင် ဆေးကုသမှုပေးခြင်းနှင့် လေထုအရည်အသွေးစစ်ဆေးခြင်းများဆောင်ရွက်နိုင်ရန် ရပ်ရွာကျန်းမာရေး စောင့်ရှောက်မှုစင်တာ ၁၆၉၁ ခု၊ လွှဲပြောင်းကုသပေးနိုင်သည့် ဆေးရုံပေါင်း ၃၆၀ နှင့် အစိုးရပိုင်ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်း ၈၇ ခုကို အသင့်အနေအထားဖြင့် ထားရှိထားကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဝီဒီယာဝါတီက ပြောကြားခဲ့သည်။

အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် လေထုညစ်ညမ်းမှု ဆိုးရွားလာနိုင်သဖြင့် ပြည်သူများအနေဖြင့် အပြင်ထွက်သွားလာမှုကို လျှော့ချရန်၊ နှာခေါင်းစည်းများ တပ်ဆင်ရန်၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများသည် လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်မှုကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုရန်လိုအပ်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

Ref : Sputnik News

Trs : KZ

# ဗီယက်နမ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်နိုင်

**ဟန္နိုင်း စက်တင်ဘာ ၂၂**

ဗီယက်နမ်နိုင်ငံ တောင်ဘက်ပိုင်းစီရင်စုများတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး မိုးရေချိန်မြင့်မားသည့်အတွက် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း အမျိုးသားရေနှင့် မိုးလေဝသခန့်မှန်းရေးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရေချိန်မှာ မီလီမီတာ ၁၅၀ မှ ၂၅၀ ကြားထိ မြင့်တက်နေခြင်းဖြစ်ပြီး မိုးရေချိန်ဆက်လက်မြင့်တက်လာပါက ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ရနိုင်သည့်စီရင်စုများမှာ ဂျာလိုင်စီရင်စု၊ ဒတ်လတ်စီရင်စု၊ ခန်းဟွာစီရင်စုနှင့် လမ်ဒေါင်စီရင်စုတို့ဖြစ်ကြောင်း၊ ခန့်မှန်းတိုင်းတာချက်များအရ မိုးရေချိန်သည် လာမည့်ရက်ပိုင်းအတွင်း မီလီမီတာ ၄၀၀ ထိ မြင့်တက်သွားနိုင်ကြောင်း အမျိုးသား ရေနှင့် မိုးလေဝသခန့်မှန်းရေးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"ဗီယက်နမ်နိုင်ငံ တောင်ဘက်ပိုင်းဒေသတွေမှာ မိုးသည်းထန်စွာရွာသွန်းနေပြီးတော့ လာမဲ့ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မိုးရေချိန်ဟာ မီလီမီတာ ၁၅၀ ကနေ ၂၅၀ ထိ မြင့်တက်နေပါတယ်။ မိုးရေချိန်အမြင့်ဆုံး မီလီမီတာ ၄၀၀ ထိ မြင့်တက်သွားနိုင်ပါတယ်။ ရေဘေးအန္တရာယ်နဲ့ ဆိုးရွားစွာရင်ဆိုင်ရနိုင်တဲ့ စီရင်စုတွေကတော့ ဂျာလိုင်စီရင်စု၊ ဒတ်လတ်စီရင်စု၊ ခန်းဟွာစီရင်စုနဲ့ လမ်ဒေါင်စီရင်စုတို့ဖြစ်ပါတယ်"ဟု အမျိုးသား ရေနှင့်မိုးလေဝသခန့်မှန်းရေးဌာနမှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ပိုလိုအပူပိုင်းမုန်တိုင်းက မက္ကဆီကိုပင်လယ်ကွေ့တွင် ဟာရီကိန်းမုန်တိုင်းအသွင်ကူးပြောင်းတိုက်ခတ်လျက်ရှိ

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၂**

ပိုလို အပူပိုင်းမုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့အရောက်တွင် အားပိုကောင်းလာခဲ့ပြီးနောက် ဟာရီကိန်းမုန်တိုင်းအသွင် ကူးပြောင်းတိုက်ခတ်လျက်ရှိကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မက္ကဆီကိုပင်လယ်ကွေ့နှင့် နီးကပ်နေသော ဒေသများတွင် ပိုလိုဟာရီကိန်း မုန်တိုင်းကြောင့် ပျက်စီးမှုများရှိကြောင်း၊ မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်ဒေသများမှာ မန်ဇာနီလိုမြို့၊ ဇီဟွာတာနီဂျိုမြို့တို့ဖြစ်ပြီး မုန်တိုင်းအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၈၀ နှုန်းဖြင့်တိုက်ခတ်နေပြီး သစ်ပင်သစ်ကိုင်းများကျိုးကျမှု၊ လဲကျမှုများဖြစ်ပေါ်နေပြီး မန်ဇာနီလိုမြို့နှင့်ဇီဟွာတာနီဂျိုမြို့တို့တွင် ကုန်းနိမ့်ပိုင်းဒေသများ၌ ရေလွှမ်းနေပြီဖြစ်ကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။



"ပိုလို အပူပိုင်းမုန်တိုင်းဟာ ပြီးခဲ့တဲ့ ရက်ပိုင်းကတည်းက မက္ကဆီကိုပင်လယ်ကွေ့ဒေသတွေကိုဦးတည်ပြီးတော့ဝင်ရောက်လာခဲ့ပါတယ်။ မက္ကဆီကိုပင်လယ်ကွေ့ကို ရောက်ရှိချိန်မှာတော့ ပိုလိုမုန်တိုင်းဟာ ဟာရီကိန်းမုန်တိုင်းအသွင်ကို ကူးပြောင်းသွားခဲ့တယ်။ မုန်တိုင်းပြင်းအားများသလို မိုးရေချိန်လဲ မြင့်မားနေတဲ့အတွက် မန်ဇာနီလိုမြို့နဲ့ ဇီဟွာတာနီဂျိုမြို့တို့မှာ ရေဘေးအန္တရာယ်နဲ့ စတင်ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်"ဟု မက္ကဆီကိုနိုင်ငံ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ယိုဆမိုက်အမျိုးသားဥယျာဉ်တွင် လောင်ကျွမ်းနေသော တောမီးကို ထိန်းချုပ်နိုင်ရေးကြိုးပမ်း

**ဝါရှင်တန် စက်တင်ဘာ ၂၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိယိုဆမိုက်အမျိုးသားဥယျာဉ်တွင် လောင်ကျွမ်းနေသည့်တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် လေကြောင်းမီးသတ်အဖွဲ့များက အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ယနေ့ သတင်းများအရ သိရသည်။

တောမီးငြိမ်းသတ်ရေးလုပ်ငန်းများတွင်ရဟတ်ယာဉ်များအသုံးပြု၍ တောမီးထိန်းချုပ်ရေးဆောင်ရွက်နေကြောင်း၊ ထိုကဲ့သို့ မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် တောမီးငြိမ်းသတ်ရေး ရဟတ်ယာဉ်တစ်စင်းသည် စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက အော့စထရန်ဒါရေကန်၏ အရှေ့တောင်ဘက်တောင်ကြော၌ ပျက်ကျခဲ့ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် အမေရိကန်နိုင်ငံ အနောက်ပိုင်းဒေသတို့၌ ဆောင်းရာသီ နှင်းကျဆင်းမှုနည်းပါးခဲ့ခြင်း၊ အပူချိန်မြင့်တက်မှုနှင့် မိုးခေါင်ရေရှားမှုများကြောင့် တောမီးလောင်ကျွမ်းမှုများ ပိုမိုပြင်းထန် လာလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် မီးသတ်အဖွဲ့များက လောင်ကျွမ်းနေသည့် တောမီးများကို ထိန်းချုပ်နိုင်ရေးနှင့်မီးဘေးအန္တရာယ် ထပ်မံမပြန့်ပွားစေရေးအတွက် အင်အားအများအပြားဖြင့် ဆက်လက် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# ပြင်သစ်နိုင်ငံ တောင်ဘက်ပိုင်းတွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိ

**ပဲရစ် စက်တင်ဘာ ၂၂**

ပြင်သစ်နိုင်ငံ တောင်ဘက်ပိုင်းတွင် လောင်ကျွမ်းမှုဖြစ်ပေါ်နေသောတောမီးသည် ပြင်သစ်နိုင်ငံနှင့် စပိန်နိုင်ငံနယ်စပ်တွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး အပူချိန်မြင့်မားမှုကြောင့် တောမီးမှာထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီး အဓိက ကူးစက်လောင်ကျွမ်းနေသည့် ဧရိယာမှာ အဂူလာဒီဖွန်ကို ဘက်တာနယ်မြေနှင့် မက်စ်ပါလီဂရိုင်နယ်မြေတို့ဖြစ်ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၈၀ ထိ အသုံးပြုထားကြောင်း၊ မီးသတ်ယာဉ်အစီးရေ ၅၀ ထိ အသုံးပြုထားကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၃၅ ဟက်တာထိ ပျက်စီးသွားခဲ့ပြီဖြစ်ပြီး လူနေအိမ်များဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီ ပေးနိုင်ရန် စီစဉ်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"တောင်ဘက်ပိုင်း ဒေသတွေမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ ပြင်သစ်နိုင်ငံနဲ့ စပိန်နိုင်ငံနယ်စပ်မှာ ကူးစက်လောင်ကျွမ်းနေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်အယောက် ၁၈၀ နဲ့ မီးသတ်ယာဉ်အစီး ၅၀ တို့ကို အသုံးပြုထားပါတယ်။ လိုအပ်လာရင် လေကြောင်းအကူအညီ ပေးနိုင်ဖို့လဲ စီစဉ်ထားပါတယ်"ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အီဂျစ်နိုင်ငံက အမေရိကန် Intel ကုမ္ပဏီနှင့်ပူးပေါင်း၍ AI နည်းပညာကို ပြည်တွင်း၌ တီထွင်အသုံးပြုရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး




အီဂျစ်နိုင်ငံ စစ်ဘက်ထုတ်လုပ်မှုဝန်ကြီးဌာနသည် အမေရိကန် နည်းပညာကုမ္ပဏီ Intel နှင့်ပူးပေါင်း၍ ပြည်တွင်း၌ ဉာဏ်ရည်တု (AI) နည်းပညာ တီထွင်အသုံးပြုရန်အတွက် နားလည်မှုစာချွန်လွှာရေးထိုးခဲ့ကြောင်း Military AI သတင်းဌာနက စက်တင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုတွင် AI နည်းပညာဆိုင်ရာ သင်တန်းပေးခြင်း၊ နည်းပညာလွှဲပြောင်းပေးခြင်းနှင့် Edge AI စနစ်များကို အီဂျစ်နိုင်ငံအတွင်း ထုတ်လုပ်နိုင်ရေးများကို လေ့လာဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

နားလည်မှုစာချွန်လွှာကို Intel ကုမ္ပဏီနှင့် အီဂျစ်နိုင်ငံ စစ်ဘက်ထုတ်လုပ်မှုဝန်ကြီးဌာနနှင့် ဆက်စပ်သည့် Toya Technology ကုမ္ပဏီတို့ကြား လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

သဘောတူညီချက်အရ Intel ကုမ္ပဏီသည် အီဂျစ်စစ်ဘက်ထုတ်လုပ်မှုဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများအတွင်း AI နည်းပညာစနစ် အသုံးပြုနိုင်ရေးအတွက် နည်းပညာသင်တန်းများ၊ နည်းပညာဆိုင်ရာ လမ်းညွှန်မှုများနှင့် အသိပညာလွှဲပြောင်းပေးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် စစ်ဘက်ထုတ်လုပ်မှုကဏ္ဍတွင် အသုံးပြုနိုင်မည့် Edge AI Hardware များနှင့် အခြားကွန်ပျူတာနည်းပညာများကို အီဂျစ်နိုင်ငံအတွင်း ထုတ်လုပ်နိုင်ရေးအတွက်လည်း ပူးပေါင်းလေ့လာသွားမည်ဖြစ်သည်။

Edge AI ဆိုသည်မှာ အချက်အလက်များကို အဝေးရှိ Data Center သို့ အားလုံးပို့ဆောင်ပြီးမှ စီမံဆောင်ရွက်ခြင်းထက် အချက်အလက်များ ထွက်ပေါ်ရာနေရာနှင့် နီးကပ်သည့် Edge Device များ တွင်ပင် AI ဖြင့် ချက်ချင်းစီမံဆောင်ရွက်နိုင်သည့် နည်းပညာပုံစံဖြစ်သည်။

အီဂျစ်နိုင်ငံနှင့် Intel ကုမ္ပဏီကိုယ်စားလှယ်များသည် ၎င်းနည်းပညာကဏ္ဍများနှင့် ပတ်သက်၍ ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်းကတည်းက ဆွေးနွေးခဲ့ကြပြီး ယခုအခါ ပူးပေါင်းဆောင်ရွက်မှုကို တရားဝင် အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်သည် အီဂျစ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာများကို ပြည်တွင်း၌ တည်ဆောက်အသုံးချနိုင်ရေး၊ ပြည်တွင်းထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်ရေးနှင့် ပြည်ပနည်းပညာများအပေါ် မှီခိုမှုလျှော့ချရေး ရည်မှန်းချက်များနှင့်လည်း ဆက်စပ်နေသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်မှာ AI နည်းပညာများကို လက်တွေ့အသုံးချနိုင်မည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။

Intel သည် အီဂျစ်နိုင်ငံမှ ဝန်ထမ်းများနှင့် နည်းပညာကျွမ်းကျင်သူများအတွက် အထူးပြုသင်တန်းများနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ပြီး Training of Trainers အစီအစဉ်ကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း ကျွမ်းကျင်သူအရေအတွက်ကို တိုးမြှင့်နိုင်သည့်အပြင် ပြည်တွင်း၌ AI နည်းပညာများကို ရေရှည်ထိန်းသိမ်းအသုံးချနိုင်မည့် စွမ်းရည်များလည်း တိုးတက်လာနိုင်မည်ဖြစ်သည်။

အီဂျစ် စစ်ဘက်ထုတ်လုပ်မှုဝန်ကြီးဌာန၏ ပြောကြားချက်အရ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် ဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ နည်းပညာစွမ်းရည်ကို မြှင့်တင်ပေးနိုင်မည့်အပြင် ထုတ်လုပ်မှုစနစ်များ၏ ထိရောက်မှုကိုလည်း တိုးတက်စေနိုင်မည်ဟု မျှော်မှန်းထားသည်။

ထို့ပြင် အီဂျစ်နိုင်ငံသား နည်းပညာကျွမ်းကျင်သူများအနေဖြင့် AI နည်းပညာကို နယ်ပယ်အသီးသီးတွင် လက်တွေ့အသုံးချနိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများ ရရှိလာစေရန်နှင့် ပြည်တွင်း၌ AI နည်းပညာဆိုင်ရာ ထုတ်ကုန်များကို ပံ့ပိုးပေးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်လာစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

အီဂျစ်နှင့် Intel တို့၏ ယခုပူးပေါင်းဆောင်ရွက်မှုသည် AI နည်းပညာကို လက်တွေ့အသုံးချခြင်းထက် AI နည်းပညာ၊ Computing Infrastructure၊ ပြည်တွင်းထုတ်လုပ်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းသည့် ပုံစံဖြစ်ကြောင်း သိရသည်။

**MilitaryAI, Egypt Partners With Intel to Localize AI for Military Pro–duction,17 September 2026 ကို ဘာသာပြန်ဆိုထားပါသည်။**

# လစ်သူရေးနီးယားနိုင်ငံက ပြည်တွင်း၌ ဒရုန်းများထုတ်လုပ်ကာ ယူကရိန်းတပ်ဖွဲ့များထံ ပေးပို့ရန်စီစဉ်နေ

လစ်သူရေးနီးယားနိုင်ငံသည် ယူကရိန်းနိုင်ငံသို့ နှစ်စဉ်စစ်ဘက် ဆိုင်ရာအကူအညီပေးအပ်နေသည့် ဘတ်ဂျက်၏ တစ်စိတ်တစ်ပိုင်းကိုအသုံးပြု၍ ပြည်တွင်း၌ ဒရုန်းများထုတ်လုပ်ကာ ယူကရိန်းတပ်ဖွဲ့များထံပေးပို့ရန် စီစဉ်နေကြောင်း The Drone Front သတင်းဌာန က စက်တင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်တွင် အကူအညီရန်ပုံငွေ၏ အချိုးအစားတစ်ရပ်ကို လစ်သူရေးနီးယားနိုင်ငံအတွင်း ဒရုန်းတပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းများ တည်ဆောက်ရန် တိုက်ရိုက်အသုံးပြုသွားမည်ဖြစ်ပြီး လစ်သူရေးနီးယား၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ယူကရိန်းကာကွယ်ရေးကုမ္ပဏီများ၏ နည်းပညာကျွမ်းကျင်မှုတို့ကိုပေါင်းစပ်ကာ ယူကရိန်းတပ်ဖွဲ့များအတွက်လိုအပ်သည့် ဒရုန်းစနစ်များ ထုတ်လုပ်သွားရန် ရည်ရွယ်ထားသည်။

လစ်သူရေးနီးယားသည် လက်ရှိတွင် နိုင်ငံ၏နှစ်စဉ်ပြည်တွင်းထုတ်ကုန် (GDP) ၏ သုည ဒသမ ၂၅ ရာခိုင်နှုန်းကျော်ကို ယူကရိန်းတပ်မတော်အတွက် အကူအညီအဖြစ် ခွဲဝေပေးနေပြီး တန်ဖိုးအားဖြင့် ယူရို သန်း ၂၃၀ ခန့်ရှိကြောင်း သိရသည်။

လစ်သူရေးနီးယားသမ္မတ Gitanas Nauseda သည် နိုင်ငံတော်ကာကွယ်ရေးကောင်စီ အစည်းအဝေးအပြီးတွင် အဆိုပါအစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ပြီး ဒရုန်းများကို ပြည်ပမှဝယ်ယူပေးပို့ခြင်းထက် လစ်သူရေးနီးယားနိုင်ငံအတွင်း ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းကာကွယ်ရေး စက်မှုလုပ်ငန်းကိုလည်း တိုးတက်စေမည်ဟု ပြောကြားထားသည်။

ထို့ပြင် ထုတ်လုပ်မှုပမာဏ တိုးမြှင့်နိုင်ခြင်း၊ အစုလိုက်ထုတ်လုပ်မှုမှ ရရှိသည့် စီးပွားရေးအကျိုးကျေးဇူးများကို အသုံးချနိုင်ခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ခြင်းတို့ကြောင့် လစ်သူရေးနီးယား၏ ဒရုန်းထုတ်လုပ်ရေးကဏ္ဍ ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း မြှင့်တင်နိုင်မည်ဟု ၎င်းကပြောကြားထားသည်။

လစ်သူရေးနီးယားသည် ယူကရိန်းနှင့် ဒရုန်းထုတ်လုပ်ရေးသာမက အခြားကာကွယ်ရေး စက်မှုလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့လျက်ရှိပါသည်။

ဩဂုတ်လအတွင်း ယူကရိန်းကုမ္ပဏီ DEMZ သည် လစ်သူရေးနီးယားနိုင်ငံ Kaunas မြို့၌ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၃ သန်းခန့် တန်ဖိုးရှိသည့် ခဲယမ်းမီးကျောက်စက်ရုံတစ်ရုံ တည်ဆောက် ရန် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ အဆိုပါစက်ရုံသည် အလုပ်အကိုင် ၄၅၀ ထိ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ထားသည်။




ထို့ပြင် လစ်သူရေနီးယားသည် ပြည်တွင်း၌ ဖွံ့ဖြိုးထုတ်လုပ်မည့် ဒရုန်းတန်ပြန်တိုက်ဖျက်ရေး ကြားဖြတ်ဒရုန်း (Interceptor Drone) နည်းပညာကိုလည်း သုတေသနနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေများ ဆက်လက်ပံ့ပိုးပေးနေကြောင်း သိရသည်။

ယခုကဲ့သို့ ဒရုန်းထုတ်လုပ်ရေး၊ ဒရုန်းတန်ပြန်စနစ်များနှင့် ခဲယမ်းမီးကျောက်ထုတ်လုပ်ရေးတို့ကို တစ်ပြိုင်နက်တည်း တိုးချဲ့ဆောင်ရွက်လာခြင်းသည် လစ်သူရေးနီးယား၏ ကာကွယ်ရေးစက်မှုအခြေခံကို ပြည်တွင်း၌ ပိုမိုခိုင်မာလာစေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် တွေ့မြင်ရသည်။

လစ်သူရေးနီးယား၏ ယူကရိန်းအတွက် ဒရုန်းများ ပြည်တွင်းထုတ်လုပ်မည့် အစီအစဉ်သည် စစ်ဘက်အကူအညီပေးရေးကို တိုက်ရိုက်ပစ္စည်းပေးပို့မှုမှ ပူးပေါင်းထုတ်လုပ်မှုနှင့် ကာကွယ်ရေးစက်မှု စွမ်းရည်တည်ဆောက်မှုဆီသို့ တိုးချဲ့လာသည့် ပုံစံတစ်ရပ်အဖြစ် တွေ့မြင်ရသည်။

**DroneFront, Lithuania Plans to Mobilize Domestic Industry to Build Drones for Ukraine, 18 September 2026 ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဆာပေါ်လိုအိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကိုင်တယ်လင်ကွိဗီဒိုဆွတ်ခူး

**ဆာပေါ်လို စက်တင်ဘာ ၂၂**

ဘရာဇီးနိုင်ငံ ဆာပေါ်လိုမြို့တွင် ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည့် ဆာပေါ်လိုအိုးပင်းအမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် စပိန်တင်းနစ်မယ် ကိုင်တယ်လင်ကွိဗီဒိုက အာဂျင်တီးနား တင်းနစ်မယ် ပေါ်ဒိုရီစကာကို အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း WTA သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် လက်ရည်ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲကစားချိန် ၂ နာရီကျော်ကစားခဲ့ပြီးနောက် ကိုင်တယ်လင်ကွိဗီဒိုက နှစ်ပွဲတစ်ပွဲဖြင့်အနိုင်ရပြီး ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါဗိုလ်လုပွဲစဉ် ပထမပွဲငယ်တွင် ပေါ်ဒိုရီစကာက (၆-၄) ရလဒ်ဖြင့်အနိုင်ရပြီး ပွဲကိုဦးဆောင်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ကိုင်တယ်လင်ကွိဗီဒိုက (၆-၄)ဖြင့် ပြန်လည်အနိုင်ရကာ နောက်ဆုံးအဆုံးအဖြတ် ပွဲစဉ်ဖြစ်သည့် တတိယပွဲငယ်တွင်လည်း ကိုင်တယ်လင်ကွိဗီဒိုက (၆-၂)ရလဒ်ဖြင့် အနိုင်ရပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ ဆာပေါ်လိုအမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင်လည်း ဘရာဇီးတင်းနစ်မယ် စတီဖန်နီနှင့် ကနေဒါတင်းနစ်မယ် ဒါဘရိုစကီးတို့အတွဲက အမေရိကန် တင်းနစ်မယ်များဖြစ်သည့် ရော်ဂျာနှင့် ဇာမာရီတို့အတွဲကို အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်းသိရသည်။

Ref : WTA

Trs : STA



# UFC အဆင့်သတ်မှတ်ချက်တွင် မြန်မာဖိုက်တာဂျိုရှုအာဗန် အဆင့်(၁၀)နေရာမှ အဆင့်(၄) နေရာသို့ရောက်ရှိလာ

**ရန်ကုန် စက်တင်ဘာ ၂၂**

UFC အဖွဲ့ချုပ်၏ နောက်ဆုံးအဆင့်သတ်မှတ်ချက်တွင် မြန်မာဖိုက်တာဂျိုရှုအာဗန်သည် အဆင့်ခြောက်ဆင့်ထိ မြင့်တက်လာခဲ့ကာ အဆင့်(၁၀)နေရာမှ အဆင့်(၄)နေရာသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။



UFC အဖွဲ့ချုပ်က စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည့် UFC 331 ပြိုင်ပွဲအပြီးတွင် အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ ဂျိုရှုအာဗန်က အဆင့်(၄)နေရာတွင် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် UFC331 ပြိုင်ပွဲတွင် UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်းချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ဘရာဇီးဖိုက်တာ ပန်တိုဂျာနှင့် ထိုးသတ်ခဲ့ရာ အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ပြီးနောက်UFC အဆင့်သတ်မှတ်ချက်များ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိ UFC အဆင့်သတ်မှတ်ချက်တွင် ရုရှားဖိုက်တာမာခါချက်ဗ်က အဆင့်(၁)နေရာတွင် ရပ်တည်နေပြီး ၎င်း၏နောက်၌ ရုရှားဖိုက်တာ ပီတာယန်က နှစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၂)၊ ဩစတြေးလျဖိုက်တာ ဗိုကာနော့စကီးက အပြောင်းအလဲမရှိခဲ့ဘဲ အဆင့်(၃)၊ ဂျိုရှုအာဗန်က အဆင့်(၄)၊ အမေရိကန်ဖိုက်တာ ဂျက်စတင်ဂေးဂျီက တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၅)၊ ဂျော်ဂျီယာဖိုက်တာမီရတ်ဘ်က တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၆)၊ ဂျော်ဂျီယာဖိုက်တာ တိုပူရီးယားက တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၇)၊ အမေရိကန်ဖိုက်တာ စထရစ်လန်းက တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၈)၊ အင်္ဂလန်ဖိုက်တာ အက်စ်ပီနောက လေးဆင့်ထိကျဆင်းခဲ့ပြီး အဆင့်(၉)၊ အာမေနီးယားဖိုက်တာ ဆာရှုကန်က အဆင့်(၁၀)နေရာတွင် အသီးသီးရပ်တည်ခဲ့ကြောင်း သိရသည်။

STA

# အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အာဆီယံဒေသတွင်းမှ ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ကွာတားဖိုင်နယ်တက်ရောက်

**တိုကျို စက်တင်ဘာ ၂၂**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပနေသည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ စက်တင်ဘာ၂၁ရက်က အုပ်စုပွဲစဉ်များအပြီးတွင် အာဆီယံဒေသတွင်းမှ ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ASEAN Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အာဆီယံဒေသတွင်းမှ ဗီယက်နမ်အသင်း၊ ဖိလစ်ပိုင်အသင်း၊ ထိုင်းအသင်း၊ မြန်မာအသင်းတို့ ပါဝင်ကစားခဲ့ရာ ထိုင်းအသင်းနှင့် မြန်မာအသင်းတို့သည် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီး အုပ်စုတစ်ခုစီတွင် မြောက်ကိုရီးယားအသင်း၊ တရုတ်အသင်း၊ ဂျပန်အသင်းတို့က အုပ်စုပထမ၊ တောင်ကိုရီးယားအသင်း၊ ဥဇဘက်ကစ္စတန်အသင်း၊ တရုတ်(တိုင်ပေ) အသင်းတို့က အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်အဆင့်တက်ရောက်ခဲ့ပြီး အကောင်းဆုံးအုပ်စု တတိယနှစ်သင်းနေရာတွင် ဖိလစ်ပိုင်အသင်း၊ ဗီယက်နမ်အသင်း၊မြန်မာအသင်းတို့ အားပြိုင်ခဲ့ရာမှ ဖိလစ်ပိုင်အသင်းက ရမှတ်လေးမှတ်ဖြင့် အကောင်းဆုံးအုပ်စုတတိယအသင်း၊ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် တစ်မှတ်စီတူညီနေခဲ့သော်လည်း ဗီယက်နမ်အသင်းက ဂိုးကွာခြား ချက်အသာဖြင့် အကောင်းဆုံးအုပ်စုတတိယရရှိသည့်အသင်းအဖြစ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : ASEAN Football

Trs : STA

# Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီးဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပနေသည့် Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားကွင်းတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီက AYA Panpu အသင်းနှင့် Pyae Sone အသင်းတို့ကစားခဲ့ရာ Pyae Sone အသင်းက ငါးဂိုး ဂိုးမရှိ၊ နံနက် ၉ နာရီ ၄၅ မိနစ်က Mogyo အသင်းနှင့် MDY Youth အသင်းတို့ကစားခဲ့ရာ MDY Youth အသင်းက ခုနစ်ဂိုး လေးဂိုး၊ နံနက် ၁၁ နာရီခွဲက Mali Kyal Sin အသင်းနှင့် SK အသင်းတို့ကစားခဲ့ရာ Mali Kyal Sin အသင်းက ကိုးဂိုး လေးဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က KH အသင်းနှင့် TG United အသင်းတို့ကစားခဲ့ရာ TG United အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ညနေ ၃နာရီက Glory အသင်းနှင့် Black Wolves အသင်းတို့ ကစားခဲ့ရာ Black Wolves အသင်းက ရှစ်ဂိုး လေးဂိုးဖြင့်အနိုင်ရခဲ့သည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားကွင်းတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

STA

# စပိန်လာလီဂါဒိုင်အဖွဲ့ချုပ်က မက်ဒရစ်ဒါဘီပွဲစဉ် ကိုင်တွယ်ခဲ့သည့် ကွင်းလယ်ဒိုင်ကို စပိန်လာလီဂါ နှစ်ပွဲတာဝန်ပေးအပ်မှုမှရပ်ဆိုင်း

**မက်ဒရစ် စက်တင်ဘာ ၂၂**

စပိန်လာလီဂါ ဒိုင်အဖွဲ့ချုပ်က မက်ဒရစ်ဒါဘီ ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၀ ရက်က ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အေတီကို အသင်းတို့ပွဲစဉ်တွင် တာဝန်ယူ ကိုင်တွယ်ခဲ့သည့် ကွင်းလယ်ဒိုင်ကို လာမည့်စပိန်လာလီဂါပွဲစဉ်နှစ်ပွဲ တာဝန်ပေးအပ်မှုမှ ရပ်ဆိုင်းခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အေတီကိုအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ဒိုင်က အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက ပွဲစဉ်အပြီး ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည့် ထုတ်ပြန်ချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အေတီကိုအသင်းမှ ရှိမဲရီးက ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်ကို ပြင်းပြင်းထန်ထန် ဖျက်ထုတ်ပုံကြမ်းခဲ့သော်လည်း ကွင်းလယ်ဒိုင်က VAR စနစ်ဖြင့် စစ်ဆေးပြီး အဝါကတ်သာပြသခဲ့သည်။

အလားတူ အေတီကိုအသင်းမှ လီကန်အင်ကလည်း ရီးရဲလ်မက်ဒရစ်အသင်းမှ ဗယ်ဗာဒီကို ခြေချင်းဝတ်ကျိုးစေနိုင်သည့် ဖျက်ထုတ်မှု လုပ်ဆောင်ခဲ့သော်လည်း ကွင်းလယ်ဒိုင်က အဝါကတ်ပြသခြင်းမရှိသည့်အပြင် VAR စနစ်ဖြင့်လည်း ပြန်လည်စစ်ဆေးမှု မပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်ရပ်များအတွက် စပိန်ဒိုင်လူကြီးများ ကော်မတီက အနီကတ် ပြသသင့်သည်ဟု ထုတ်ပြန်ခဲ့ပြီးနောက် ယခုအခါ စပိန်လာလီဂါ ဒိုင်အဖွဲ့ချုပ်ကလည်း ကွင်းလယ်ဒိုင်ကို လာမည့် စပိန်လာလီဂါပွဲစဉ်နှစ်ပွဲ တာဝန်ပေးအပ်မှုမှ ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : The Athletic

Trs : STA

# U-18 Elite Youth Futsal Cup Mandalay 2026 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီ နှင့် Myanmar Montessori Academy တို့ပူးပေါင်း၍ Private School များပါဝင်သော U-18 Elite Youth Futsal Cup Mandalay 2026 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက မန္တလာသီရိ အားကစားဝင်း အတွင်းရှိ ဘက်စုံသုံးအားကစားရုံ တွင် ကျင်းပခဲ့ကြောင်းသိရသည်။




အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်၊ မန္တလေး တိုင်းဒေသကြီး ဖူဆယ်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဇာနည်ကို၊ MMA Private School တည်ထောင်သူ ဒေါ်မွန်မွန်အောင်၊ ပြိုင်ပွဲဝင်အသင်းများမှ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ၊ ပြိုင်ပွဲဝင်ကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားအစီအစဉ်များအရ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုက ပြိုင်ပွဲကျင်းပခြင်းအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး MMA Private School တည်ထောင်သူ ဒေါ်မွန်မွန်အောင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြောကြားခဲ့ကာ ပြိုင်ပွဲဝင်ကစားသမားများက နိုင်ငံတော်သီချင်း သီဆိုပြီး အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခြင်းများ ပြုလုပ်ပြီးနောက် ပြိုင်ပွဲကို စတင်ကျင်းပခဲ့သည်။

U-18 Elite Youth Futsal Cup Mandalay 2026 ပြိုင်ပွဲကို အသင်း ၁၀ သင်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၂ ရက်ထိ မန္တလာသီရိဘက်စုံသုံးအားကစားရုံနှင့် အား/ ကာသိပ္ပံဖူဆယ်ရုံတို့တွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

STA

# ဂျိတ်ပေါလ်က အန်သိုနီဂျိုရှွာအာကို မကျေပွဲပြန်လည် ထိုးသတ်ရန် စိန်ခေါ်

**ဝါရှင်တန် စက်တင်ဘာ ၂၂**

အမေရိကန် လက်ဝှေ့သမား ဂျိတ်ပေါလ်က အင်္ဂလန်လက်ဝှေ့သမား အန်သိုနီဂျိုရှွာအာကို မကျေပွဲ ပြန်လည်ထိုးသတ်ရန် စိန်ခေါ်မှုများ လုပ်ဆောင်ထားပြီး ဆွေးနွေးမှုများ လုပ်ဆောင်နေသည်ဟု ပွဲစီစဉ်သူ နာကီဆာဘိုင်ဒါယန်က အတည်ပြုခဲ့ကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

ဂျိတ်ပေါလ်နှင့် အန်တိုနီဂျိုရှွာတို့သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က အမေရိကန်နိုင်ငံ အင်တာမီယာမီမြို့၌ ထိုးသတ်ခဲ့ရာ ခြောက်ချီမြောက်တွင် ဂျိတ်ပေါလ်က မေးရိုးကျိုးခဲ့သည့်အတွက် အန်သိုနီဂျိုရှွာအာက အလဲထိုးဖြင့်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိတ်ပေါလ်သည် အဆိုပါပွဲစဉ်တွင်ရရှိခဲ့သည့် မေးရိုးကျိုးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး ဒုတိယအကြိမ်အဖြစ် ပြီးခဲ့သည့် ဖေဖော်ဝါရီလကလည်း ခွဲစိတ်ကုသမှုထပ်မံလုပ်ဆောင်ခဲ့ပြီးနောက် လက်ရှိတွင် ဒဏ်ရာမှပြန်လည်သက်သာလာခဲ့သည့်အတွက် ဒုတိယအကြိမ် မကျေပွဲ ပြန်လည်ထိုးသတ်ရန် စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အန်သိုနီဂျိုရှွာအာသည် တစ်နိုင်ငံတည်းသား တိုင်ဆန်ဖြူရီနှင့် ထိုးသတ်ရန်သဘောတူညီမှုရှိထားသော်လည်း ဂျိတ်ပေါလ်က ဒုတိယအကြိမ်ပြန်လည်ထိုးသတ်လိုသည့်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်နေကာ ပွဲစီစဉ်သူနာကီဆာဘိုင်ဒါယန်က ယခုနှစ်မကုန်မီ ထိုးသတ်ရန် ဦးစားပေးဆွေးနွေးနေပြီး အဆင်မပြေပါက လာမည့် ၂၀၂၇ ခုနှစ် နှစ်စပိုင်းတွင် ထိုးသတ်နိုင်ရန် ဆွေးနွေးနေသည်ဟု အတည်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Source Boxing
Trs : STA



# အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ၌ မြန်မာပိုက်ကျော်ခြင်းအသင်း အမျိုးအစားသုံးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာပိုက်ကျော်ခြင်း အသင်းသည် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ အမျိုးအစား သုံးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာပိုက်ကျော်ခြင်း အသင်းသည် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသား လေးယောက်တွဲပြိုင်ပွဲတို့တွင် ပါဝင်ကစားမည်ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်း အမျိုးသမီးအသင်းသည် နှစ်ယောက်တွဲပြိုင်ပွဲအုပ်စု(A)တွင် မလေးရှားအသင်း၊ ဗီယက်နမ်အသင်း၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အလားတူ မြန်မာပိုက်ကျော်ခြင်းအမျိုးသားအသင်းသည် သုံးယောက်တွဲပြိုင်ပွဲ အုပ်စု(B)တွင် မလေးရှားအသင်း၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ဆက်လက်ပြီး အမျိုးသားလေးယောက်တွဲပြိုင်ပွဲ၌ မြန်မာပိုက်ကျော်ခြင်း အမျိုးသားအသင်းသည်အုပ်စု(A)တွင် အိန္ဒိယအသင်း၊ လာအိုအသင်း၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အာရှ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲ အမျိုးအစား ခြောက်မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အိမ်ရှင် ဂျပန်အသင်းအပါအဝင် ပြိုင်ပွဲဝင်အသင်း ၁၁ သင်း ပါဝင်ကစားမည်ဖြစ်ကြောင်းသိရသည်။

STA

# အရှေ့အလယ်ပိုင်းအရေးကြောင့် 2026DP World Tour Play-off ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုင်ငံပြောင်းလဲကျင်းပရန်စီစဉ်

**ဒူဘိုင်း စက်တင်ဘာ ၂၂**

European Tour အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် 2026DP World Tour Play-off ဂေါက်သီးရိုက်ပြိုင်ပွဲကို ယူအေအီးနိုင်ငံဒူဘိုင်းမြို့တွင် ကျင်းပရန်စီစဉ်ထားသော်လည်း လက်ရှိအရှေ့အလယ်ပိုင်းအရေးကြောင့်ပြိုင်ပွဲကို နိုင်ငံပြောင်းလဲကျင်းပရန် စီစဉ်နေကြောင်း DP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက အဆိုပါပြိုင်ပွဲကို လာမည့်နိုဝင်ဘာ ၁၂ ရက်မှ ၁၅ ရက်ထိ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့ရှိ Jumeirah Golf Estates တွင် ကျင်းပရန် စီစဉ်ထားသော်လည်း လက်ရှိ အရှေ့အလယ်ပိုင်းဒေသတွင်တည်ငြိမ်မှုမရှိဘဲ လုံခြုံရေးအရစိတ်ချရခြင်း မရှိသည့်အတွက် နိုင်ငံပြောင်းလဲကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။

လက်ရှိတွင် ပြိုင်ပွဲကိုယူအေအီးနိုင်ငံအစား စပိန်နှင့် ပေါ်တူဂီနိုင်ငံ၌ ကျင်းပရန် ဆွေးနွေးနေပြီး ဦးစားပေးအဖြစ် စပိန်နိုင်ငံတွင် ကျင်းပရန် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

2026DP World Tour Play-off ဂေါက်သီးရိုက်ပြိုင်ပွဲသည် Rolex Series အဆင့်ရှိ ထိပ်တန်းပြိုင်ပွဲ တစ်ရပ်ဖြစ်ပြီး ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၉ သန်းထိ ချီးမြှင့်မည် ဖြစ်သည့်အတွက် ပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်တန်း ဂေါက်သီးရိုက် ကစားသမားအများစု ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : DP Tour
Trs : STA

# မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကိုယ်စီအနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်စီးတီး အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ကိုယ်စီအနိုင်ရခဲ့ ကြောင်း သိရသည်။



မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရန်ကုန်စီးတီးအသင်း အတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို လေးမိနစ်တွင် မင်းဘုန်းခန့်က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်း အားကစားကွင်းတွင် ရှမ်းယူနိုက်တက် အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၈ မိနစ်တွင် မျိုးမင်းခန့်နှင့် ပွဲချိန် ၆၆ မိနစ်တွင် ဝေလွန်းရှိန်းတို့က သွင်းယူခဲ့သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၃ ရက်တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီ အသင်း၊ ISPE အသင်းနှင့် ဂလက်ဆီအက်ဖ်စီ အသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်းသိရသည်။

STA

# နံနက်အိပ်ရာထချိန် ကိုယ်လက်တောင့်တင်းခြင်း

မန္တလာဆရာမျိုး

"မနက်အိပ်ရာထလိုက်တာနဲ့ ခါးကိုချက်ချင်းဆန့်လို့မရဘူး။ ဒူးတွေတောင့်နေတယ်။ လက်ချောင်းတွေက ကွေးလိုက်ဆန့်လိုက်လုပ်ဖို့တောင် ခဏလောက်အချိန်ယူရတယ်။ ခြေချင်းဝတ်နဲ့ ပခုံးတွေကလဲ တင်းတင်းကြီးဖြစ်နေတယ်။ အိပ်ရာထပြီး ခဏလောက် လမ်းလျှောက်၊ ကိုယ်လက်လှုပ်ရှားပြီးမှ တဖြည်းဖြည်းပေ့ါပါးလာတယ်" စသည်ဖြင့် အသက်နည်းနည်းကြီးလာသူ တော်တော်များများတွင် ဒီလိုအတွေ့အကြုံရှိတတ်ကြသည်။ တချို့ကတော့ အသက်ကြီးလာလို့ပါ။ မနေ့က လှုပ်ရှားတာများသွားလို့ပါ။ အိပ်တာပုံမမှန်လို့ဖြစ်တာပါဟုတွေးပြီး လျစ်လျူရှုလိုက်တတ်ကြသည်။

တကယ်တော့ မနက်အိပ်ရာထချိန် ကိုယ်လက်တောင့်တင်းခြင်း Morning Stiffness သည် အမြဲတမ်းရောဂါလက္ခဏာတစ်ခုမဟုတ်ပါ။ ညဘက် နာရီပေါင်းများစွာ အိပ်နေစဉ် အဆစ်နှင့်ကြွက်သားများလှုပ်ရှားမှုနည်းနေသည့်အတွက် နံနက်ပိုင်း ခဏတာတောင့်တင်းသကဲ့သို့ ခံစားရနိုင်သည်။ အသက်ကြီးလာသည်နှင့်အမျှ အဆစ်နှင့် ကြွက်သားများ၏ ပျော့ပျောင်းလှုပ်ရှားနိုင်စွမ်းလည်း ပြောင်းလဲလာနိုင်သဖြင့် ပိုမိုသိသာလာတတ်သည်။

သို့သော် လူတိုင်း၏ "မနက်တောင့်တင်းခြင်း" က တစ်မျိုးတည်းမဟုတ်ပါ။ အချို့တွင် ငါးမိနစ်၊ ၁၀ မိနစ်ခန့် လှုပ်ရှားလိုက်သည်နှင့် ပျောက်သွားသည်။ အချို့တွင် နာရီဝက်ခန့်ကြာသည်။ အချို့တွင် တစ်နာရီကျော်ထိ လက်ချောင်းများမကွေးနိုင်၊ ဒူးများတောင့်နေပြီး အဆစ်များ နာကျင်ဖောရောင်နေတတ်သည်။ သည်ကွာခြားချက်က အရေးကြီးသည်။

နံနက်အိပ်ရာထပြီး မိနစ်အနည်းငယ်အတွင်း လှုပ်ရှားလိုက်သည်နှင့် တောင့်တင်းမှုသက်သာသွားပြီး အခြားလက္ခဏာမရှိဘူးဆိုလျှင် အများအားဖြင့် စိုးရိမ်စရာမဟုတ်နိုင်ပေ။ သို့သော် နံနက်တိုင်း အချိန်ကြာကြာ တောင့်တင်းနေခြင်း၊ အဆစ်ဖောခြင်း၊ နာခြင်း၊ ပူခြင်း၊ နေ့စဉ်လုပ်ငန်းများကို ထိခိုက်လာခြင်းတို့ရှိလျှင် အသက်ကြီးလာ၍ဟု မထားသင့်တော့ပေ။

ဘာကြောင့် နံနက်ပိုင်းတွင် ပိုတောင့်တင်းရတာလဲ။ လူ့ခန္ဓာကိုယ်က လှုပ်ရှားနေရန် ဖွဲ့စည်းထားသည်။ နေ့ဘက်တွင် လမ်းလျှောက်ခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ လက်၊ ခြေလှုပ်ရှားခြင်းတို့ကြောင့် အဆစ်များ ဆက်တိုက်လှုပ်ရှားနေကြသည်။ ညဘက်အိပ်နေစဉ်တွင် နာရီပေါင်းများစွာ လှုပ်ရှားမှုအလွန်နည်းသွားသည်။ အဆစ်နှင့် အနီးဝန်းကျင်တစ်ရှူးများ တင်းကျပ်နေသူ၊ အဆစ်ယိုယွင်းမှုရှိသူ သို့မဟုတ် ရောင်ရမ်းမှုရှိသူများတွင် ယခုကဲ့သို့ အချိန်ကြာကြာ မလှုပ်ရှားဘဲနေပြီးနောက် နံနက်အိပ်ရာထချိန်တွင် တောင့်တင်းမှုကို ပိုမိုခံစားရနိုင်သည်။

ထို့ကြောင့် နံနက်တောင့်တင်းမှုကို အကဲဖြတ်တဲ့အခါ အရေးကြီးဆုံးမေးခွန်းများထဲက တစ်ခုသည် "လှုပ်ရှားလိုက်ရင် သက်သာသွားသလား"ဆိုတာဖြစ်သည်။ လူကြီးပိုင်းတွင် အဖြစ်များသော အကြောင်းရင်းတစ်ခုက Osteoarthritis (အဆစ်ယိုယွင်းပျက်စီးခြင်း)ဖြစ်သည်။ အဆစ်တစ်ခုတွင် အရိုးနှစ်ခုဆုံရာမျက်နှာပြင်ကို ချောမွေ့စွာလှုပ်ရှားနိုင်အောင် Cartilage ဟုခေါ်သော အရိုးနုပိုင်းက ကူညီပေးထားသည်။ အသက်အရွယ်၊ အဆစ်ပေါ်ကျရောက်သည့်ဝန်၊ ယခင် ဒဏ်ရာများနှင့် အခြားအချက်များကြောင့် အဆစ်တစ်ခုလုံးတွင် ယိုယွင်းပြောင်းလဲမှုများဖြစ်လာနိုင်သည်။

Osteoarthritis ကို ဒူး၊ တင်ပါး၊ လက်ချောင်းနှင့် ကျောရိုးအဆစ်များတွင် မကြာခဏတွေ့ရသည်။ မနက်အိပ်ရာထချိန်တွင် တောင့်တင်းနိုင်သော်လည်း အများအားဖြင့် အချိန်တိုအတွင်း လှုပ်ရှားလိုက်သည်နှင့် သက်သာလာတတ်သည်။ အချိန်ကြာကြာ ထိုင်ပြီးနောက် ပြန်ထသည့်အခါလည်း တောင့်တင်းသကဲ့သို့ဖြစ်နိုင်သည်။

တစ်ဖက်တွင် တစ်နေ့တာအတွင်း အဆစ်ကိုအသုံးများလာသည့်အခါ နာကျင်မှုပိုလာတတ်သည်။ ဥပမာ ဒူးအဆစ်ယိုယွင်းသူတစ်ဦးတွင် နံနက်ပိုင်း ခဏ တောင့်တင်းပြီး လှုပ်ရှားလိုက်လျှင် ကောင်းလာသော်လည်း အချိန်ကြာကြာ လမ်းလျှောက်ခြင်း၊ လှေကားအတက်၊ အဆင်းများခြင်းတို့နောက်ပိုင်း ဒူးနာလာနိုင်သည်။ ထိုလက္ခဏာမျိုးကို "အသက်ကြီးလို့ ဒူးနာတာပဲ"ဟု ပေ့ါပေ့ါဆဆထားခြင်းထက် အဆစ်အခြေအနေကို သင့်တော်စွာစောင့်ရှောက်သင့်သည်။

နံနက်ပိုင်းတောင့်တင်းမှုသည် ကျောရိုးနှင့်ဆိုင်သော ရောင်ရမ်းမှုရောဂါအချို့တွင်လည်း တွေ့နိုင်သည်။ သာမန် ခါးနာခြင်းမှာ လှုပ်ရှားမှုများလွန်းလျှင် နာတတ်ပြီး အနားယူရင် သက်သာတတ်သည်။ သို့သော် ရောင်ရမ်းမှုဆိုင်ရာ ခါးနာခြင်းအချို့တွင်တော့ အနားယူနေရုံနှင့်မသက်သာဘဲ နံနက်ပိုင်း တောင့်တင်းမှုရှိခြင်း၊ ညဘက်နာကျင်မှုရှိခြင်းနှင့် အိပ်ရာထပြီး လှုပ်ရှားလိုက်မှ ပိုသက်သာလာခြင်းတို့ ဖြစ်နိုင်သည်။ အထူးသဖြင့် အသက်ငယ်စဉ်ကတည်းက ခါးနာမှုကြာရှည်ရှိနေသူ၊ နံနက်ပိုင်း ကျောတောင့်တင်းမှုကြာသူများတွင် အကြောင်းရင်းကို စစ်ဆေးရန်လိုနိုင်သည်။



သို့သော် နံနက်ပိုင်းတောင့်တင်းမှု အချိန်ကြာကြာရှိနေလျှင် ရောင်ရမ်းမှုဆိုင်ရာ အဆစ်ရောဂါများကိုလည်း ထည့်စဉ်းစားရသည်။ အထူးသဖြင့် Rheumatoid Arthritis (ရူမတွိုက် အဆစ်ရောင်ရောဂါ) သည် သတိထားရမည့် အခြေအနေတစ်ခုဖြစ်သည်။ Rheumatoid Arthritis သည် အသက်ကြီး၍ အဆစ်ပွန်းသွားခြင်း သက်သက်မဟုတ်ပေ။ ကိုယ်ခံအားစနစ်က မိမိ၏အဆစ်အတွင်းရှိ တစ်ရှူးများကို မှားယွင်းတိုက်ခိုက်ရာမှ နာတာရှည်ရောင်ရမ်းမှုဖြစ်ပေါ်လာသည့် Autoimmune Disease (ကိုယ်ခံအားစနစ်မှားယွင်းတုံ့ပြန်သောရောဂါ) တစ်မျိုးဖြစ်သည်။

လက်ချောင်း၊ လက်ကောက်ဝတ်၊ ခြေဖဝါးအဆစ်များကို ထိခိုက်တတ်ပြီး လက်နှစ်ဖက် သို့မဟုတ် ခြေနှစ်ဖက်တွင် အဆစ်တူတူများ ထိခိုက်နိုင်သည်။ နံနက်အိပ်ရာထချိန်တွင် လက်ချောင်းများ တင်းနေခြင်း၊ လက်သီးဆုပ်ရန်ခက်ခြင်း၊ အဆစ်ဖောနာခြင်း၊ ပူသကဲ့သို့ ခံစားရခြင်းတို့ဖြစ်နိုင်သည်။ အရေးကြီးသည်မှာ တောင့်တင်းမှုက မိနစ်အနည်းငယ်နှင့် မပျောက်ဘဲ နာရီဝက်၊ တစ်နာရီ သို့မဟုတ် ထို့ထက်ကြာနိုင်ခြင်းဖြစ်သည်။ အချို့သူများတွင် အိပ်ရာထပြီး ရေချိုး၊ နံနက်စာစားပြီးချိန်ထိ လက်များတောင့်နေတတ်သည်။

ထို့ကြောင့် နံနက်ပိုင်းတောင့်တင်းမှု ဘယ်မျှကြာသလဲဆိုသည်ကို ဆရာဝန်များ အကြောင်းရင်းရှာဖွေရာတွင် အသုံးဝင်သည့်အချက်တစ်ခုဖြစ်သည်။ သို့သော် "မိနစ် ၃၀ အောက်ဆိုလျှင် ဒီရောဂါ၊ တစ်နာရီကျော်ဆို ဟိုရောဂါ"ဟု အချိန်တစ်ခုတည်းနှင့် တိတိကျကျရောဂါခွဲ၍မရပေ။ အဆစ်ဖောခြင်း၊ နာခြင်း၊ ထိခိုက်သည့်အဆစ်အမျိုးအစားနှင့် အခြားလက္ခဏာများကိုပါ ပေါင်းစပ်စဉ်းစားရသည်။

Rheumatoid Arthritis ကဲ့သို့ ရောင်ရမ်းအဆစ်ရောဂါများကို စောစီးစွာသိရှိပြီး ကုသမှုခံယူနိုင်ခြင်းက အရေးကြီးသည်။ မကုသဘဲ ကြာလာပါက အဆစ်ပျက်စီးခြင်း၊ ပုံသဏ္ဍာန်ပြောင်းခြင်းနှင့် လက်၊ ခြေလှုပ်ရှားနိုင်စွမ်း ထိခိုက်ခြင်းတို့ ဖြစ်လာနိုင်သည်။

နောက်တစ်မျိုးသည် Polymyalgia Rheumatica ဟုခေါ်သော ရောင်ရမ်းမှုဆိုင်ရာအခြေအနေဖြစ်သည်။ အထူးသဖြင့် အသက် ၅၀ ကျော်သူများတွင် တွေ့ရပြီး ပခုံးနှစ်ဖက်၊ လည်ပင်း၊ တင်ပါးဝန်းကျင်တို့တွင် နာကျင်တောင့်တင်းမှုဖြစ်နိုင်သည်။ နံနက်ပိုင်းတွင် ပိုသိသာတတ်ပြီး အင်္ကျီဝတ်ရန်လက်မြှောက်ရခက်ခြင်း၊ အိပ်ရာမှထရန်ခက်ခြင်းတို့ဖြစ်နိုင်သည်။ အသက်ကြီးလာပြီး ရုတ်တရက် ပခုံးနှစ်ဖက်နှင့် တင်ပါးဝန်းကျင် အလွန်တောင့်တင်းလာသည်ကို "အသက်ကြီးလို့ ကြွက်သားတောင့်တာ"ဟုသာ မယူဆသင့်ပါ။

Fibromyalgia ကဲ့သို့သော အခြေအနေရှိသူအချို့မှာလည်း နံနက်အိပ်ရာထချိန်တွင် ကိုယ်တစ်ကိုယ်လုံး တောင့်တင်းခြင်း၊ နေရာအနှံ့နာကျင်ခြင်း၊ အိပ်ရေးမဝသကဲ့သို့ ခံစားရခြင်း၊ အလွန်ပင်ပန်းခြင်းတို့ဖြစ်နိုင်သည်။ ထိုအခြေအနေသည် အဆစ်များကို ရောင်ရမ်းဖျက်ဆီးနေသည့် ရောဂါမျိုးမဟုတ်သော်လည်း နာကျင်မှုကို ခန္ဓာကိုယ်က လက်ခံတုံ့ပြန်ပုံနှင့် ဆက်စပ်သည့် ရှုပ်ထွေးသောအခြေအနေတစ်ခုဖြစ်သည်။ ထို့ကြောင့် လူတစ်ယောက်က "တစ်ကိုယ်လုံးနာပြီး မနက်ဆို တောင့်နေတယ်"ဟုပြောလာလျှင် အဆစ်တစ်ခုချင်းကိုသာ စဉ်းစား၍မရပါ။

နောက်ထပ်အဖြစ်များတာက ကြွက်သားတောင့်တင်းခြင်းဖြစ်သည်။ ထိုနေ့က လေ့ကျင့်ခန်းအသစ်စလုပ်ထားသူ၊ အချိန်ကြာကြာမလှုပ်ရှားဘဲ ရုတ်တရက် လေ့ကျင့်ခန်းပြင်းပြင်းလုပ်သူများတွင် နောက်တစ်နေ့ သို့မဟုတ် နှစ်ရက်လောက် ကြာချိန်တွင် ကြွက်သားနာပြီး တောင့်တင်းလာနိုင်သည်။ ဒါကို Delayed onset Muscle Soreness (DOMS) ဟုခေါ်သည်။ ထိုအခြေအနေတွင် အဆစ်တစ်ခုတည်းထက် လေ့ကျင့်ထားတဲ့ ကြွက်သားများနာတတ်ပြီး ရက် အနည်းငယ်အတွင်း တဖြည်းဖြည်း သက်သာလာတတ်သည်။ သို့သော်လေ့ကျင့်ခန်းလုပ်ပြီးနောက် အလွန်ပြင်းထန်စွာနာခြင်း၊ ကြွက်သား အလွန်အားနည်းခြင်း၊ ဖောခြင်း သို့မဟုတ် ဆီးအရောင် အလွန်မည်းလာခြင်းမျိုးဖြစ်လာပါက သာမန်လေ့ကျင့်ခန်း နောက်ဆက်တွဲ နာကျင်မှုဟုမယူဆဘဲ ဆေးဘက်ဆိုင်ရာအကဲဖြတ်မှုခံယူသင့်သည်။

Gout (ဂေါက်ရောဂါ) ကိုလည်း လူအများသိထားသင့်သည်။ Gout သည် နံနက်ပိုင်းတောင့်တင်းမှုတစ်ခုတည်းနှင့် ထင်ရှားသည့်ရောဂါမဟုတ်သော်လည်း အဆစ်နာခြင်းအကြောင်းပြောသည့်အချိန် ခွဲခြားသိထားသင့်သည်။ Gout ရောဂါဖြစ်လာလျှင် အဆစ်တစ်ခု ရုတ်တရက် အလွန်ပြင်းထန်စွာနာခြင်း၊ နီခြင်း၊ ပူခြင်း၊ ဖောရောင်ခြင်းဖြစ်နိုင်သည်။ ခြေမအဆစ်တွင် အဖြစ်များသော်လည်း ခြေချင်းဝတ်၊ ဒူးနှင့် အခြားအဆစ်များတွင်လည်းဖြစ်နိုင်သည်။ အဆစ်ကို လက်နှင့်ထိရုံထိလျှင်ပင် အလွန်နာသည်၊ ရုတ်တရက်နီပြီး ဖောလာသည်ဆိုလျှင် "မနက်တောင့်တင်းတာပဲ"ဟုမယူဆသင့်ပေ။

တစ်ဖက်တွင် အဆစ်ပိုးဝင်ခြင်း Septic Arthritis ကဲ့သို့သော အရေးကြီးသည့် အခြေအနေများကိုလည်း မမေ့သင့်ပါ။ အဆစ်တစ်ခု ရုတ်တရက် အလွန်နာ၊ ဖော၊ ပူ၊ နီလာပြီး အဖျားပါလာခြင်း သို့မဟုတ် လူနာအလွန်မအီမသာဖြစ်လာခြင်းတို့ရှိပါက အရေးပေါ်ဆေးဘက်ဆိုင်ရာ အကဲဖြတ်မှုလိုနိုင်သည်။

နံနက်ပိုင်း ကိုယ်လက်တောင့်တင်းမှုနှင့်အိပ်စက်ခြင်းကလည်း ဆက်စပ်နေသည်။ ညဘက်အိပ်ရေးမဝခြင်း၊ ခဏခဏနိုးခြင်း၊ အိပ်ရာနှင့်ခေါင်းအုံးမသင့်တော်ခြင်း၊ အိပ်နေစဉ် ကိုယ်နေဟန်တစ်မျိုးတည်းဖြင့် အချိန်ကြာကြာနေခြင်းတို့ကြောင့် နံနက်အိပ်ရာထချိန် လည်ပင်း၊ ပခုံးနှင့် ကျောကြွက်သားများ တောင့်တင်းနိုင်သည်။ နေ့ဘက်တွင်လည်း ကွန်ပျူတာရှေ့ အချိန်ကြာကြာထိုင်ခြင်း၊ ဖုန်းကို ခေါင်းငုံ့ကြည့်နေခြင်း၊ ကားအချိန်ကြာကြာမောင်းခြင်းတို့က လည်ပင်း၊ ပခုံး၊ ခါးနှင့် ကျောကြွက်သားများတင်းလာစေနိုင်သည်။ ထို့ကြောင့် နံနက်အိပ်ရာထချိန် တောင့်တင်းခြင်း၏အကြောင်းရင်းသည် ညအိပ်နေသည့်ရှစ်နာရီအတွင်း၌သာ ဖြစ်လာခြင်းမဟုတ်နိုင်ပေ။ တစ်နေ့လုံး ဘယ်လိုထိုင်ခဲ့သလဲ၊ ဘယ်လောက်လှုပ်ရှားခဲ့သလဲဆိုသည်နှင့်လည်း ဆက်စပ်နိုင်သည်။

ယနေ့ခေတ်တွင် အထူးသတိထားသင့်သည်မှာ အချိန်ကြာကြာထိုင်နေခြင်းဖြစ်သည်။ တစ်နေ့လုံး ရုံးတွင်ထိုင်၊ အိမ်ပြန်ရောက်လျှင် ဆိုဖာပေါ်ထိုင်၊ ညဘက်ဖုန်းကြည့်ရင်း ထိုင်နေတာမျိုး ဖြစ်နေလျှင် လေ့ကျင့်ခန်း တစ်ပတ်တစ်ခါ၊ နှစ်ခါလုပ်ရုံနှင့် မလုံလောက်နိုင်ပေ။ ကိုယ်ခန္ဓာသည် လှုပ်ရှားမှုလိုအပ်သည်။ အချိန်ကြာကြာထိုင်ရသူများသည် ကြားထဲတွင် မကြာခဏထပြီး လမ်းနည်းနည်းလျှောက်ခြင်း၊ ကိုယ်လက်ဆန့်ခြင်း၊ ပခုံးနှင့် လည်ပင်းလှုပ်ရှားခြင်းတို့ပြုလုပ်သင့်သည်။ အသက်ကြီးလာသူများအတွက်တော့ ပိုအရေးကြီးသည်။ အသက်ကြီးလာသည်နှင့်အမျှ ကြွက်သားပမာဏနှင့် ကြွက်သားအားလျော့နည်းလာနိုင်ပြီး အဆစ်လှုပ်ရှားနိုင်စွမ်းလည်း ကျဆင်းလာနိုင်သည်။ လှုပ်ရှားမှုနည်းလေလေ ကြွက်သားအားနည်းလေလေဖြစ်ပြီး လှုပ်ရှားရခက်လာလေလေဖြစ်နိုင်သည်။ တောင့်တင်း၍ မလှုပ်ရှားချင်၊ မလှုပ်ရှားတော့ ပိုတောင့်တင်းဆိုသည့် စက်ဝိုင်းအတွင်း ဝင်သွားနိုင်သည်။

ထို့ကြောင့် နံနက်အိပ်ရာထပြီး ကိုယ်လက်တောင့်တင်းနေတိုင်း ကိုယ့်ကိုယ်ကိုယ် မေးကြည့်ပါ။ မနေ့ကထက် ဒီနေ့ အသက်တစ်ရက်ကြီးသွားလို့ပဲလား၊ ဒါမှမဟုတ် ခန္ဓာကိုယ်က တစ်ခုခုပြောပြနေတာလား။ တစ်ခါတစ်ရံ အဖြေက နည်းနည်းပိုလှုပ်ရှားဖို့လိုနေပြီဆိုတာဖြစ်နိုင်သလို၊ တစ်ခါတစ်ရံတွင် အဆစ်တွေကို သေချာစစ်ဆေးဖို့ အချိန်ရောက်နေပြီဆိုသည့် ခန္ဓာကိုယ်၏သတိပေးချက်လည်း ဖြစ်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

# ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေသာလျောင်းတောင်မြတ်စွာဘုရား သီတင်းကျွတ်ဆင်လှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲကျင်းပသွားမည်



ယခင်နှစ်က ဆင်အကအလှပြိုင်ပွဲကို တွေ့ရစဉ်။

**ကျောက်ဆည် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ရွှေသာလျောင်း တောင်မြတ်စွာဘုရား သီတင်း ကျွတ်ဆင်လှူပွဲတော်နှင့် ဆင် အကအလှပြိုင်ပွဲကို စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း ရွှေသာလျောင်း တောင်မြတ်စွာဘုရား သီတင်း ကျွတ်ဆင်လှူပွဲတော်နှင့် ဆင် အကအလှပြိုင်ပွဲ ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းထံမှ သိရသည်။

ရွှေသာလျောင်းတောင်မြတ်စွာ ဘုရား သီတင်းကျွတ်ဆင်လှူပွဲ တော်နှင့် ဆင်အကအလှပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၁၆ ရက်) တွင် ရွှေသာလျောင်း တောင်ခြေရှိ ဝတ္ထုကံမြေတွင် ပြုလုပ်မည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ရွှေသာလျောင်းတောင် ရင်ပြင်တော်၌ ဆွမ်းတော်ကြီးကပ်လှူပွဲများနှင့် ဆင်လှူပွဲတော်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောက်ဆည်ဆင်ပွဲကတော့ နှစ်တိုင်းလို စည်ကားပါတယ်။ ပြိုင်ပွဲဝင် ဆင်အဖွဲ့တွေအားလုံး လိုက်နာရမဲ့ စည်းကမ်းချက်တွေကို စနစ်တကျ ဆောင်ရွက်ထားရှိပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ နှစ် ၃၀ အထက် မပျက်မကွက်လာရောက် ဖျော်ဖြေပေးတဲ့ သက်ကြီးဆင်တွေကို ဖွဲ့ဆုချီးမြှင့်ပေးသွားမယ်။ ဒီနှစ်မှာလဲ ယခင်နှစ်တွေလိုပဲ ရိုးရာဆင်ပြိုင်ပွဲ၊ ဘော်ကြယ်ဆင်ပြိုင်ပွဲနဲ့ ကလေးဆင်ပြိုင်ပွဲတွေ ကျင်းပသွားမှာဖြစ်ပါတယ်" ဟု ဦးအောင်မျိုးသိန်းက ပြောပြ၍ သိရသည်။

ASH

# မင်းသမီး ဒေစီအဂ္ဂါဂျုံးနှင့် အက်မီခရိုမိုင်တို့ ပါဝင်ထားသည့် Sense and Sensibility ရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်

**လန်ဒန် စက်တင်ဘာ ၂၂**

ဗြိတိန်နိုင်ငံတွင် စာရေးဆရာမ ဂျိန်းအော်စတင်၏ နာမည်ကျော် ဝတ္ထု Sense and Sensibility ကို အခြေခံ၍ ပြန်လည်ရိုက်ကူးထားသည့် ဇာတ်ကားသစ်ကို စက်တင်ဘာစတုတ္ထပတ်ကစ၍ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ဂျော်ဂျီယာအော်ကလီ ရိုက်ကူးထားသည့် အဆိုပါ ဇာတ်ကားတွင် မင်းသမီးဒေစီအဂ္ဂါဂျုံးနှင့် အက်မီခရိုမိုင်တို့က အီလီနာနှင့် မာရီယန်ညီအစ်မနှစ်ဦး အဖြစ်ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါ ဇာတ်ကားသည် မိသားစုဘဝ၊ ချစ်ခြင်းမေတ္တာနှင့် လူမှုအသိုင်းအဝိုင်းအတွင်း အမျိုးသမီးများရင်ဆိုင်ရသည့် အခက်အခဲများကို ညီအစ်မနှစ်ဦး၏ ဘဝဇာတ်ကြောင်းမှတစ်ဆင့် ပုံဖော်ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

နာမည်ကျော် စာရေးဆရာမ ဂျိန်းအော်စတင်၏ ဝတ္ထုများကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ဖန်တီးမှုများအနက် ယခုဇာတ်ကားသစ်သည်လည်း ပရိသတ်များ၏ စိတ်ဝင်စားမှုရရှိနေသည့် ဇာတ်ကားတစ်ကား ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**




# မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၂၅ ရက်တွင် နိုင်ငံတစ်ဝန်းရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၂**

LOVE 2 ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၂၅ ရက်တွင် နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ မင်းဆက်သစ်ထံမှ သိရသည်။

အဆိုပါ မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မင်းဆက်သစ်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မင်းဆက်သစ်က တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။




"ဘုန်းထည်ဝါနဲ့ မုန်းဒါလီတို့ အားပြိုင်ကြမဲ့ အိမ်ထောင်ရေးရဲ့ အချစ်နဲ့အမုန်းအပြင်းအထန် တိုက်ပွဲအကြောင်းကို မက်မက်မောမောကြည့်ကြရတော့မဲ့ မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၂၅ ရက်ကစပြီး မြန်မာတစ်ပြည်လုံးရှိ ရုပ်ရှင်ရုံကြီးတွေမှာ တစ်ပြိုင်တည်း ရုံတင်ပြသပေးသွားမှာဖြစ်ပါတယ်" ဟု ဒါရိုက်တာ မင်းဆက်သစ်က ပြောပြသည်။

မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ ဖြိုးရာဇာနိုင်၊ ဇော်ဝင်းနိုင်၊ ဒေါင်းဝေ၊ ရဲမွန်၊ မေမီကိုကို၊ မယ်လိုဒီ၊ သင်းသဲဗိုလ်၊ ဝွမ်းပုံကြီး၊ စိုးမိုးကြည်၊ ယွန်းသဒ္ဒါဟန်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# ဖူးရစ်ချ် နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မင်းသမီး ဂျူလီယန်မိုးအပါအဝင် ရုပ်ရှင်လောကမှ ထူးချွန်သူများကို ဆုများချီးမြှင့်သွားမည်

**ဇူးရစ်ချ် စက်တင်ဘာ ၂၂**

ဇူးရစ်ချ် နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မင်းသမီး ဂျူလီယန်မိုး အပါအဝင် ရုပ်ရှင်လောကမှထူးချွန်သူများကို ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ယခုနှစ် ဇူးရစ်ချ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၄ ရက်ထိ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်ချ်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ထိုပွဲတော်တွင် နိုင်ငံတကာမှ ရုပ်ရှင်ဇာတ်ကားများကို ပြသသွားရန် စီစဉ်ထားသည်။

ယခုနှစ် ဇူးရစ်ချ် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် မင်းသမီး ဂျူလီယန်မိုးကို Golden Icon Award ဆု၊ မင်းသားဂျွန်တတ်တိုရို၊ မင်းသမီး နာအိုမီဝပ်တို့ကို Gold-en Eye Award ဆု စသည်ဖြင့် အသီးသီး ဂုဏ်ပြုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒါရိုက်တာ ရစ်ချတ်လင့်ခ်လေတာနှင့် တေးရေးဆရာ ဂါဘရီယယ်ယာရက်တို့ကိုလည်း ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**



# ဘဝထဲကကျူးရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၆ ရက်မှ စတင်ထုတ်လွှင့်သွားမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

Channel K ရုပ်သံလိုင်းမှ ဘဝထဲကကျူး ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ ၂၆ ရက်မှ စတင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူးထားသူ ဒါရိုက်တာ ရာဝင်အိုးထံမှ သိရသည်။

အဆိုပါဘဝထဲကကျူး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အလင်္ကာက ရေးသားထားပြီး ဒါရိုက်တာ ရာဝင်အိုးက ရှမ်းလေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာ ဘယ်အလုပ်မဆို အလုပ်ကြိုးစားလုပ်တတ်ပြီး မိန်းမဖြစ်သူကို ထိရင်မခံတတ်တဲ့ ကျော်ကြီးအဖြစ် ဝေဠုကျော်က ပါဝင်ထားပါတယ်။ ဘယ်အရာမှမကြောက် ပြောရဲဆိုရဲတဲ့ ကျော်ကြီးရဲ့မိန်းမ လှစိန်အဖြစ် ရေကြည်ချမ်းမြကို မြင်ရမှာဖြစ်ပါတယ်။ မဟုတ်ရင်မခံတတ် လက်ရဲဇက်ရဲနိုင်သူ တောက်ထွန်းရဲ့မိန်းမ မြကြည်အဖြစ် စုလှိုင်နှင်းတို့ကို မြင်ရမှာဖြစ်ပါတယ်။ ဘဝရဲ့ကြမ်းတမ်းမှုတွေကို အချင်းချင်းရိုင်းပင်းကူညီ ရှင်သန်နေကြတဲ့ လူတွေရဲ့ဘဝကို ပညာပေးတင်ဆက် ထားတဲ့ ဇာတ်လမ်းတွဲလေး ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ရာဝင်အိုးက ပြောပြသည်။

ဘဝထဲကကျူး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဝေဠုကျော်၊ မင်းသားကြီး၊ စစ်နိုင်သီဟဦး၊ ဝေဦး၊ စုလှိုင်နှင်း၊ ရေကြည်ချမ်းမြ၊ ဆောင်းသစ်သစ်၊ မေရတနာ၊ ညိုမီ၊ ထိုက်ထိုက်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကာ Channel K ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၆ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေ နေ့တိုင်း ည ၇ နာရီတွင် ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Vice-President Daw Nan Ni Ni Aye attends reception marking 77th anniversary of the founding of People's Republic of China



**Vice-President Daw Nan Ni Ni Aye attends reception marking the 77th anniversary of the founding of the People's Republic of China.**

**Yangon September 22**

The reception ceremony marking the 77th anniversary of the founding of the People's Republic of China was held this evening at the Wyndham Grand Hotel in Mingala Taungnyunt Township, Yangon Region, with Vice-President of the Republic of the Union of Myanmar Daw Nan Ni Ni Aye in attendance.

Also attending the ceremony were Deputy Speaker of the Amyotha Hluttaw Jeng Phang Naw Taung; Union Ministers Lieutenant-General Phone Myat and U Than Maung; the Speaker of the Yangon Region Hluttaw; senior Tatmadaw officers; the Commander of Yangon Command and their spouses; chairpersons and officials of the International Relations Committees of the Pyithu Hluttaw and Amyotha Hluttaw; Yangon Region ministers; Ambassador of the People's Republic of China to Myanmar Ms. Ma Jia; ambassadors, chargés d'affaires and defence attachés from foreign embassies in Yangon; and invited guests.

First, Vice-President Daw Nan Ni Ni Aye and other attendees were warmly welcomed by Ambassador of the People's Republic of China to Myanmar Ms. Ma Jia, the Defence Attaché and officials. They then viewed exhibitions showcasing Myanmar-China friendship.

The ceremony was opened with the national anthems of the Republic of the Union of Myanmar and the People's Republic of China, after which Ambassador of the People's Republic of China to Myanmar Ms. Ma Jia delivered a welcome speech.

The Vice-President then delivered a speech, saying that Myanmar and China are good-neighbourly and friendly countries sharing a long border. Over the years, the two countries have worked to further strengthen close cooperation and partnership based on mutual respect, understanding and genuine good-neighbourly relations, in accordance with the Five Principles of Peaceful Coexistence. The two countries have also stood by and supported each other whenever necessary, based on their "Pauk-Phaw" friendship and close ties.

She added that the two countries had further deepened comprehensive cooperation across various sectors and promoted mutual understanding. They had also enhanced strategic comprehensive cooperation, particularly cooperation under the China-Myanmar Economic Corridor of the Belt and Road Initiative. She expressed her wish for the two countries to further promote not only trade and investment but also people-to-people connectivity in areas such as culture and education in the coming years.

She also expressed deep appreciation for the continued support and assistance provided by the Government of China to Myanmar's efforts for peace, stability and national development, as well as China's positive support for Myanmar at regional and international forums, particularly within ASEAN and the United Nations. On the occasion of the 77th anniversary of the founding of the People's Republic of China, she extended wishes for the continued development and prosperity of the People's Republic of China and for the Pauk-Phaw friendship and close ties between Myanmar and China to endure forever.

Next, the Vice-President and the Chinese Ambassador cut a cake commemorating the 77th anniversary of the founding of the People's Republic of China and posed for a group photo with the attendees.

Afterwards, the Vice-President had dinner together with the attendees. During the dinner, an art troupe from China's Yunnan Province and embassy staff entertained the guests with traditional cultural dances and musical performances. MNA

# Plan underway to grow more than 4,000 acres of kidney bean in Bamauk Township

**Bamauk September 22**

Local authorities in Bamauk Township of Sagaing Region decided to grow more than 4,000 acres of kidney bean as cold season crops in Bamauk Township this year, according to Katha District Agriculture Department.

During the 2026-2027 winter crop season, Bamauk Township has set a target to cultivate 4,592 acres of kidney beans. Cultivation will begin in October this year and continue through December.

"This year, Bamauk Township has set a target of cultivating more than 4,000 acres of kidney beans during the winter crop season. We will make efforts to ensure that the targeted acreage is fully cultivated. In cooperation with farmers, we will provide the necessary quality and pure seeds, agricultural inputs, and post-harvest technology to improve crop yields and quality," said Daw Khin Myat Myat Oo, head of the Katha District Department of Agriculture.

In Bamauk Township, the Township Department of Agriculture will conduct awareness-raising activities for kidney bean growers to expand cultivated acreage, improve yields, adopt Good Agricultural Practices (GAP), use quality and pure seeds, and grow high-yielding varieties, according to reports.

Crops cultivated using GAP methods are of better quality and can command higher prices than those grown using other methods. They can also achieve a quality level that enables them to be sold not only in the domestic market but also exported to international markets. As a result, farmers adopting these methods can improve their economic benefits. 206



**A thriving kidney bean plantation.**

# Bogale Township sees high demand of butter bean

**Bogale September 22**

Daw Wai Wai, the owner of the pulses and beans wholesale centre in Bogale Township of Ayeyawady Region, remarked that butter bean is in high demand at the domestic market in Bogale Township.

In the assorted pulses trading market in Bogale Township, white butter beans have been in strong demand and trading well since the first week of September this year up to the present. The increase in demand for white butter beans is attributed to stronger purchases from both the local market and the Yangon market, according to reports.

"White butter beans are currently in stronger demand in the local market than other types of pulses. Demand has increased since around the first week of September. In addition to the domestic market, the Yangon market is also actively purchasing white butter beans, resulting in improved trading. Domestic demand has also increased as businesses related to butter beans have resumed operations. With trading improving, those who have stored white butter beans are particularly benefiting," said Daw Wai Wai.

In the assorted pulses trading market in Bogale Township, a 16-pyi bag of white butter beans currently in active trade is fetching up to K178,000. The increased demand for white butter beans has provided better employment opportunities for businesses storing the beans, traders, cargo truck operators and loading workers, according to reports.

Kyaw Kyaw Lin

# CDF terrorists wantonly attack collective blood donation event at Hakha People's Hospital, Chin State



**A documentary photograph of a collective blood donation event being held at the People's Hospital in Hakha.**

**Nay Pyi Taw September 22**

Declared terrorist groups, including the CRPH, NUG, their subordinate so-called PDF terrorists, and associated organizations and individuals, have been recklessly and unlawfully committing diverse acts of terror. Aiming to disrupt State peace and stability, instil fear in the public, and undermine the government mechanism, they have targeted non-military objectives by firing upon hospitals, clinics, and schools; assassinating innocent civilians, including loyal civil servants; setting fire to public buildings; launching attacks in towns, wards, and villages; and using weapons to threaten, bully, arrest, torture, and murder local administrative officials, departmental personnel serving regional development, venerable Buddhist monks, and peacefully studying schoolchildren. In committing these acts of terrorism, so-called CDF terrorists wantonly opened fire with heavy and small arms at a collective blood donation event held at the People's Hospital in Hakha, Chin State, this morning.

The incident occurred this morning during a collective blood donation event organized by members of the Myanmar Police Force at Hakha People's Hospital to commemorate the upcoming 62nd Myanmar Police Force Day on 1 October 2026. Approximately seven so-called CDF terrorists approached from the north of the hospital and inhumanely launched an unprovoked attack using heavy weapons and small arms. Following the attack, security personnel returned fire, causing the terrorists to retreat and flee towards the northeast.

Local residents have expressed profound disgust and strongly condemned the senseless and reckless act of terrorism targeting a public hospital premises that has no bearing on military operations. Security forces, in cooperation with responsible local residents, are conducting investigations to take decisive legal action against the perpetrators. Furthermore, required area security operations have been reinforced to maintain regional stability and protect the lives, homes, and property of the people.

100



**Hakha People's Hospital, where terrorists came and opened fire.**



**Bullet casings seen at the site where the terrorists opened fire.**

# Plan underway to grow more than 1,000 acres of vegetables in Naga region

**Naga September 22**

Local authorities have set a plan to grow more than 1,000 acres of vegetables as cold season crops in Naga Self-Administered Zone in Sagaing Region this year, according to the region Agriculture Department.

During the 2026-2027 cold-season crop cultivation period, 1,766 acres of vegetables have been targeted for cultivation in the Naga Self-Administered Zone, with planting scheduled to take place from October to December this year, according to reports.

"During the cold-season crop cultivation period in the Naga Self-Administered Zone, a target has been set to grow vegetables on 1,766 acres. The crops include mustard, chilli, spices, potato, cauliflower, eggplant and cabbage. Farmers are being provided with technical assistance so that all vegetables can be grown in accordance with Good Agricultural Practices (GAP). They will also be provided with technical guidance on cultivating vegetables in a health-conscious manner with minimum chemical residues," said Daw San San Myint, Deputy Head of the Sagaing Region Department of Agriculture.

For the 2026–2027 cold-season crop cultivation period, the township-wise vegetable cultivation targets in the Naga Self-Administered Zone are 124 acres in Leshi Township, 756 acres in Lahe Township, 142 acres in Thangpakwe Township, 430 acres in Nanyun Township, 123 acres in Donhee and 191 acres in Pansaung, totalling 1,766 acres.

The respective Township Departments of Agriculture in the Naga Self-Administered Zone will provide vegetable growers with technical training on cultivating crops in accordance with GAP standards, technical guidance to ensure that vegetables produced from the fields are safe and suitable for consumption, and assistance to encourage farmers to expand vegetable cultivation.

Various vegetables are grown seasonally every year in the Naga Self-Administered Zone. The vegetable crops cultivated there grow successfully and provide income for farming families. The respective Township Departments of Agriculture will provide farmers planning to grow vegetables with awareness and technical guidance on proper cultivation methods, preventing pest infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents.

206

# Onion trading booms at domestic market in Einme Township

**Einme September 22**

Daw Swe Swe, the owner of foodstuff trading depot in Einme Township of Ayeyawady Region, said that trading of onion is booming at the domestic market with high demand in Einme Township.

In Einme Township, onions have been in strong demand and trading well since the first week of September this year up to the present, with daily trading volumes ranging from 1,500 to 4,000 viss, according to reports.

"The onions currently being traded are fresh and of good quality. As demand for onions has increased, trading has also improved. With the improvement in onion trading, not only onion traders but also workers and truck drivers are benefiting from increased employment opportunities," said Daw Swe Swe.

In Einme Township, daily onion trading has reached 4,000 to 5,000 viss since the first week of September this year up to the present. Onion prices range from K4,000, K5,500 and K7,000 per viss, depending on freshness and size.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အချစ်နဲ့အမုန်းမှာ အရွေးမှားခဲ့ခြင်း

**ဇော်လေး**

**"ရေးကျမ်းစာတွေမှာ ပညာဆိုတာကို အဓိပ္ပာယ်ဖွင့်ထားပုံက လောကရဲ့ရန်ပွဲမှ ရှောင်ရှားခြင်း၊ ကိုယ့်မှာရလာတဲ့ တိုတောင်းတဲ့အချိန်လေးကို ဘေးရန်ကင်းကင်း ကုန်လွန်နိုင်ခြင်း၊ ပဋိပက္ခမရှိဘဲ နေထိုင်တတ်ခြင်း၊ ကောင်းမှုကို ကောင်းမှုဖြင့်တုံ့ပြန်ခြင်း၊ ကိုယ့်လိုအင်ကိုမဖြည့်စွမ်းဘဲ မေ့ပစ်နိုင်ခြင်းတို့ဟာ ပညာရှိခြင်းမည်တယ်"**

**ဗာလင်တင် ဘားရက်စတော့**
**(ရုရှားကဗျာဆရာ၊ စာရေးဆရာ)**
**Valentin Berestov(1928–1998)**
**(Russian poet and author)**

ပြည်ထောင်စုမြန်မာနိုင်ငံဟာ အာရှတိုက်မှာ တည်ရှိပါတယ်။ အာရှတိုက်ရဲ့ ပင်လယ်သမုဒ္ဒရာရှိရာ တောင်ဘက်မှာ စွန်းထွက်နေတဲ့ ကျွန်းဆွယ်ကြီး သုံးခုအနက် အရှေ့ဖျားဘက်၌ရှိတဲ့ အင်ဒိုချိုင်းနား ကျွန်းဆွယ်ပေါ်မှာ တည်ရှိတယ်။ မြောက်ဘက်ပိုင်းမှာ နှင်းခဲဖုံးတဲ့ ဟိမဝန္တာ တောင်မြင့်တောင်ကြောကြီးတွေရှိနေသလို အနောက်ဘက်ရခိုင်ရိုးမ၊ အရှေ့ဘက် ရှမ်းရိုးမနဲ့ အလယ်မှာ ဧရာဝတီ၊ ချင်းတွင်း၊ ပေါင်းလောင်း၊ စစ်တောင်း၊ မြေပြန့်လွင်ပြင်လည်းရှိရဲ့။

မြောက်မှတောင်သို့ စီးဆင်းနေကြတဲ့ ရေကြည်ရေသန့်ညင်သာတဲ့မြစ်များလည်းရှိပေရဲ့။ ရေစီးသန်တဲ့ သံလွင်မြစ်လည်း အရှေ့ပိုင်းရှမ်းကုန်းပြင်မြင့်မှ တောင်ဘက် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့အထိ မုတ္တမပင်လယ်ကွေ့သို့ စီးဝင်သွားတဲ့မြစ်ရှိသေးတယ်။ တောင်တန်း၊ ကုန်းမြင့်၊ လွင်ပြင်၊ မြေပြန့်၊ မြစ်ဝကျွန်းပေါ်၊ ပင်လယ်ကမ်းခြေ၊ ပထဝီအနေအထားဟာ ကျယ်ဝန်းသလောက် ရေမြေသဘာဝအတော်ကွဲပြားစွာ စုံလင်လှပေတယ်။

နေထိုင်တဲ့လူမျိုးတွေလည်း လူမျိုးစုအားလုံးဆို ၁၀၀ ကျော်လောက်ရှိတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀၀ ကျော်ကစပြီး တိုင်းရင်းသားအများစုကတော့ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတယ်။ နောက်မှဝင်ရောက်လာတဲ့ အစ္စလာမ်ဘာသာနဲ့ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသူတွေလည်း (ခုနစ်ရာခိုင်နှုန်း၊ ရှစ်ရာခိုင်နှုန်း စသဖြင့်)ရှိကြသော်လည်း ဌာနေ ဗုဒ္ဓဘာသာဝင် ၈၅ ရာခိုင်နှုန်းတို့နဲ့ ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံးနေထိုင်လာခဲ့ကြပါတယ်။ သမိုင်းတစ်လျှောက် ဘာသာရေးပဋိပက္ခရှယ်လို့ ပြည်တွင်းမှာကော ပြည်ပနဲ့ကော မရှိခဲ့ဖူးပါ။

မြန်မာတိုင်းရင်းသားတွေက ရိုးသားကြတယ်။ ရောင့်ရဲကြတယ်။ ယဉ်ကျေးသိမ်မွေ့ကြတယ်။ လူလူချင်းဆက်ဆံရာမှာ ဖြူစင်တဲ့မေတ္တာတရားနဲ့ စေတနာကောင်းထားပြီး ဆက်ဆံတတ်ကြတယ်။ ဒါကတော့ လူမျိုးရဲ့ဓလေ့စရိုက်နဲ့ အစဉ်အလာယဉ်ကျေးမှုဆိုရမှာပေါ့။

သမိုင်းတစ်လျှောက်မှာ အိန္ဒိယမှစီးဝင်လာတဲ့ ဗုဒ္ဓဘာသာကိုးကွယ်မှုနဲ့ ပါဠိဘာသာအပြင် ဆေးပညာ၊ ဗိသုကာပညာ စတဲ့သိအပ်တတ်အပ်တဲ့ပညာရပ်များလည်း မြန်မာတိုင်းရင်းသားများဖြစ်ကြတဲ့ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်တို့မှာ ဘာသာစကား၊ ဘာသာစာပေများလည်း ရှိခဲ့ကြပါတယ်။ ကချင်၊ ချင်း စတဲ့တောင်ပေါ်သားအချို့ကတော့ လက်တင်စာနဲ့ ဘာသာစကားတီထွင်အသုံးပြုတာကို ဗြိတိသျှနယ်ချဲ့အုပ်စိုးမှုအောက်မှာ ပေါ်ပေါက်လာခဲ့ကြပါတယ်။ ဘာသာစာပေမတူတော့ နီးစပ်မှုအရ ဘာသာရေးပါ လွှမ်းမိုးခံရပြီး ခရစ်ယာန်ဘာသာကိုးကွယ်သူတွေလည်း ရှိလာခဲ့တာပေါ့။ ဒါကတော့ ၁၉ ရာစု (၁၈၂၄-၁၈၈၆) ဗြိတိသျှနယ်ချဲ့ အကြိမ်ကြိမ်ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခံရပြီးမှ ရခဲ့တယ်ဆိုရမှာပေါ့။

လက်တင်စာလုံးဘာသာစကားဖြစ်လာခြင်းကို အပြစ်မဆိုပါ။ ကိုလိုနီလက်အောက်ဘဝမှာ ဗမာစာကို ဖိနှိပ်ပြီး အင်္ဂလိပ်စာကို အရေးပေးခဲ့တဲ့အုပ်ချုပ်သူကိုလည်း အပြစ်မတင်လိုပါ။ သူ့ခေတ်သူ့အခါ သူ့အာဏာရှိချိန်မှာ နယ်ချဲ့ကိုလိုနီရဲ့အခိုင်းအစေယန္တရားတွေကို တည်ဆောက်ခြင်းဟာ သူ့ရဲ့အလုပ် သူလုပ်တာလို့ပဲ သဘောထားရပေမှာပဲ။ အတိတ်ကို အပြစ်ရှာဒေါသဖြစ်နေလို့လည်း ဘာအကျိုးမှမရနိုင်ဘူးမဟုတ်လား။ ရစရာက သင်ခန်းစာသာယူတတ်ရမှာ။ နှစ်ခါမခံရအောင်လေ။

မှ တာဝန်ကျေကျေ မီးမောင်းထိုးပြခဲ့တဲ့ စာပေမီးပြတိုက်တွေ အများကြီးပါပဲ။

အချုပ်တန်းဆရာဖေ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သခင်ဘသောင်း စသည်ဖြင့်ပေါ့ထားပါတော့။

စာပေဟာ ပြည်သူ့အတွက် လမ်းကောင်းလမ်းမှန်ပြတဲ့ မီးရှူးတန်ဆောင်ဆိုတာ မြန်မာစာပေသမိုင်းမှာ လေ့လာကြည့်ပါက အထင်အရှားမြင်ကြရမှာပါ။

မြန်မာလူမျိုးဟာ ယဉ်ကျေးသိမ်မွေ့ပြီး ချိုသာသည်းခံတတ်သလောက် နိုင်ငံနဲ့လူမျိုးကို ထိပါး

**❖ မြန်မာလူမျိုးဟာ ယဉ်ကျေးသိမ်မွေ့ပြီး ချိုသာသည်းခံတတ်သလောက် နိုင်ငံနဲ့လူမျိုးကို ထိပါးကျူးကျော်စော်ကားလာရင်တော့ ပြင်းပြင်းထန်ထန် တုံ့ပြန်တော်လှန်ရဲတဲ့ သမိုင်းကြောင်းရှိခဲ့တယ်။ နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုကိုလည်း မြန်မာစာရေးဆရာ၊ ကဗျာဆရာတွေက ခေတ်နဲ့အညီအမြော်အမြင် ကျယ်ဝန်းစွာကြည့်မြင်ပြီး တပ်လှန့်နှိုးလှေ့ရှိခဲ့တယ်။ နမူနာသာဓက ကဗျာတစ်ပုဒ်ဖော်ပြပါရစေ။ ကဗျာဆရာမောင်သိင်္ဂါရဲ့ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲနဲ့ ရေးဖွဲ့ခဲ့တဲ့ အချစ်ကဗျာ၊ စစ်ကဗျာကို ဖတ်ကြည့်လိုက်ရအောင်။ ❖**

နှစ်ပေါင်းထောင်ချီတဲ့ရာဇဝင်သမိုင်းနဲ့တိုင်းပြည်နိုင်ငံထူထောင်ခဲ့တဲ့ မြန်မာနိုင်ငံသားတွေဟာ ဇာတိမာန်မျိုးချစ်စိတ်ကတော့ အတော်ပြင်းထန်ထက်သန်ကြတယ်။ ၁၈ ရာစု၊ ၁၉ ရာစုမှာ ဥရောပစက်မှုအရေးတော်ပုံ စက်မှုထွန်းကားတိုးတက်သွားတဲ့အခါ သူတို့စက်ရုံအလုပ်ရုံအတွက် အာရှဒေသမှ ကုန်ကြမ်းတွေကို ဈေးချိုချိုနဲ့ဝယ်၊ ပင်လယ်ကူးသင်္ဘောကြီးတွေနဲ့သယ်ယူသွား။ ဟိုမှာ အဝတ်အထည်၊ အစားအစာ၊ လူသုံးပစ္စည်းတွေ စက်မှုအတတ် စက်ရုံအလုပ်ရုံတွေက ပြောင်းလဲထုတ်လုပ်ပြီး ကုန်ချောပစ္စည်းတွေ အာရှနိုင်ငံတွေဆီလာပြန်ရောင်း၊ ကုန်ချောပစ္စည်းဈေးကောင်းရ၊ ကုန်ကြမ်းပစ္စည်းဈေးပေါပေါနဲ့ဝယ်ခွင့်ရတော့ အမြတ်ပိုများများရ။

ဥရောပစက်မှုနိုင်ငံတွေဟာ (စပိန်၊ ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်၊ အင်္ဂလန် စသဖြင့်)ရလေလိုလေ အိုတစ္ဆေဆိုသလို လောဘမသတ်နိုင်ကြတော့ဘဲ အာရှနိုင်ငံ ပဒေသရာဇ်ဘုရင်တွေကို အနုနည်း၊ အကြမ်းနည်းတွေနဲ့ လွှမ်းမိုးသိမ်းပိုက်ပြီး နယ်ချဲ့ကျူးကျော်စစ်တွေ အပြိုင်အဆိုင်အလုအယက်သိမ်းပိုက်လိုက်ကြတာလေ။ အာရှဒေသခေတ်နောက်ကျတဲ့နိုင်ငံတွေအားလုံးနီးပါး (ထိုင်းနိုင်ငံကလွဲလို့)၊ ဒတ်ချ်၊ စပိန်၊ ပြင်သစ်၊ အင်္ဂလိပ်၊ ဥရောပနိုင်ငံတွေရဲ့ လက်အောက်ကျရောက်ခဲ့ရ။ တရုတ်နဲ့ အိန္ဒိယလည်း ပါတာပဲ။

၂၀ ရာစုထဲရောက်လာတော့ အဖိနှိပ်ခံကျွန်ဖြစ်နေတဲ့ အာရှနိုင်ငံတွေဟာ ပြန်လည်နိုးကြားကာ အမျိုးသားရေးလှုပ်ရှားမှု၊ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ စိတ်တွေ ပေါ်လာကြရဲ့။

ပထမကမ္ဘာစစ်၊ နယ်ချဲ့ချင်းစားခွက်လုတဲ့ပွဲ။

ဒုတိယကမ္ဘာစစ်၊ ဥရောပမဟာမိတ်နဲ့ အီတလီ၊ ဂျာမနီ၊ ဂျပန် ဝင်ရိုးတန်းသုံးနိုင်ငံ စစ်ကြီးဖြစ်လာတဲ့အခါ အာရှနိုင်ငံတွေဟာ လွတ်လပ်ရေးအတွက် နည်းမျိုးစုံရုန်းကန်တော်လှန်ခဲ့ကြတာပေါ့။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွေမှာ မြန်မာပြည်သူတွေ မျက်စိပွင့်အောင် စာပေစစ်မျက်နှာဘက်

ကျူးကျော်စော်ကားလာရင်တော့ ပြင်းပြင်းထန်ထန် တုံ့ပြန်တော်လှန်ရဲတဲ့သမိုင်းကြောင်း ရှိခဲ့တယ်။

အကျယ်မဖော်ပြတော့ပါဘူး။

နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုကိုလည်း မြန်မာစာရေးဆရာ၊ ကဗျာဆရာတွေက ခေတ်နဲ့အညီအမြော်အမြင်ကျယ်ဝန်းစွာကြည့်မြင်ပြီး တပ်လှန့်နှိုးလှေ့ရှိခဲ့တယ်။ နမူနာသာဓက ကဗျာတစ်ပုဒ်ဖော်ပြပါရစေ။ ကဗျာဆရာမောင်သိင်္ဂါရဲ့ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲနဲ့ရေးဖွဲ့ခဲ့တဲ့ အချစ်ကဗျာ၊ စစ်ကဗျာကို ဖတ်ကြည့်လိုက်ရအောင်။ ကဗျာခေါင်းစဉ်အမည်က **မလင်းပြာ**တဲ့။ လင်းပြာဆိုတာ ချိုးလင်းပြာလို့ပြောတာ။ တည်ငြိမ်အေးဆေးတဲ့ ငြိမ်းချမ်းရေးကို သင်္ကေတအဓိပ္ပာယ်ဆောင်ပါတယ်။ ကျီးကန်းတို့၊ လင်းတတို့၊ ဆက်ရက်တို့လို မစွာဘူး၊ ပျာယာမခတ်ဘူး။

မလင်းပြာ
မလင်းပြာ မင်းဘာကြောင့် မိုက်ချင်တယ်
မလင်းပြာ မင်းဘာကြောင့် စိမ်းရတယ်
မလင်းပြာ ငါ့လက်တံ လက်မောင်းတွေဟာ
တရကြမ်း ချီလာနေတဲ့
သံချပ်ကာ တင့်ကားကြီးကို
ကာဆီးဟန့်တား
ဆွဲကိုင်ရပ်ထားနိုင်အောင် သန်မာရမယ်။

မလင်းပြာ
ငါ့ရင်ကိုခွဲ
ငါ့အသည်းနှလုံးကိုထုတ်
နောက်တစ်လှမ်းဆုတ်
ရှေ့တအားပစ်သွင်းလိုက်ရင်
မရင်းတပ်သားတွေ အတုံးအရုံး
ဝုန်းခနဲ ဗုန်းခနဲ
လဲသေစေနိုင်ရမယ်။

မလင်းပြာ
ငါမလွမ်းချင်ဘူး
မလင်းပြာ
ငါမငိုချင်ဘူး။
ငါ မပျော့ချင်ဘူးကွယ်။
ငါ ခုပဲ စစ်ထွက်ရတော့မယ်။

မလင်းပြာ
ငါ ဗီယက်နမ်ကို သွားရမယ်
အဲဒီမှာ ရွှံ့ရည်ညစ်ညစ်
သလုံးသားနစ်တဲ့ လယ်တရိုးမှာ
ပျိုးနုတ်နေသူ လုံမရဲ့
ကျောက ရိုင်ဖယ်ကိုယူ
ကျူးလာသူ လေယာဉ်မှန်သမျှ
ငါ စောင့်ပစ်ပေးရမယ်။

မလင်းပြာ
ငါ ရိုဒီးရှားကို သွားရမယ်။
အဲဒီမှာ လူဖြူလက်တစ်ဆုပ်စာက
ငါတကော မင်းလုပ်
ပြည်သူတွေကို ခြယ်လှယ်သွေးစုပ်ပြီး
ကျွန်လုပ်ညှဉ်းဆဲနေကြရာ
ရရာလက်နက် ကိုင်စွဲ
ပြည်သူတွေ တော်လှန်စစ်ကိုဆင်နွှဲနေကြရာ
အသားမည်းတွေဘက်က ငါဝင်ကူတိုက်ပေးမယ်။

မလင်းပြာ
မိုဇမ်ဘစ် အန်ဂိုလာ
ဇင်ဘာဘွေ ကွန်ဂိုး
အာဖရိက တရိုးမယ်
နိုးကြား လက်နက်စွဲ
တိုက်ပွဲဝင်နေသူ လူမည်းတွေရဲ့
ခြိမ့်ခြိမ့်သဲ စစ်ဗုံသံ
ဘဝဂ်သို့ ညံနေရာ
ငါ စစ်ချီတေးတွေ သွားဆိုမယ်။

မလင်းပြာ
ငါ လက်တင်အမေရိကားကို သွားရမယ်။
အဲဒီမှာ ဗင်နီဇွေးလားကင်ယွန်
ရေတံခွန် လျှိုအကြား
ပြောက်ကျားစခန်းတစ်ခုကနေ
လှုပ်ရှားမှုရေးရာများနဲ့ ပတ်သက်လို့
ရဲဘော် 'ချေ' ဂွေဗားရားရဲ့
ညွှန်ကြားချက်တစ်စောင်ကို
တောင်တွေဖြတ်သန်း
မြိုင်တန်းတွေ လျှိုးဝင်
လွင်ပြင်မှာ ဝပ်တွား
ပြေးလွှားပို့ပေးမယ့်
တော်လှန်ရေးဆက်သားတွေ လိုနေသတဲ့ကွယ်။

မလင်းပြာ
ငါ နယူးယောက်ကို သွားရမယ်။
အဲဒီမှာ ဗီယက်နမ် စစ်ညစ် ရပ်စဲပစ်။
"တို့လူငယ်တွေ မသေချင်ဘူး"
ရင့်ကျူးဟစ်ဆို
အင်ပါယာအဆောက်အအုံကြီး ပြိုမတတ်
ဖြိုမရ ခွဲမရ
ဆန္ဒပြ တပ်ကြီးတွေ
ဒီရေလှိုင်းအိ
တတိတိချီလေရာ
ငါ ပိုစတာတစ်ခု ဆွဲပြီး လိုက်ဦးမယ်။

မလင်းပြာ
ငါမလွမ်းချင်ဘူး။

စာမျက်နှာ ၁၅ သို့ ➤

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစေ ၄၀၀၀ စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစေ ၄၀၀၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာစေ ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ နေကြာစေ ၄၀၀၀ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေး သွားပါမယ်။ သန့်ရှင်းလတ်ဆတ်တဲ့ဆီ စားသုံးနိုင်ဖို့နဲ့ ဒေသတွင်း စားသုံးဆီ လိုအပ်ချက်ဖြည့်ဆည်းဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ နေကြာရဲ့တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်။ လက်ရှိ တောင်သူ အသိပညာပေး လုပ်ငန်းတွေနဲ့ မျိုးကောင်းမျိုးသန့်တွေရရှိဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ နေကြာကို အခက်အခဲမရှိ စိုက်ပျိုးနိုင်စေရန်၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရန်၊ နေကြာမျိုးစေ့ သုံးစွဲမှုမှန်ကန်စေရန်၊ ရေအသုံးချမှု မှန်ကန်စေရန်၊ မြေဆီလွှာ ပြုပြင်မှုမှန်ကန်စေရန် စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ရေနံချောင်းမြို့နယ် ငါးလန္တာကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ရေနံချောင်း စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝက်မစွတ်ကျေးရွာအုပ်စု ငါးလန္တာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်ခင်မာကြည်နှင့် ဝန်ထမ်းများက တက်ရောက်လာကြသောကျေးရွာသူ၊ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင် ၁၃ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ငါးလန္တာကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နော်လူး**

á **စာမျက်နှာ ၁၄ မှအဆက်**

မလင်းပြာ
ငါ မငိုချင်ဘူး။
မလင်းပြာ
ငါ မပျော့ချင်ဘူးကွယ်။
မလင်းပြာ
ငါ ခုပဲ စစ်ထွက်ရတော့မယ်။
မလင်းပြာ
မင်းဘဲ့ကြောင့် မိုက်ချင်တယ်။
မလင်းပြာ
မင်းဘဲ့ကြောင့် စိမ်းရတယ်။
မလင်းပြာ
မင်းပြည်သူတွေကို ချစ်တယ်ဆိုရင်
မလင်းပြာ
မင်းပြည်သူတွေကို သနားတယ်ဆိုရင်
ပြည်သူ့တပ်ဖျားက
စစ်သားကြီးတစ်ယောက်ရဲ့
တောက်ပတဲ့ သံမဏိနှလုံးသားကိုမှ
အားရမွကြေ နှင်းဆီပန်းနုနုလေးလို
မင်း ချေချင်ရသလဲ။
မလင်းပြာ
ငါ မလွမ်းချင်ဘူး။
မလင်းပြာ
ငါမငိုချင်ဘူး
မလင်းပြာ
ငါမပျော့ချင်ဘူးကွယ်။
မလင်းပြာ
ငါ ခုပဲ စစ်ထွက်ရတော့မယ်။
အဲဒါ မောင်သိင်္ဂါရဲ့ အချစ်ကဗျာ၊ စစ်ကဗျာပါပဲ။
**မရင်း = Marines**

**မောင်သိင်္ဂါ(၁၉၃၂-၂၀၂၂)**
**၁၉၆၅၊ မန္တလေးတက္ကသိုလ်**

မောင်သိင်္ဂါဆိုတာ အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး မောင်သာနိုး ခေါ် ကျောက်ဆောက်သာနိုးဖြစ်ပါတယ်။ စာဖတ်သူလည်းတွေ့ရပြီပဲ။ ကဗျာဆရာဟာ နိုင်ငံတကာကို မြင်ကွင်းကျယ်ရှုမြင်ဖော်ပြတယ်။ ထိုစဉ်က အမေရိကန်အရင်းရှင်နယ်ချဲ့စနစ်ရဲ့ ဗီယက်နမ်ကျူးကျော်စစ်(၁၉၆၅-၁၉၇၅)အပါအဝင် နိုင်ငံတကာကို မတရားကျူးကျော်ရန်စ သိမ်းပိုက်တိုက်ခိုက်မှုတွေကို ဆန့်ကျင်တိုက်ခိုက်ရေးဖွဲ့ခဲ့တယ်။

၂၁ ရာစု ဗဟုသုတ၊ နိုင်ငံတကာအမြင်အကြား အားနည်းရုံမကပိုက်ဆံရရင် မှန်မှန်မှားမှားလုပ်မှာပဲ။ ဒေါ်လာပေးရင် ဘယ်လောက်ဆိုးဆိုးလုပ်ပေးမှာပဲ။ နိုင်ငံနဲ့ပြည်သူကို မီးတင်ရှို့ရမလား ရှို့ပေးမယ်ဆိုတဲ့ အရင်းရှင်နယ်ချဲ့လက်ဝေခံ(Proxy)ရုပ်သေးရုပ်၊ (Cell)ကလာပ်စည်းအဖွဲ့ဝင်အဖြစ် သူတစ်ပါးအလိုကျစေခိုင်းသမျှ လိုက်ပါလုပ်ဆောင်ရသူ စာပေလောကသားအချို့ရဲ့ မှားယွင်းမိုက်မဲစွာ သွေးဆောင်ဖြားယောင်းရေးသားဟောပြောမှုများကြောင့် မသိနားမလည်တဲ့ ပြည်သူပြည်သားများ၊ လူငယ်လူရွယ်များဟာ "လက်နက်ကိုင်ဆူပူမှုများ"နဲ့ ပြည်သူတွေကို ဖိစီးသတ်ဖြတ်နှိပ်စက်ခဲ့ကြပါတော့တယ်။

ရှက်စရာကောင်းလိုက်တာ။ကြေကွဲရင်နင့်စရာဖြစ်ခဲ့ကြရပါတယ်။

တစ်ချိန်က လေးစားချစ်ခင်ခဲ့ရသူတွေလည်းပါရဲ့။ ဤရွေ့ဤမျှ အသိဉာဏ်အမြော်အမြင်လွဲလွဲမှားမှားနဲ့ဆက်ရက်ကို ချိုးထင်၊ သမက်ကိုသူခိုးထင်ပြီး သူခိုးကိုဓားရိုးကမ်းသလို ရေးကြသားကြ၊ ပြောကြဟောကြ။ နိုင်ငံတော်ပြိုကွဲပျက်ပြားရေးအတွက် ပြည်ပနယ်ချဲ့အလိုကျရုပ်သေးရုပ်ဘဝနဲ့ကြိုးဆွဲသမျှကခဲ့ကြသူတွေကို သနားနေမိပါတော့တယ်။

ယနေ့ ၂၁ ရာစုဟာ မြန်မာနိုင်ငံအတွက်က စစ်ကိုမလိုပါ။ လက်နက်ကိုင်ပဋိပက္ခတွေ၊ အချင်းချင်းမုန်းတီးရန်ငြိုးဖွဲ့အောင် လောင်စာမီးအမျိုးမျိုးကိုညှိပျိုးပေးနေရမယ့်အခြေအနေမဟုတ်ပါ။ သတင်းမီဒီယာလွှမ်းမိုးမှုနဲ့ ဖျက်ဆီးချေမှုန်းနေတဲ့ရန်သူ့အလိုကျ ဖျက်ဆီးနှောင့်ယှက်ပုတ်ခတ် နှောင့်ယှက်နေတဲ့အလုပ်တွေ ရပ်သင့်ပါပြီ။

မေတ္တာဖြင့်သာ သာယာအေးချမ်းမှုကို တည်ဆောက်နိုင်မှာပါ။ ဆရာကြီး မောင်သာနိုးလို မလင်းပြာကဗျာမျိုးနဲ့ အရင်းရှင်နယ်ချဲ့ကို တော်လှန်ဆန့်ကျင်ရမယ့်အစား မိမိတိုင်းရင်းသားအချင်းချင်း မုန်းတီးရွံ့ရှာအောင် ကုန်းချောကုန်းတိုက်နေတဲ့အမုန်းစကားတွေဟာ တော်လောက်ပါပြီ။ ပြည်သူတွေကို စာနာသနားစေလိုပါတယ်။


ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။






ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် ၇၇ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ညေ့ခံပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

၎င်းတို့၏ ဇနီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျား၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခင်းကျင်းပြသထားသည့် မြန်မာ-တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နယ်နိမိတ်ချင်းရှည်လျားစွာ ထိစပ်နေသည့် အိမ်နီးချင်းကောင်းမိတ်ဆွေနိုင်ငံများဖြစ်ကြကြောင်း၊ခေတ်အဆက်ဆက်တွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်နှင့်အညီ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် စစ်မှန်သည့်အိမ်နီးချင်းကောင်းပီသမှုတို့ကိုအခြေခံပြီး နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုကိုပိုမိုတိုးတက်ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံကြား "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး လိုအပ်ချိန်တိုင်းတွင် အပြန်အလှန်ကူညီပံ့ပိုးရပ်တည်ပေးနေသည့် နိုင်ငံများလည်းဖြစ်ကြကြောင်း။

ထို့ပြင် ကဏ္ဍအသီးသီးတွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေပြီး အပြန်အလှန်နားလည်မှုကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံကြား မဟာဗျူဟာကျသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်တွင်ရှိသည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ခဲ့ကြောင်း၊ လာမည့်ကာလများတွင် နှစ်နိုင်ငံကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုသာမက ယဉ်ကျေးမှုနှင့် ပညာရေးအစရှိသည့် ပြည်သူအချင်းချင်းချိတ်ဆက်မှုများကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊

တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်ပံ့ပိုးကူညီပေးနေမှုများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာစင်မြင့်များတွင် အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် မြန်မာနိုင်ငံဘက်မှ အပြုသဘော ထောက်ခံကူညီပေးနေမှုများအတွက်လည်းများစွာတန်ဖိုးထားပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် ၇၇ နှစ်မြောက်နှစ်ပတ်လည်အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်းနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုထာဝရတည်တံ့ပါစေကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် ၇၇ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွသုံးဆောင်သည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အနုပညာအဖွဲ့နှင့် သံရုံးမှ ဝန်ထမ်းများက ရိုးရာယဉ်ကျေးမှု အကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၂**

နိုင်ငံ့ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်အခြေခံသည့် စက်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ နည်းပညာရရှိရေးနှင့် ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေး ရည်ရွယ်ချက်များဖြင့်ကျင်းပသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၏ ကဏ္ဍအလိုက်စာတမ်းဖတ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC 1)၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင်ကျင်းပသည့် ကဏ္ဍအလိုက် စာတမ်းဖတ်ပွဲများတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းတို့ ဦးဆောင်သော သဘာပတိအဖွဲ့များက လယ်ယာ၊ သားငါး၊ စက်မှု၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်ကဏ္ဍတို့မှ နိုင်ငံ့ထုတ်ကုန်တိုးမြှင့်ရေးတို့အတွက် ကဏ္ဍအလိုက် လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်သင့်သည့်အခြေအနေများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ဦးစီး၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ပါဝင်သော ဦးဆောင်သဘာပတိအဖွဲ့က အလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် ဖတ်ကြားခဲ့ကြသော စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးကြပြီး မီဒီယာများ၏မေးမြန်းချက်များကို ဖြေကြားကာ အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၁၉၅၄ ခုနှစ်ကတည်းက စတင်ထူထောင်ခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် ၇၂ နှစ်တိုင်ခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေနိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ အဆွေတော်အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာလက်တွဲဆောင်ရွက်ခဲ့သည့် မိတ်ဆွေဖြစ်၍ မိမိတို့နိုင်ငံ၏ အခြေအနေမှန်များကို ပိုမိုသိရှိမည်ဟု ယုံကြည်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ချစ်ကြည်ရင်းနှီးမှုခိုင်မာပြီး အပြန်အလှန်ဖေးမကူညီခဲ့ကြသည့် သမိုင်းကြောင်းများလည်းရှိခဲ့ကြပြီး အစိုးရချင်းသာမက ပြည်သူချင်းလည်း ချစ်ခင်ရင်းနှီးကြပါကြောင်း၊ ထို့ကြောင့် မိမိတို့ နှစ်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်တိုးမြှင့်ရန်အတွက် လွှတ်တော်ကဏ္ဍမှစတင်ဆောင်ရွက်နိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် မြန်မာ-ဂျပန် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်၍ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်ရှိကော်မတီများ၊ အမျိုးသမီး၊ လူငယ်နှင့် နည်းပညာစသည့် ကဏ္ဍအသီးသီးတွင် ဂျပန်အောက်လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအားလုံး လာရောက်လုပ်ကိုင်နိုင်ရန်အတွက် မိမိတို့လွှတ်တော်အနေဖြင့် ဥပဒေပိုင်းဆိုင်ရာများကို စိစစ်သုံးသပ်လျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍနှင့် နည်းပညာပိုင်းတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ နည်းပညာပိုင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးစေလိုပါကြောင်း၊ အဆွေတော် ယခုလိုလာရောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် အမြန်ဆုံးအကောင်အထည်ဖော်နိုင်မည့် ပထမဆုံးသောခြေလှမ်းဖြစ်သည်ဟုယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe က ယခုကဲ့သို့ အဆွေတော်ကို ဂါရဝပြုတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ မိမိအနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်ကတည်းက မြန်မာနိုင်ငံသို့ရောက်ရှိကာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဂျပန်-မြန်မာ နှစ်နိုင်ငံသည် အလွန်ရင်းနှီးကြသည့် မိတ်ဆွေနိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ မိမိ ယခုလိုလာရောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ODA စီမံကိန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နှစ်နိုင်ငံလွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ခြင်းမှစတင်ခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်မှုများမှတစ်ဆင့် ပြည်သူချင်းပိုမိုရင်းနှီးအောင် ဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ သီလဝါစက်မှုဇုန်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ အဆွေတော်အနေဖြင့် အဆင်ပြေသင့်လျော်ချိန်တွင် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးယောအေးလှ၊ ပြည်သူ့လွှတ်တော် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အတွင်းရေးမှူး ဦးမိုးမင်းဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ၉ ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ၉ ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်ထိ လေ့လာရေးခရီးသွားရောက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

လေ့လာရေးခရီးစဉ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Pavel Andreev နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက်စင်တာသို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဆောင်ရွက်ပုံနည်းလမ်းများကို လေ့လာခြင်း၊ ပြည်သူ့ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးဌာနချုပ်(Public Election Observation Head Quarters)သို့သွားရောက်လေ့လာခြင်းနှင့် စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် "Elections in Times of Turbulence" ခေါင်းစဉ်ဖြင့်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ ပါဝင်တက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း မော်စကိုမြို့ Central Administrative Okrug ၊ Tagansky District ရှိ မဲရုံအမှတ်(၁၈၂)၊ Southern Administrative Okrug၊ Donskoy District ရှိ မဲရုံအမှတ် (၁၇၇၂)နှင့် (၁၇၇၉)၊ Moscow Oblast ၊ Klinsky District ရှိ မဲရုံအမှတ်(၈၈၂)၊ (၈၈၃)နှင့် (၈၈၄)တို့သို့ သွားရောက်လေ့လာခဲ့ပြီး မဲလက်မှတ်အသုံးပြုမဲပေးနေမှု၊E-Voting စနစ်ဖြင့် မဲပေးနေမှုတို့ကို လေ့လာကြည့်ရှု၍ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲဆန္ဒရှင်စာရင်းစစ်ဆေးသည့်အဆင့်မှသည် မဲပုံးအတွင်းသို့ မဲစာရွက်ထည့်သည့်အဆင့်ထိ အသေးစိတ်လေ့လာကာ မဲရုံဆောင်ရွက်နေမှုအခြေအနေများကို CCTVဖြင့် စောင့်ကြည့်လေ့လာနေမှုတို့ကိုလည်း လေ့လာကြည့်ရှုခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ၉ ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲတွင် မဲရုံပေါင်း ၉၁၀၀၀ ကျော်၊ မဲဆန္ဒရှင်စုစုပေါင်း ၁၁၁ သန်းကျော်ရှိပြီး တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီ ၁၁ ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၅၂၀၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက်တွင် ကိုယ်စားလှယ်အဖွဲ့သည် ဗဟိုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သုံးသပ်ချက်နှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှတ်ချက်ပြုပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများအဖြစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာခဲ့ရာတွင် မဲရုံများနှင့် မဲပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများသည် စနစ်ကျနမှုရှိပြီး မဲဆန္ဒရှင်များအနေဖြင့် မည်သည့်နှောင့်ယှက်ဖျက်ဆီးမှု၊ ခြိမ်းခြောက်မှုမျှမရှိဘဲ မိမိတို့၏မဲပေးပိုင်ခွင့်ကို လွတ်လပ်စွာကျင့်သုံးနိုင်သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ မဲရုံတာဝန်ရှိသူများအနေဖြင့် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စေ့စပ်တိကျစွာဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်တစ်လျှောက် ပွင့်လင်းမြင်သာမှုရှိပြီး E-voting စနစ်များ၊ Portable Electronic Voting Machine များကိုလည်း အသုံးပြုထားသည့်အတွက် မဲဆန္ဒရှင်များအနေဖြင့် ပိုမိုလွယ်ကူချောမွေ့စွာ မဲပေးနိုင်သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါကြောင်း၊ ကျန်းမာရေးမကောင်းသူများနှင့် မသန်စွမ်းသူများအတွက် နေအိမ်မှမဲပေးခြင်း(Home Voting) စနစ်ဆောင်ရွက်ပေးထားရာ မဲဆန္ဒရှင်များအတွက် အဆင်ပြေစေပြီး မဲပေးမှုရာခိုင်နှုန်း ပိုမိုတိုးတက်စေသည့် စနစ်တစ်ခုအဖြစ် လေ့လာခဲ့ရပါကြောင်း၊မဲဆန္ဒရှင်များအနေဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသကဲ့သို့ နိုင်ငံရေးပါတီကိုယ်စားလှယ်များသည်လည်း ၎င်းတို့၏တာဝန်များကို စနစ်တကျဆောင်ရွက်နေသည်ကိုတွေ့ရှိခဲ့ရပါကြောင်း၊ ဒူးမားလွှတ်တော်ရွေးကောက်ပွဲသည် ဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ အေးချမ်းစွာကျင်းပနိုင်ခဲ့ပြီး လွတ်လပ်မျှတကာ ပွင့်လင်းမြင်သာမှုအပြည့်ရှိသည်ကို တွေ့ရှိရပါကြောင်းဖြင့် ပြောကြားခဲ့သည်။



ယင်းအခမ်းအနားတွင် လွတ်လပ်သော ဓနသဟာယနိုင်ငံများအဖွဲ့(CIS)၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)တို့မှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံအပါအဝင် ဗင်နီဇွဲလား၊ မာလီ၊ ဘာရိန်း၊ အဘ်ခါဇီးယား၊ တာဂျစ်ကစ္စတန်၊ ဘယ်လာရုစ်၊ကာဇက်စတန်၊ဥဇဘက်ကစ္စတန်၊ကာဂျစ်စတန်၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ(CAR)၊ အီကွေဒေါ၊တွန်ဂါ၊တောင်ဆူဒန်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC)နှင့် မာဒါဂတ်စကာနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ဗဟိုအာဖရိက စီးပွားရေးနှင့် ငွေကြေးအသိုက်အဝန်းလူငယ်များသမဂ္ဂ (UJ-CEMAC)တို့မှ ကိုယ်စားလှယ်အဖွဲ့များက မှတ်ချက်ပြုပြောကြားခဲ့သည်။

လေ့လာရေးခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရိုးရာအကအလှများကိုလည်း လေ့လာခွင့်ရရှိခဲ့ပြီး အထင်ကရနေရာများသို့လည်း လှည့်လည်ကြည့်ရှုခွင့်ရရှိခဲ့သည်။ ၉ ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၁၃၃ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၃ ခုမှ ရွေးကောက်ပွဲလေ့လာသူ ၁၁၂၆ ဦး ၊ နိုင်ငံပေါင်း ၅၃ နိုင်ငံမှ နိုင်ငံတကာသံတမန် ၁၂၈ ဦး လာရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၅၁ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၃၅ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၅ ဒသမ ၄၄ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ဦးစွာ ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဧရာဝတီတိုင်းဒေသကြီး၌ ဓာတ်မြေဩဇာစက်ရုံကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီသော သဘာဝဓာတ်ငွေ့ရရှိနိုင်မှုအခြေအနေနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းချိတ်ဆက်နိုင်မှုအခြေအနေများအရ လတ်တလောတွင် တည်ဆောက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ ပြည်တွင်းမှ သဘာဝဓာတ်ငွေ့များ တိုးမြှင့်ရရှိလာမှုနှင့်အတူ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ပြီးစီးပါက နယ်မြေဒေသ၏ လိုအပ်ချက်နှင့် ဈေးကွက်ဖြစ်ထွန်းမှုအခြေအနေအလိုက် ဓာတ်မြေဩဇာစက်ရုံအသစ်များ တည်ဆောက်ခြင်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခေါ် ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းခွင်များနှင့် ရေယာဉ်များတွင် အသုံးပြုရန်အတွက် စက်သုံးဆီကို လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လပွတ္တာမြို့နယ်အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာလုပ်ငန်းခွင်များနှင့် ရေယာဉ်များတွင် အသုံးပြုရန်အတွက် စက်သုံးဆီကို လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့အနေဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်းနှင့် လိုအပ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးအောင်ဇော်မိုး ခေါ် အောင်ဇော်မိုးထွန်း၏ **မူဆယ်မြို့တွင် စက်သုံးဆီ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရန်အတွက် စက်သုံးဆီကို တရုတ်နိုင်ငံမှ တင်သွင်းနိုင်ရေး သွင်းကုန်လိုင်စင်ကို မည်သည့်အချိန်တွင် စတင်ချထားပေးမည်၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မူဆယ်ကုန်သွယ်ရေးလမ်းကြောင်း၏ လက်ရှိနယ်မြေအခြေအနေများကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း စက်သုံးဆီတင်သွင်းရန် အခက်အခဲများရှိနေသော်လည်း ယခင်တင်သွင်းခဲ့မှုအခြေအနေအရလည်းကောင်း၊ အခြားနယ်စပ်စခန်းများမှ တင်သွင်းနိုင်မှုအခြေအနေများအရလည်းကောင်း စိစစ်၍ ပြန်လည်တင်သွင်းခွင့်ပြုနိုင်ရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဓနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ဓနုဖြူမြို့နယ် ဖန်ခါးကွင်း၊ ကျွဲတလင်း၊ ညောင်ကုန်းကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ရှိ ဖန်ခါးကွင်း-ကျွဲတလင်း-ညောင်ကုန်းကျေးရွာချင်းဆက်မြေသားလမ်း ၂ မိုင် ၁ ဖာလုံရှိသည့်အနက် ကျောင်းစုကျေးရွာအုပ်စုမှ ဖန်ခါးကွင်းကျေးရွာ၊ ကျွဲတလင်းကျေးရွာ၊ ညောင်ကုန်းကျေးရွာတို့၏ ရွာချင်းဆက်မြေသားလမ်းသည် အရှည်ပေ ၈၅၀၀ ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသော လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့်အတွက် ဌာနပိုင်လမ်းစာရင်းတွင် ထည့်သွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းမှာ အကျယ် ၁၅ ပေခန့်သာရှိသော မြေသားလမ်းဖြစ်သည့်အတွက် လိုအပ်သော လမ်းအကျယ်ရရှိသည်ထိ လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလမ်းကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ထပ်မံလိုအပ်ပါက ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကျန်အပိုင်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ **မာန်အောင်မြို့နယ် ဆင်နားချောင်ကျေးရွာမှ ဒိုးတန်းကျေးရွာထိ ကျန်ကျောက်ချောလမ်းကို ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် ဆင်နားချောင်ကျေးရွာမှ ဒိုးတန်းရွာထိ လမ်းပိုင်းသည် စုစုပေါင်းအရှည် ခြောက်မိုင် (၄ ဒသမ ၁၅)ဖာလုံရှိပြီး ဆင်နားချောင်ကျေးရွာမှ လက်မဲပြင်ကျေးရွာထိ လမ်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက စီမံခန့်ခွဲသော လမ်းပိုင်းဖြစ်ပါကြောင်း။

သိမ္ဘလ-ဆင်နားချောင်း-ကင်းတဲ-လက်မဲပြင်ထိ လမ်းအရှည် ငါးမိုင် (သုည ဒသမ ၁၅)ဖာလုံရှိရာ လက်ရှိလမ်းအခြေအနေမှာ ၁၂ ပေ ကွန်ကရစ်လမ်း တစ်မိုင် (၃ ဒသမ ၃၅) ဖာလုံနှင့် ကျောက်ချောလမ်း သုံးမိုင် (၄ ဒသမ ၈) ဖာလုံဖြစ်ပြီး ပျက်စီးနေသောလမ်းပိုင်း သုံးမိုင် (၂ ဒသမ ၃) ဖာလုံကို ဖြန့်ကျောက်စရစ်ခင်းပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် (၃၈ ဒသမ ၇) သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်ရှိလမ်းပိုင်းအနက် ၂ ဒသမ ၅ ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် လာမည့်ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

လက်မဲပြင်-ဒိုးတန်း-နဂါးလမ်းထိ လမ်းအရှည် ၄ မိုင် ၄ ဖာလုံရှိပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသော Class (B) အဆင့်လမ်းဖြစ်ပါကြောင်း၊ လက်မဲပြင်ကျေးရွာမှ ဒိုးတန်းကျေးရွာထိ ကျောက်ချောလမ်း ၁ မိုင် ၄ ဖာလုံရှိပြီး ရာသီမရွေးသွားလာနိုင်သော လမ်းဖြစ်၍ ပြင်ဆင်ထိန်းသိမ်းရန်လိုအပ်ပါက ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ အကန့်အသတ်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဒိုးတန်းကျေးရွာမှ နဂါးကျေးရွာထိ မြေသားလမ်း သုံးမိုင်ရှိပြီး ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မြေသားလမ်း သုံးမိုင်အနက် တစ်မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၏ **ပူတာအိုမြို့နယ် ပန်းလှိုင်ရပ်ကွက်နှင့် ပူတောင်းကျေးရွာဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ပန်းလှိုင်- ပူတောင်း - မုဒုံလမ်းသည် စုစုပေါင်း လမ်းအရှည် ၂ မိုင် ၇ ဖာလုံရှိပြီး ပြည်နယ်မှ စီမံခန့်ခွဲသော Class (A) အဆင့် ကျောက်ချောလမ်းဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စုစုပေါင်းလမ်းအရှည် ၂ မိုင် ၇ ဖာလုံအနက် လေးဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်းမြို့နယ် မိုးညှင်း-ညောင်ကိုင်း-ကာတူလမ်းပေါ်တွင် သံကူကွန်ကရစ် နန့်ရင်းချောင်းကူးတံတား တစ်စင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မိုးညှင်းမြို့နယ် မိုးညှင်း-ကာဒူ-ညောင်ကိုင်းလမ်းပေါ်တွင် ဆွစ်ဇာလန်နိုင်ငံက လှူဒါန်းထားသော အရှည် ၂၁၁ ပေ၊ အကျယ် ငါးပေရှိ သံမဏိကြိုးဆိုင်းတံတားတည်ရှိပါကြောင်း၊ မိုးတွင်းကာလမှအပ ကျန်ကာလများတွင် ချောင်းအတွင်းမှ ယာဉ်များသွားလာနိုင်ပြီး ကြိုးတံတားအပေါ်မှ လူနှင့် ဆိုင်ကယ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါကြောင်း။

ညောင်ကိုင်းနှင့် ကာဒူကျေးရွာတို့သည် ရာသီမရွေးသွားလာနိုင်ခြင်း၊ ဆက်သွယ်ရေးပြတ်တောက်မှု မရှိခြင်း၊ အကျိုးပြုရလဒ်အနေဖြင့် ကျေးရွာ နှစ်ရွာ၊ အိမ်ခြေ ၄၆၅ အိမ်၊ လူဦးရေ ၂၄၀၀၊ စိုက်ပျိုးဧက၊ ပညာရေးအနေဖြင့် အလယ်တန်းကျောင်း နှစ်ကျောင်းရှိပြီး ကျန်းမာရေးအနေဖြင့် မိုးညှင်းမြို့သို့ ငါးမိုင်သာကွာဝေးပြီး ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းမကြီးများမှတစ်ဆင့် အသုံးပြုသွားလာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါတံတားသည် ဒုတိယဦးစားပေးလမ်းပေါ်တွင် တည်ရှိသဖြင့် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ်၌ အားကစားကွင်း ပွဲကြည့်စင်ကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက နိုင်ငံတော်အကြီးအကဲက ပြည်သူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားရေးနှင့်ပတ်သက်၍ ဒေသအလိုက်အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရန်နှင့် အားကစားကွင်းများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် စံချိန်စံညွှန်းမီအားကစားကွင်း၊ အားကစားရုံများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများ ကြည့်ရှုအားပေးနိုင်ရေးအတွက် ပွဲကြည့်စင်များကို ဖြည့်ဆည်းဆောက်လုပ်ပေးလျက်ရှိပါကြောင်း။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်တွင် လူဦးရေ ၁၇၄၆၄၀ ရှိပြီး မြေဧရိယာ ၄ ဒသမ ၆၅ ဧကရှိ မိုင်းရှူးမြို့နယ် အားကစားကွင်းမှာ နှစ် ၃၀ မြေငှားရန်ရရှိထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ အားကစားကွင်းအတွင်း အလျားပေ ၁၃၀၊ အနံပေ ၃၀ ရှိ ကွန်ကရစ်ပွဲကြည့်စင် နှစ်ထပ် တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၁၇၀ ကို အနီးစပ်ဆုံးဘဏ္ဍာနှစ်၏ ပြည်ထောင်စုငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းအောင်၏ **မိုးကောင်းမြို့ မြို့နယ်အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ အောက်ခင်းကြမ်းပြင်ပြုပြင်ပေးရန်နှင့် ဘောလုံးကွင်း ပွဲကြည့်စင်တစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၏ ပျက်စီးနေသော အောက်ကြမ်းခင်းပြုပြင်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၅၄၀ နှင့် အထူးတန်းပွဲကြည့်စင်၏ ဘယ်ဘက်တွင် ရိုးရိုးတန်းပွဲကြည့်စင် အလျားပေ ၈၀၊ အနံပေ ၃၀ တစ်ခုကို တည်ဆောက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၅၆၄ သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၁၁၀၄ သန်းတို့ကို အနီးစပ်ဆုံးဘဏ္ဍာနှစ်၏ ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ကင်ဆားရပ်ကွက် ပြည်သူ့အားကစားကွင်း၌ ဘောလုံးကွင်းပတ်လမ်း၊ ပွဲကြည့်စင်၊ လူငယ်လေ့ကျင့်ရေး ဘောလုံးကွင်းနှင့် ဖူဆယ်ဘောလုံးကွင်းရုံတို့ကို တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက ကချင်ပြည်နယ် တနိုင်းမြို့နယ် ကင်ဆားရပ်ကွက် ပြည်သူ့အားကစားကွင်းအတွင်းတွင် အားကစားခန်းမ၊ အထူးတန်းပွဲကြည့်စင်၊ စကိုးဘုတ်နှင့် ရုံးအဆောက်အအုံများ ဆောက်လုပ်ထားရှိပြီး စုစုပေါင်းမြေဧရိယာ အလျားပေ ၄၉၀၊ အနံပေ ၃၇၀ သာ ကျန်ရှိသည့်အတွက် တနိုင်းအားကစားကွင်းအတွင်း မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းဖောက်လုပ်ရန်အတွက် မြေဧရိယာလုံလောက်မှုမရှိပါသဖြင့် ဆောင်ရွက်ပေး၍မရနိုင်ပါကြောင်း၊ မြေဧရိယာအကျယ်အဝန်း အလျား ၆၂၂ ပေ၊ အနံ ၃၃၄ ပေရှိမှသာ မီတာ ၄၀၀ ပြေးလမ်းပါ အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

တနိုင်းမြို့နယ် အားကစားကွင်းအတွင်း လက်ရှိပွဲကြည့်စင် ပေ ၁၀၀၊ ပေ ၄၀ ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် **စာမျက်နှာ ၁၉ သို့**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။




ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ကျင်းပသည့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့ အမျိုးသားလွှတ်တော်သည် ပြီးခဲ့သည့် ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတော်အတွက် လိုအပ်သည့် ဥပဒေကြမ်းများကို ဆွေးနွေးခြင်း၊ ပြည်သူလူထု၏ အသံနှင့် လိုအပ်ချက်များကို ဖော်ထုတ်ပေးနိုင်မည့် မေးခွန်းနှင့် အဆိုများကို ဆွေးနွေးဆုံးဖြတ်ခြင်း စသည့် လွှတ်တော်၏တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

ယခုကျင်းပသည့် တတိယပုံမှန်အစည်းအဝေးတွင်လည်း နိုင်ငံတော်အတွက် လိုအပ်သည့် ဥပဒေကြမ်းများ ဆွေးနွေးခြင်း၊ ပြည်သူ့အကျိုးပြုမေးခွန်းများနှင့် အဆိုများကို ဆွေးနွေးခြင်း စသည့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။ **စာမျက်နှာ ၂၀ သို့**

---

**စာမျက်နှာ ၁၈ မှအဆက်**

ခွင့်ပြုရန်ပုံငွေမှ ငွေကျပ်သန်း ၉၀ ဖြင့် တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တနိုင်းမြို့နယ် အားကစားကွင်း ရိုးရိုးတန်းပွဲကြည့်စင် ပေ ၁၀၀၊ ပေ ၄၀ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၇၂၀ နှင့် ဖူဆယ်အားကစားရုံ ပေ ၁၅၀၊ ပေ ၁၁၀ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၃၃၀၀ စုစုပေါင်း ငွေကျပ်သန်း ၄၀၂၀ တို့ကို ဦးစားပေးအလိုက် အနီးစပ်ဆုံးဘဏ္ဍာနှစ်၏ ကချင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားသည်။

မကွေးမဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်၏ **မကွေးမြို့နယ်တွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းတည်ဆောက်ထားခြင်း မရှိသေးသည့်အတွက် ဖွင့်လှစ်နိုင်ရန် ပထမဦးစားပေးမြေနေရာနှင့် ဒုတိယဦးစားပေးမြေနေရာများကို လျာထားခဲ့ပါကြောင်း။

အဆိုပါလျာထားမြေနေရာ နှစ်ခုအနက် ပထမဦးစားပေးမြေနေရာကို အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနပိုင်မြေ ပိုင်ဆိုင်မှုရရှိစေရေးအတွက် ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သမ္မတရုံးက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး အားကစားရေးရာဝန်ကြီးဌာနပိုင် အခမဲ့မြေလွှဲမိန့်ရရှိရေးအတွက် တစ်နှစ်အတွင်း ရေးဆွဲထားသော မြေစာရင်းပုံစံ(၁၀၅/၁၀၆) လိုအပ်သည့်အတွက် ရေးဆွဲ၍ မြို့နယ်မြေစာရင်းဦးစီးဌာနသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မကွေးမြို့နယ် သပြေစမ်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၇၀-ဂ)၊ အကွက်အမည် (တာလမ်းတောင်ကွင်း) မြေဧရိယာ ၅၂ ဒသမ ၀၉ ဧကကို အားကစားရေးရာဝန်ကြီးဌာနပိုင် အခမဲ့မြေလွှဲမိန့်ရရှိပြီးပါက အားကစားနှင့် ကာယပညာသိပ္ပံကျောင်း တည်ဆောက်နိုင်ရေးအတွက် နီးစပ်ရာဘဏ္ဍာနှစ်၏ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်းမြို့နယ် အုန်းကုန်းရွာတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုကာကွယ်ထိန်းသိမ်းရေးအတွက် စီမံချက်များကို လာမည့်ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လက်ပံတန်းမြို့နယ် ကွမ်းသီးတပင်ကျေးရွာအုပ်စု အုန်းကုန်းရွာအနီး ကမ်းပြိုကမ်းစားမှုကာကွယ်နိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေလမ်းကြောင်းပြောင်းလဲမှုအရ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများအတွက် ကွင်းဆင်းတိုင်းတာစစ်ဆေးပေးသွားမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းတိုင်းတာစစ်ဆေးချက်အပေါ်မူတည်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် လျာထားနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၏ **သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ရပ်ကွက်ရှိ ဆင်ဖြူပြင်ဆိပ်ခံဖောတံတားကို သံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဆင်ဖြူပြင်ဆိပ်ခံဖောတံတားကို သံကူကွန်ကရစ်ဆိပ်ခံတံတားအဖြစ် ပြောင်းလဲတည်ဆောက်ရန်အတွက် နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန်လာချိန်တွင် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု ဆောင်ရွက်ပြီး ရရှိလာသည့် လေ့လာဆန်းစစ်မှု အစီရင်ခံစာအရ တစ်ဆင့်ချင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်မွန်းမဲဆန္ဒနယ်မှ ဦးရယ်ဒမ်းတန်၏ **နောင်မွန်းမြို့ ကဆန်ချောင်းကမ်းပြိုကာကွယ်ရေးအတွက် မြေထိန်းနံရံထပ်မံမြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကချင်ပြည်နယ် နောင်မွန်းမြို့ ကဆန်ချောင်းအတွင်း ပျက်စီးသွားသည့် ကမ်းထိန်းနံရံများကိုပြုပြင်ခြင်းနှင့် ဆောင်ရွက်ပြီးသော ကမ်းထိန်းနံရံနောက်ဘက်ရှိ တိုက်စားလွယ်သော ကမ်းပါးများကို အမြင့် ၁၀ ပေထိ မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ကြောင်းနှင့် မြစ်ကမ်းပါးပြောင်းလဲမှုအခြေအနေများကို ကွင်းဆင်းတိုင်းတာစစ်ဆေးသွားမည်ဖြစ်ပါကြောင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်ဇော်ထက်၏ **ဧရာဝတီမြစ်ကမ်း ဆိပ်ဖြူဘက်ခြမ်းတွင် သောင်တူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဧရာဝတီမြစ်ကမ်း ဆိပ်ဖြူဘက်ခြမ်းတွင် သောင်တူးဖော်ခြင်းလုပ်ငန်းသည် ဧရာဝတီမြစ်ပင်မအစီအမံအရ လိုအပ်သည့် မြစ်အကျယ်ရရှိရေး ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ခြင်း၊ သောင်တူးရာမှထွက်ရှိလာသည့် တူးစာများကို ဆိပ်ဖြူဘက်ကမ်း၌ စွန့်ပစ်ရာတွင် အလွယ်တကူ ပြန်လည်ပို့ချခြင်း၊ မျောပါခြင်းမရှိစေရန် စက်ကြီးများဖြင့် စနစ်တကျဖိကြိတ်ဆောင်ရွက်ထားခြင်း၊ မြစ်အကျယ်ချဲ့ခြင်းဖြင့် အနော်ရထာတံတား၏ တံတားတိုင် ရေတိုက်စားဒဏ်ခံရမှုကို လျှော့ချပေးနိုင်ခဲ့၍ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှုလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကာကွယ်ပေးနိုင်ပါ၍ အမှန်တကယ်ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လေ့လာဆန်းစစ်မှုများ သေချာစွာပြုလုပ်ပြီးမှ ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါကြောင်းနှင့် အနာဂတ်အစီအမံဖြစ်သော ယောချောင်းရေစီးရေလာကောင်းမွန်စေရန် ချောင်းဝဖြောင့်ခြင်းလုပ်ငန်းနှင့်အတူ ကမ်းထိန်းခြင်းလုပ်ငန်းများကို လိုအပ်ပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ် နောက်မီးအုပ်စုနှင့် ဝက်လဟာအုပ်စုအတွင်းရှိ ကျေးရွာများ မြစ်ကမ်းထိန်းခြင်းနှင့် မြစ်ကြောင်းလွှဲခြင်းလုပ်ငန်းကို အရေးတကြီးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မကျီးစုကျေးရွာ၊ ကညင်တပင်ကျေးရွာ၊ ကြို့ကုန်းကျေးရွာတို့နှင့် အင်္ဂပူ-ညောင်ကျိုးကားလမ်း ကမ်းပြိုကမ်းစားခြင်းမှ ရေရှည်ကာကွယ်နိုင်ရန်မှာ တိုက်ရိုက်ကာကွယ်သည့်နည်းစနစ်ထက် သွယ်ဝိုက်ကာကွယ်သည့်နည်းစနစ်ဖြစ်သော Pilot Channel မြစ်ဖြတ်မြောင်းဖောက်လုပ်နိုင်မှသာ ထိရောက်အောင်မြင်နိုင်မည်ဟု လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တင်ပြချက်သည် မှန်ကန်ပါသဖြင့် မြစ်ဖြတ်မြောင်းဖောက်လုပ်နိုင်ရေးအတွက် အင်္ဂပူမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့ သဘောတူညီမှုရရှိစေရန် ဦးစွာညှိနှိုင်းဆွေးနွေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆွေးနွေးမှုရလဒ်အပေါ်မူတည်ပြီးမှသာ ငဝန်မြစ်ဖြတ်တူးမြောင်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ငဝန်မြစ်ရေတိုက်စားမှုကာကွယ်ရေးသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာဆိုင်ရာအကူအညီများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ကသာမဲဆန္ဒနယ်မှ ဦးတင်ဌေးက **"ဧရာဝတီမြစ်အတွင်း ရေကြောင်းသွားလာရေးကို တစ်နှစ်ပတ်လုံး ဆောင်ရွက်နိုင်စေရေးအတွက် မြစ်ကြောင်းစီမံခန့်ခွဲမှုလုပ်ငန်းများကို အမျိုးသားအဆင့်စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အမည်ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာကော်မတီဟု ပြင်ဆင်ပြီး ကော်မတီဝင်များ အစားထိုးပြောင်းလဲခြင်းကိုလည်းကောင်း၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၏ တာဝန်များကို ပြင်ဆင်သတ်မှတ်ခြင်းကိုလည်းကောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် မြန်မာ-ဗီယက်နမ်၊ မြန်မာ-ဂျပန်၊ မြန်မာ-တရုတ်၊ မြန်မာ-လာအို လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့များတွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းများ၊ အဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ အမည်စာရင်းများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပေးပို့ထားသော **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ လွှတ်တော်က ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

ရတနာပုံ

စာမျက်နှာ ၁၉ မှအဆက်

လွှတ်တော်ကော်မတီ အသီးသီးအနေဖြင့်လည်း မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကော်မတီအလိုက် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် ဥပဒေများထဲမှ လေ့လာပြီး ဥပဒေများကိုလည်းတွေ့ရှိချက်များ တင်ပြပေးရန်ဖြစ်ကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေကြမ်း တင်သွင်းရန်ရှိလာပါက တစ်ပြေးညီဖြစ်စေရန် တင်သွင်းရမည့် နမူနာပုံစံများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ မိမိတို့ကော်မတီများအလိုက် ဆောင်ရွက်ရန် တာဝန်ရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ရာတွင် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း။

ယခုတတိယပုံမှန်အစည်းအဝေးအတွင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် မိမိတို့၏ အသိ၊ ဉာဏ်ပညာ၊ အတွေ့အကြုံများနှင့် စေတနာများကို အရင်းခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေမည့် ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှုတ်ခွန်းဆက်သအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ပညာရေးဝန်ထမ်းများကို ရာထူးတိုး၊ ပြောင်းရွှေ့နေရာချထားပေးရာတွင် ဝန်ထမ်းများ မူလနေရပ်ဒေသရှိ အခြေခံကျောင်းများ၌ ဦးစားပေးနေရာချထားရန် အစီအစဉ်ရှိ၊ မရှိနှင့် ဆရာ၊ ဆရာမများ လစ်လပ်မှုများပြားသော ကျေးလက်ကျောင်းများတွင် ဒေသခံဆရာ၊ ဆရာမများဖြင့် အစားထိုးဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများရှိ သင်ကြားရေး ဆရာ၊ ဆရာမများ၏ လစ်လပ်နေရာများတွင် ဖြည့်ဆည်းခန့်ထားရာ၌ ကျောင်းသားဦးရေအရ ဆရာလိုအပ်ချက်ရှိသော ကျောင်းများကို ဦးစားပေးဖြည့်ဆည်းခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်မြေဒေသမအေးချမ်းသည့်ဒေသမှ ဆရာ၊ ဆရာမများကို နီးစပ်ရာဒေသများတွင် တွဲဖက်ပေးထားခြင်းဖြင့်သာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြည့်ဆည်းခန့်ထားရာတွင် ရာထူးတိုး သို့မဟုတ် အပြောင်းအရွှေ့လျှောက်ထားသော ပညာရေးဝန်ထမ်း၏ ဦးစားပေးအလိုက် ဆန္ဒပြုကျောင်းနှင့် ဒေသကို လုပ်သက်ရမှတ်၊ တန်းစီဇယားတို့နှင့် လစ်လပ်နေရာတို့ အပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆရာ၊ ဆရာမများ လစ်လပ်လျက်ရှိသော ကျောင်းများတွင် ပညာရေးဒီဂရီကောလိပ်သင်တန်းဆင်းများကို လျာထားခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောလစ်လပ်မှုရှိနေသည့် ကျောင်းများတွင် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၏ အစီအစဉ်ဖြင့် ပြည်နယ်တွင်း အစားထိုးဖြည့်ဆည်း၍ သင်ကြားရေးအောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အောင်မင်္ဂလာရပ်ကွက် သုခ(၃)လမ်းရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတွင် ပျက်စီးလျက်ရှိသော မြေသားလမ်းပေ ၈၂၀ ကို ကွန်ကရစ်လမ်းခင်းပေးရန်၊ ပြိုကျပျက်စီးနေပြီဖြစ်သော ကျောင်းခြံစည်းရိုးအုတ်တံတိုင်းနှင့် အသစ်ပြုလုပ်ရန်ကျန်ရှိသော ကျောင်းခြံစည်းရိုးအုတ်တံတိုင်း ၈၁၉ ပေကို ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ၊ ရှိပါက မည်သည့်ကာလအတွင်း ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွက် အန္တရာယ်ကျောင်းဆောင်များ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း သုံးခု၊ တိုးတက်လာသော ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း နှစ်ခု၊ အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း တစ်ခု၊ ရုံးများ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း တစ်ခု၊ သိပ္ပံဆောင်များ အသစ်ဆောက်လုပ်ခြင်း တစ်ခု၊ စာကြည့်တိုက်များ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း လေးခု စုစုပေါင်းလုပ်ငန်း ၁၂ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၅၄၈၁ ဒသမ ၈၀၀ သန်း ပါဝင်ပါကြောင်း။

အဆိုပါ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းခြံစည်းရိုးပတ်လည် ပေ ၂၂၀၀ ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပေ ၇၀၀၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပေ ၄၃၀ ကို ဌာနရန်ပုံငွေဖြင့် ကာရံခဲ့ပြီး ၂၅၁ ပေကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကာရံထားပြီးဖြစ်ပါကြောင်း၊ လိုအပ်သည့် ၈၁၉ ပေကို အုတ်တံတိုင်းကာရံပေးနိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ဘတ်ဂျက်ဖြင့်လည်းကောင်း၊ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးနေသော ကျောင်းအဝင်လမ်း ပေ ၈၂၀ x ၄ ပေ x ၃ လက်မဒုကို ကွန်ကရစ်လမ်းခင်းပေးရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်ဖြင့်လည်းကောင်း ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ၁၂၀x၃၀x၁၂ ပေရှိ အန္တရာယ်ရှိသော တစ်ထပ် ၄ဝါဆောင်ကို ဖျက်သိမ်း၍ ပေ ၁၄၀x၃၀ RCC သုံးထပ် ကျောင်းဆောင်သစ်တစ်ဆောင်ကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ခွင့်ပြုမိန့်ချထားပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မြိတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၁၅၉၃ ဦး၊ အလယ်တန်းအဆင့် ကျောင်းသားဦးရေ ၈၇၀၊ အထက်တန်းအဆင့် ကျောင်းသား ၇၇၄ ဦး စုစုပေါင်းကျောင်းသား ၃၂၃၇ ဦးရှိပြီး ကျောင်းဆောင်များအနေဖြင့် စုစုပေါင်း ကျောင်းဆောင် ၁၅ ဆောင်၊ စာသင်ခန်း ၅၇ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရှိပါကြောင်း၊ အဆိုပါကျောင်းတွင် လက်ရှိစာသင်ခန်း ၅၇ ခန်းဖြင့် သင်ကြားနေရသည့်အတွက် စာသင်ခန်း ထပ်မံလိုအပ်နေပြီး အန္တရာယ်ဆောင်ဖြစ်သည့် ၄ဝါဆောင် ပေ ၁၂၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်ကို ဖျက်သိမ်း၍ ပေ ၁၄၀ x ၃၀ RCC သုံးထပ်ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးမင်းစမ်း၏ **မွန်ပြည်နယ် ကျိုက်ထိုခရိုင် ဘီးလင်းမြို့နယ် ကင်းရွာကျေးရွာရှိ ကင်းရွာ အခြေခံပညာအထက်တန်းကျောင်းမှ မြန်နန္ဒာကျောင်းဆောင်သည် သက်တမ်း ၂၉ နှစ်ရှိပြီး အလွန်ဆိုးရွားစွာ ပျက်စီးနေပြီဖြစ်ပါသောကြောင့် ၎င်းကျောင်းဆောင်ကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ဆောက်လုပ်ပေးမည်ဆိုပါက အစောဆုံးဘတ်ဂျက်တွင် ထည့်သွင်းဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း စုစုပေါင်းလုပ်ငန်း ၁၂ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၆၆၆ ဒသမ ၆၇၀ သန်း ပါဝင်ပါကြောင်း၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကင်းရွာ-အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့်ကျောင်းသား ၃၈၉ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၅၄၆ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ၁၃၅ ဦး ကျောင်းသားဦးရေ ၁၀၇၀ တက်ရောက်သင်ကြားလျက်ရှိပါကြောင်း၊ အဆိုပါကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင် မြန်နန္ဒာအဆောင်အပါအဝင် ကျောင်းဆောင် ခုနစ်ဆောင်တွင် စာသင်ခန်း ၃၁ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါကျောင်းဆောင်များအနက် မြန်နန္ဒာဆောင် ပေ ၁၅၀ x ၃၀ အုတ်ညှပ်တစ်ထပ်ဆောင်တွင် ဘီးလင်းမြို့နယ်ပညာရေးမှူးရုံးမှ ကျောင်းဆောင်စိစစ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးချက်အရသက်တမ်း ၂၇ နှစ်ရှိပြီး ကျောင်းဆောက်လုပ်စဉ်က လယ်ယာမြေဖြစ်သောကြောင့် ယခုအခါ ကျောင်းဆောင်၏ အောက်ခြေကြမ်းခင်းများနှင့် အုတ်နံရံများကွဲအက်နေခြင်း၊ အမိုးနှင့် မျက်နှာကြက်မိုးယိုမှုများဖြစ်ပေါ်နေသည့်အတွက် အဆိုပါကျောင်းဆောင်ကို ဖျက်သိမ်းပြီး ကျောင်းသားဦးရေအရ လိုအပ်နိုင်သည့်အပေါ်တွင် စိစစ်၍ နီးစပ်ရာဘဏ္ဍာနှစ်တွင် အသစ်ထပ်မံဆောက်လုပ်ပေးနိုင်ရေး တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ တစ်ထပ်ကျောင်းဆောင်နှစ်ဆောင်နှင့် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခွဲအတွင်းရှိ နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်တို့မှာ ကျောင်းဥပမိရုပ် မကောင်းတော့ဘဲ ယိုယွင်းပျက်စီးဆွေးမြည့်နေပြီဖြစ်ပါသဖြင့် ဖျက်သိမ်းခွင့်ပြုရန်နှင့် ၎င်းနေရာများတွင် အစားထိုးလျက် ၁၇၀ x ၃၀ x ၂၅ ပေ RCC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်နှင့် ၁၀၀ x ၃၀ x ၂၂ ပေ RCC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်တို့ကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ၊ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ကလေးဝ အခြေခံပညာအထက်တန်းကျောင်းတွင် အလယ်တန်းအဆင့် ကျောင်းသား ၆၁၁ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ၁၉၇ ဦး စုစုပေါင်း ကျောင်းသား ၈၀၈ ဦး သင်ကြားလျက်ရှိပြီး ကျောင်းဆောင်များအနေဖြင့် အန္တရာယ်ဆောင် ပေ ၉၆ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ အန္တရာယ်ဆောင် ပေ ၈၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်အပါအဝင် စုစုပေါင်းကျောင်းဆောင် ခုနစ်ဆောင်၊ စာသင်ခန်း ၃၅ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ကလေးဝ အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ရှိနေသော ကျောင်းဆောင်နှစ်ဆောင်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းခွင့်များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျောင်းသားဦးရေ တိုးတက်လာသည့်အပေါ် မူတည်ပြီး ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီးဦးစားပေး အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် မူလတန်းအဆင့်ကျောင်းသား ၂၈၁ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၇၃ ဦး စုစုပေါင်း ကျောင်းသား ၃၅၄ ဦး သင်ကြားလျက်ရှိပြီး အဆိုပါကျောင်းတွင် အန္တရာယ်ဆောင် ၄၅ x ၃၀ ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်အပါအဝင် ကျောင်းဆောင် လေးဆောင်၊ စာသင်ခန်း ၁၂ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် အန္တရာယ်ဆောင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းခွင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျောင်းသားဦးရေတိုးတက်လာသည့်အပေါ်မူတည်ပြီး ဖျက်သိမ်းသည့်မြေနေရာတွင် ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးဇော်ဝင်းသန့်၏ **ကျောင်းသားလူငယ်များ မိုဘိုင်းဖုန်းအသုံးပြုမှုအန္တရာယ်မှ ကင်းရှင်းနိုင်စေရေးအတွက် အခြေခံပညာကျောင်းများတွင် ကျောင်းချိန်အတွင်း မိုဘိုင်းဖုန်းသုံးစွဲခွင့်နှင့်ပတ်သက်၍ အမိန့်နှင့် ညွှန်ကြားချက်များ တင်းတင်းကျပ်ကျပ်ထုတ်ပြန်၍ တားမြစ်ထားခြင်း ရှိ၊ မရှိ၊ ထုတ်ပြန်တားမြစ်ထားချက်အပေါ် မလိုက်နာပါက မည်ကဲ့သို့အရေးယူဆောင်ရွက်ရမည်ကို တိကျသောညွှန်ကြားချက်များ ချမှတ်ပေးထားခြင်းရှိ၊ မရှိနှင့် ကလေးသူငယ်ဆိုင်ရာ အွန်လိုင်းဥပဒေရေးဆွဲ၍ ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ထားခြင်းရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာကျောင်းများတွင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများကို အနှောင့်အယှက်မဖြစ်စေရန်၊ သင်ယူမှုအရည်အသွေးမြှင့်တင်စေရန်နှင့် ကျောင်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်စေရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးတို့၏ အဆင့်ဆင့်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းချိန်အတွင်း Mobile Phone ယူဆောင်လာခြင်းနှင့် အသုံးပြုခြင်းတို့ကို တင်းတင်းကျပ်ကျပ်တားမြစ်သည့်စည်းကမ်းချက်များ ထုတ်ပြန်၍ ကျောင်းသား၊ ကျောင်းသူများ လိုက်နာဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်လျက်ရှိပါကြောင်း။

နည်းပညာခေတ်တွင် Mobile Phone ကဲ့သို့ Tablet, iPad, Computer (Desktop, Laptop) စသည့် Digital Device များအသုံးပြုခြင်းဖြင့် အထွေထွေဗဟုသုတများ၊ ကျောင်းသင်ခန်းစာနှင့် သက်ဆိုင်သော အကြောင်းအရာများ၊ ဘာသာစကားကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှုများအပြင် အခြားနည်းပညာဆိုင်ရာ အကြောင်းအရာမျိုးစုံကို လေ့လာဆည်းပူးနိုင်ပါကြောင်း၊ ၂၁ ရာစု ကျွမ်းကျင်မှုများကို လေ့လာသင်ယူနေသည့် မျိုးဆက်သစ်များအနေဖြင့် နည်းပညာလေ့လာလိုက်စားပြီး ကျွမ်းကျင်ရန်လည်း လိုအပ်ပါကြောင်းနှင့် Mobile Phone ကန့်သတ်ခြင်း၏ ရည်ရွယ်ချက်မှာ ကလေးငယ်များ ဖုန်းအလွန်အကျွံသုံးစွဲခြင်းမှ ကာကွယ်ရန်၊ မကောင်းသည့် အကျင့်စရိုက်များ ကူးစက်နိုင်ခြင်း၊ အတုယူမှားခြင်း၊ ကျောင်းသားအချင်းချင်း နိုင်ထက်စီးနင်းပြုမူခြင်း၊ စိတ်ခံစားပျက်ပြားခြင်း စသည့်ဆိုးကျိုးများကို တားမြစ်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများတွင် ကျောင်းသားကလေးသူငယ်များ မိုဘိုင်းဖုန်းသုံးစွဲမှုကို တားမြစ်ကန့်သတ်သည့် ဥပဒေပြဋ္ဌာန်းချက် မရှိသေးသော်လည်း ကျောင်းသားကလေးသူငယ်များကို အွန်လိုင်းပလက်ဖောင်းမှတစ်ဆင့် ခြိမ်းခြောက်အန္တရာယ်ပြုခြင်း၊ အမြတ်ထုတ်ခြင်းတို့နှင့်ပတ်သက်၍ ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်း၊ အရေးယူခြင်းများ ပြုလုပ်နိုင်ပါကြောင်း။

သို့ပါ၍ ကျောင်းသားလူငယ်များ ကျောင်းချိန်အတွင်း Mobile Phone သုံးစွဲမှုကို ထိထိရောက်ရောက် တားမြစ်နိုင်သော်လည်း ကျောင်းချိန်ပြင်ပအချိန်များတွင် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ပိုမိုအကျိုးရှိသည် ရလဒ်များရနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းများက လှူဒါန်းမှုကို ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်ဝင်း၊ ဦးအောင်တင်မြင့်၊ ဦးအောင်ကျော်မင်း၊ ဒေါ်ဇင်ပပဦးတို့က သွားရောက်လှူဒါန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ပါကြောင်း၊ ထိုသို့ လှူဒါန်းခြင်းကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ကို စက်တင်ဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား
လွှတ်တော်
ရုပ်သံဖိုင်
ကြည့်ရန်

# ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲဖွင့်ပွဲနှင့် တရုတ်(ကွမ်ရှီး)-အာဆီယံ စိုက်ပျိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

တရုတ်-အာဆီယံကုန်စည်ပြပွဲ (China-ASEAN Expo)၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပလက်ဖောင်းကို အပြည့်အဝအသုံးချ၍ စိုက်ပျိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာဆောင်ရွက်ရန်နှင့် ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရက (China (Guangxi)-ASEAN Agricultural and Poverty Reduction Cooperation Conference) တရုတ်(ကွမ်ရှီး)-အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု ကွန်ဖရင့်ကို စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။



အဆိုပါအစည်းအဝေးတွင် ခေတ်မီနည်းပညာသုံးစိုက်ပျိုးရေး (Smart Agriculture)၊ ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy) နှင့် ဆင်းရဲမှုလျှော့ချရေး (Poverty Alleviation) စသည့်ကဏ္ဍများကို အဓိကထားဆွေးနွေးခဲ့ပြီး အဆင့်မြင့်ဆွေးနွေးပွဲများ (High-Level Dialogues) ကို ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

တရုတ်(ကွမ်ရှီး)-အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု ကွန်ဖရင့်သို့တက်ရောက်ရန် နန်နင်းမြို့၌ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဖွင့်ပွဲသို့ အာဆီယံအဖွဲ့ဝင် ခုနစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် တရုတ်(ကွမ်ရှီး)-အာဆီယံစိုက်ပျိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု ကွန်ဖရင့်ဖွင့်ပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး တရုတ်(ကွမ်ရှီး)-အာဆီယံ စိုက်ပျိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအတွက် သဘောတူညီမှုလက်မှတ်ရေးထိုးပွဲ၌ အသိသက်သေအဖြစ် မှတ်တမ်းတင် ပါဝင်၍ ခေတ်မီနည်းပညာသုံးစိုက်ပျိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်၍ အရည်အသွေးမြင့်ထုတ်လုပ်မှုစွမ်းအားများ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းမြှင့်တင်ခြင်းစကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ကြည့်ရှုလေ့လာပြီး JJR Science and Technology Group Co., Ltd သို့သွားရောက်၍ ဂြိုဟ်တုအသုံးပြုအဝေးထိန်းချုပ်သည့် နည်းပညာဖြင့် ရေပေးသွင်းခြင်း၊ ဓာတ်မြေဩဇာအရည်များ ထည့်သွင်းခြင်း၊ AI ရုပ်ပုံကားချပ်ဖြင့် ဆန်းစစ်ခြင်း၊ စုစည်းထားသောတိကျမှန်ကန်သည့် ယခင်မိုးလေဝသကိန်းဂဏန်းအချက်များနှင့် ယခုကိန်းဂဏန်းအချက်အလက်များကို နှိုင်းယှဉ်လေ့လာခြင်း၊ သီးနှံကြီးထွားမှုနှင့် ဖျက်ပိုးကျရောက်မှုများကို စောင့်ကြည့်လေ့လာ၍ သတိပေးခြင်း၊ တိကျမှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များဖြင့် စနစ်ကျသောစိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများတွင် ဝန်ဆောင်မှုပေးခြင်းနှင့် အွန်လိုင်းမှ သစ်သီးဝလံများ ကုန်သွယ်ခြင်းဆောင်ရွက်နေမှုနှင့် JJR Science and Technology Group Co., Ltd ၏ AI နည်းပညာအသုံးပြု ဘလူးဘယ်ရီစိုက်ခင်းတို့ကို ကြည့်ရှုလေ့လာသည်။

စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် Guangxi Aquatic and Animal Husbandry School သို့ သွားရောက်၍ ငါးမွေးမြူရေးနည်းပညာ၊ ငါးမျိုးစိတ်များ မျိုးပွားထုတ်လုပ်ခြင်း၊ ရေထွက်သတ္တဝါများ၏ ရောဂါကာကွယ်၊ ကုသရေး၊ အစာနှင့် အာဟာရစီမံခန့်ခွဲမှု၊ ရေအရည်အသွေးစီမံခန့်ခွဲမှု၊ ရေထွက်ပစ္စည်းထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၊ နွား၊ ဝက်၊ ကြက်စသည့်မွေးမြူရေးတိရစ္ဆာန်များ မွေးမြူထုတ်လုပ်ခြင်း၊ တိရစ္ဆာန်အာဟာရနှင့် အစာကျွေးစနစ်၊မျိုးပွားရေးနှင့်မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ မွေးမြူရေးခြံစီမံခန့်ခွဲမှု၊ တိရစ္ဆာန်ထွက်ကုန်များထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးထိန်းသိမ်းခြင်း၊ အအေးခန်း၊ Cold Chain၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ဆန်၊ ဆီထွက်ကုန်၊ မွေးမြူရေးထွက်ကုန်များ ပြုပြင်ထုတ်လုပ်ခြင်း၊ Quality Control နှင့် Food Safety တို့ကို လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ❑ ဖလမ်းမြို့မှ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ အဆိုပါကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံနည်းပြဆရာမက သင်တန်းသုံးကိရိယာများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် သင်တန်းသားခေါ်ယူမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လက်ရက်ကန်းကျောင်းအဆောက်အအုံ၊ ရက်ကန်းသင်တန်းသားအမျိုးသားအဆောင်၊ ရက်ကန်းသင်တန်းသူ အမျိုးသမီးအဆောင်၊ နည်းပြနေအိမ်၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် ကျောင်းအုပ်နေအိမ်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ပြီး ရုံးအဆောက်အအုံ၊ ကျောင်းအုပ်နေအိမ်၊စတိုဆောင်၊သင်တန်းသားအိပ်ဆောင်များနှင့် စားရိပ်သာအဆောက်အအုံ ပြုပြင်နေမှုများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူးရုံးအဆောက်အအုံပြုပြင်ပြီးစီးမှု၊ ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းအရည်အသွေး၊ လုပ်ငန်းအရည်အသွေးများ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ထို့နောက် တောင်တန်းသာသနာပြုဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဦးဥတ္တမသာရ တည်ထားကိုးကွယ်ခဲ့သော ရန်ပြေမာန်ပြေအောင်တော်မူ ဓာတ်ပေါင်းစုဆုတောင်းပြည့်စေတီတော် မွမ်းမံပြင်ဆင်ရန်အတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းသည်။

ရန်ပြေမာန်ပြေ အောင်တော်မူ ဓာတ်ပေါင်းစုဆုတောင်းပြည့်စေတီတော်ကြီးသည် ၁၉၉၅ ခုနှစ် မတ် ၂၂ ရက်တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စေတီတော်ကြီး၏ ထုံးသင်္ကန်းများ မှိန်လျော့နေခြင်း၊ စောင်းတန်းများပျက်စီးနေခြင်းနှင့်အတူ စေတီတော်ရှိ ခြင်္သေ့နှစ်ကောင်၊ အဆင်းလှေကားများ၊ ဆရာတော်ကြီး၏ ရုပ်တုနှင့်အဝင်မုခ်ဦးများ ဆေးသုတ်ရန် လိုအပ်လျက်ရှိသည့်အတွက် အလှူငွေများကောက်ခံလှူဒါန်းခြင်းဖြစ်ကြောင်း၊ ဖလမ်းမြို့ ရန်ပြေမာန်ပြေအောင်တော်မူ ဓာတ်ပေါင်းစုဆုတောင်းပြည့်စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စေတနာရှင် ပြည်သူများအနေဖြင့် ဦးမင်းမင်းလတ် တယ်လီဖုန်းနံပါတ် ၀၉-၄၄၈၁၀၉၇၈၇၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သား သမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစား သားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ် ကိုးရပ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၆၉ ဦးတက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၃ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကအဆိုပြုသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး၏အမည်စာရင်းကို လွှတ်တော်သို့ကြေညာခြင်းနှင့် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ကို စက်တင်ဘာ ၂၄ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)







ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**✱ တားဆီးကာကွယ်ရေးလုပ်ငန်းများမှ**

(ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင်(၁၂/၂) နှင့် (၁၂/၃)ကြားရှိ စွန့်ပစ်တာ၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အလျား ပေ ၁၆၀၊ အနံ ၁၅ ပေခန့် ထပ်မံ၍ တာပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် (၁၂ / ၂) ပေ ၅၀၀ နှင့် (၁၂ /၃)ကြားတွင် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ ကမ်းရင်းတာခြေတုတ်ရိုက်သဲဖြည့်ခြင်း၊ တာမိုင်အမှတ်(၁၁/ ၅)နှင့် (၁၁/ ၆) ကြားတွင် ယာယီပန်းတာတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင်မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တွင် ယနေ့ထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ ငဝန်ပန်းတာရေဝင်လမ်းကို Geobags အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile များရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် တာတမံနိမ့်ကျပြီး ရေကျော်စီးဝင်ခဲ့သည့်နေရာ၌ Steel Sheet Pile များကို အပြီးသတ်ရိုက်သွင်းပြီးဖြစ်ကြောင်းနှင့် Steel Sheet Pile များ တောင့်တင်းခိုင်မာစေရန်အတွက် Geo-bags အိတ်များချခြင်း၊ Jumbo Bag အိတ်များချခြင်းလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**❖ U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲမှ**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းတို့၌ ဇုန်လေးဇုန်ခွဲ၍ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာ ဇုန်များအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့သည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးအဆင့်ပွဲစဉ်များအဖြစ် ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ ဒေသကြီးအသင်းနှင့် ကချင်ပြည်နယ် ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

စက်တင်ဘာ ၂၃ ရက်(**ယနေ့**) ညနေ ၃ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးအဆင့်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ




တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ကင်းသာ)၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(သူဌေးကုန်း)နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း (စေတနာ)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ်-

"သမီး ဒီကနေ့ စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာတဲ့အခါမှာ ပြခန်းသုံးခုကို တွေ့ရှိခဲ့ရပါတယ်ရှင့်။ အဲဒီပြခန်းသုံးခုကတော့ ကြည်း၊ ရေ၊ လေ ပြခန်းပဲဖြစ်ပါတယ်ရှင့်။ အဲဒီထဲမှာမှ သမီးအကြိုက်ဆုံးပြခန်းကတော့ ကြည်းပြခန်းပဲဖြစ်ပါတယ်ရှင့်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံခေါင်းဆောင်တွေရဲ့ ဓာတ်ပုံတွေ နိုင်ငံခေါင်းဆောင်တွေ အသုံးပြုခဲ့တဲ့ အသုံးအဆောင်တွေကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒါ့ပြင် သမိုင်းဝင်မှတ်တမ်းတွေကိုလဲ လေ့လာဖတ်ရှုခဲ့ရပါတယ်ရှင့်။ သမီးတို့လို ကျောင်းသား၊ကျောင်းသူတွေ ဗဟုသုတရအောင်လို့ ဒီစစ်သမိုင်းပြတိုက်ကိုလာရောက်ဖို့ သမီးကနေ




ပြီးတော့ ဖိတ်ခေါ်အပ်ပါတယ်ရှင့်။ အခုလို တပ်မတော် စစ်သမိုင်းပြတိုက်ကို လာရောက်ကြည့်ရှု လေ့လာခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံရဲ့အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ပြခန်းအသီးသီးမှာ ရှင်းပြပေးတဲ့ တာဝန်ရှိသူများအားလုံးကို သမီးအနေနဲ့ ကျေးဇူးအများကြီး တင်ပါတယ်ရှင့်"ဟု ပြောသည်။

"ဒီနေ့ ကျွန်တော်တို့ ကျောင်းကတော့ လေ့လာရေးခရီးစဉ်အနေနဲ့ စစ်သမိုင်းပြတိုက်ကို သွားရောက်ခဲ့တာဖြစ်ပါတယ်။ စစ်သမိုင်းပြတိုက်မှာဆိုရင် ကြည်းဆောင်၊ ရေဆောင်နဲ့ လေဆောင်ဆိုပြီး အဆောင်သုံးဆောင်ရှိပါတယ်။ ကြည်းဆောင်မှာ ကျွန်တော်တို့အနေဖြင့် မြန်မာ့တပ်မတော်ရဲ့ သမိုင်းကြောင်းအစဉ်အလာတွေ ရဲဘော်သုံးကျိပ်ရဲ့ သမိုင်းနောက်ခံတွေနဲ့ ခေတ်ဆက်ဆက်အသုံးပြုခဲ့တဲ့ လက်နက်တွေကိုလဲ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့လေ့လာခဲ့တဲ့ ရေဆောင်မှာဆိုရင်လဲ တပ်မတော်ရေရဲ့ သမိုင်းနောက်ခံတွေကိုလဲ အများကြီးလေ့လာခဲ့ရပါတယ်။ ကျွန်တော်တို့ အခုရောက်ရှိနေတဲ့ နေရာကတော့ လေဆောင်ပဲဖြစ်ပါတယ်။ လေဆောင်မှာဆိုရင်လဲ ခေတ်အဆက်ဆက်က အသုံးပြုခဲ့တဲ့လေယာဉ်ပျံကြီးတွေ တပ်မတော်လေရဲ့ သမိုင်းနောက်ခံတွေကိုလဲ အများကြီးလေ့လာတွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့ကို လေ့လာရေးခရီးပို့ဆောင်ပေးခဲ့တဲ့ တာဝန်ရှိလူကြီးများအားလုံးနဲ့ လိုက်လံရှင်းပြပေးခဲ့တဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ လိုက်လံပို့ဆောင်ပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေအားလုံးကိုလဲ အထူးပဲ ကျေးဇူးတင်ရှိပါတယ် ခင်ဗျာ"ဟု ပြောသည်။ (ဗဟို)

# မိုင်းနောင်မြို့နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့ရှိ နမ့်ခုံးရှမ်းများ ပရဟိတအသင်းရုံးကုသိုလ်ဖြစ်ဆေးခန်း၌ မိုင်းနောင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က တိုက်နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ သက်ကြီးဘိုးဘွား ၁၆၅ ဦးတို့ကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မိုင်းနောင်တပ်နယ်မှ တာဝန်ရှိသူများက



မိုင်းနောင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

သွားရောက်ကြည့်ရှုအားပေးပြီး သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် နမ့်ခုံးရှမ်းများ ပရဟိတအသင်းရုံးကုသိုလ်ဖြစ်ဆေးခန်း အတွက် အလှူငွေများပေးအပ်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# စမ်းချောင်းမြို့နယ်၌ လူငယ်အချင်းချင်းစကားများရန်ဖြစ်စဉ် အုပ်စုဖွဲ့ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့်ထိုးခဲ့သည့် လူငယ်များကို ဖမ်းဆီးရမိ



စမ်းချောင်းမြို့နယ်၌ လူငယ်အချင်းချင်း စကားများရန်ဖြစ်စဉ် အုပ်စုဖွဲ့ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့်ထိုးခဲ့သည့် လူငယ်များကို ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ စက်တင်ဘာ ၁၇ ရက်က လူငယ်အချင်းချင်း စကားများရန်ဖြစ်စဉ် အုပ်စုဖွဲ့ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့်ထိုးခဲ့သည့် လူငယ်များကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီခန့်တွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းမပေါ်ရှိ စမ်းချောင်းလင့် မုန့်ဈေးတန်းတွင် ကြည့်မြင်တိုင်မြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက် ပန်းလှိုင်အိမ်ရာနေ မောင်ဇူဇင်ဝင်းထွဋ် ၂၃ နှစ်နှင့် သူငယ်ချင်းဖြစ်သူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၇)ရပ်ကွက်နေ မောင်အာကာကျော် ၁၈ နှစ်တို့ နှစ်ဦးသည် အမည်မသိ လူငယ်တစ်စုနှင့် စကားများရန်ဖြစ်ကြစဉ် ၎င်းတို့နှစ်ဦးကိုလူငယ်များက ဝိုင်းဝန်းရိုက်နှက်၍ ဆဲဆိုခြိမ်းခြောက်ကာ ဓားဖြင့်ထိုးခဲ့သောကြောင့် မောင်ဇူဇင်ဝင်းထွဋ်နှင့် မောင်အာကာကျော်တို့ နှစ်ဦးတွင် ခန္ဓာကိုယ်၌ ဒဏ်ရာများအသီးသီးရရှိမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူ လူငယ်များကို ဖော်ထုတ်အရေးယူနိုင်ရေး စမ်းချောင်းမြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ တရားခံများကို စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ လူငယ်များကို စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၆)ရပ်ကွက်နေ မရွှေရည်ဝတီ ခေါ် သဒ္ဒါ ၁၈ နှစ်ကို ယင်းနေ့ညနေပိုင်းတွင် သာကေတမြို့နယ် ၁/ထူပါရုံရပ်ကွက် အမှတ်(၁၀၆၂/ခ)ရှိ နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ စက်တင်ဘာ ၂၁ ရက် နေ့လယ်ပိုင်းတွင် ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူများဖြစ်သည့် မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက်နေ သူရိန်ထွန်း ခေါ် Harry ၁၈ နှစ်ကို ဒဂုံမြို့နယ် ပြည်(အနောက်)ရပ်ကွက် တော်ဝင်လမ်း၌လည်းကောင်း၊ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်နေ တင်အောင်ဝင်း ခေါ် ဇင်ကို ၁၈နှစ်ကို၎င်း၏နေအိမ်၌လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ နိုင်မင်းခန့် ခေါ် အာကာဟိန်း ခေါ် ရိုင်ကူး ၁၇ နှစ်ကို မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ တိလောကရပ်ကွက် ရန်ကုန်-ပြည် ကားလမ်းမဘေး၌ ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် အရိုး၊ အသွား ခြောက်လက်မခွဲခန့်ရှိ ဓားမြှောင်တစ်ချောင်းဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ယင်းနေ့ညပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက်နေ အောင်အောင် ခေါ် ဘူးသီး ၂၀ နှစ်၊ မြောက်ဥက္ကလာပမြို့နယ် အပိုင်း(၂)နေ အောင်မြတ်သူ ခေါ် နေသက်တန့်လင်း ခေါ် ဘိုကီး ၁၄ နှစ်၊ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်နေ မင်းထက်ကျော် ခေါ် ကောင်းစည်သူ ခေါ် K ၁၇ နှစ်တို့ သုံးဦးကို မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် ခတ္တာလမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်၌လည်းကောင်း၊ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်နေ ပြည့်စုံအောင် ၁၆ နှစ်ကို ၎င်း၏နေအိမ်၌လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့ပြီး မှုခင်းဖြစ်ပွားခဲ့မှုအခြေအနေကို ဆက်လက်စစ်ဆေးကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

● **ခဲဖြင့်ပေါက်သူဖမ်းဆီးရမိမှု**

ပထမတန်းတွဲ DEMU (F) 4019 ၏ ခုံအမှတ် 4A နှင့် 4 B ကြား ပြတင်းတံခါးဘေးလေကာမှန် လေးလက်မခန့် ပေါက်ထွက်ကြေမွကွဲအက်မှု ဖြစ်ပွားပြီး ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ရထားရဲတပ်ခွဲအမှတ်(၁၉)ပြည်မှ ရထားလိုက်လုံခြုံရေး ရဲအုပ်ဦးစီး ငါးဦးနှင့် တာဝန်ရှိသူများသွားရောက်၍ တရားခံဖမ်းဆီးရမိရေး သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး တိုက်ကြီးမြို့နယ်ရဲမှူးဦးစီးအင်အားစုစုပေါင်း ၁၅ ဦးသည် ည၈ နာရီ ၁၀ မိနစ်တွင် ရောက်ရှိစုံစမ်းစစ်ဆေးခဲ့ရာ တရားခံ ဇော်ရဲအောင် အသက် ၃၄ နှစ်(ဘ) ဦးဝင်းဇော်လင်း ဒုံးခိုက်ရွာ ဖလုံကျေးရွာအုပ်စုနေသူကို ဖြစ်စဉ်ဖြစ်ပွားသည့် စက်တင်ဘာ ၂၁ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးရမိပြီး တရားခံမှဝန်ခံထွက်ဆိုသဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ ၈၄ ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၅ မိနစ် ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၁၀ နာရီ ၂၇ မိနစ်တွင် ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ်(၈၃)အဆန် DEMU လူစီးအမြန်ရထားသည် ပေါင်ဘူတာမှ နံနက် ၁၀ နာရီ ၁၃ မိနစ်တွင် ထွက်ခွာလာရာ ပေါင်မြို့နယ် ပေါင်နှင့် သဲဖြူကုန်းဘူတာကြား မိုင်တိုင်အမှတ်(၁၆၄/၉)နှင့်(၁၀)အတွင်း ရထားဖြတ်သန်းစဉ် ရထားလမ်း၏ လက်ဝဲဘက်မှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ စက်ခေါင်းနောက်သုံးတွဲမြောက် အထက်တန်းတွဲ(၂) DEMU (U) 5007 ၏ ခုံအမှတ် 10 A နှင့် 10 B ကြား ပြတင်းတံခါးဘေးလေကာမှန်ပေါက်ပြီး စက်ခေါင်းနောက်ငါးတွဲမြောက် ပထမတန်းတွဲ(၄) DEMU (F)4013 ၏ ခုံအမှတ် 10 A နှင့် 10 B အနီး ပြတင်းတံခါးမှန်ပေါက်ထွက် ကြေမွကွဲအက်မှုဖြစ်ပွားခဲ့သည်။ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိဘဲ ဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၈ မိနစ်ဖြစ်ပေါ်ခဲ့ပြီး အခြားရထားကြန့်ကြာမှုမရှိကြောင်းသိရသည်။ ဖြစ်စဉ်ဖြစ်ပွားရာသို့ အဆိုပါရထားကို နောက်ပြန်ဆုတ်ပြီး တရားခံကို ရှာဖွေဖော်ထုတ်ခဲ့ရာတွင် ကျော်လင်းထွန်း အသက် ၄၄ နှစ် (ဘ) ဦးမောင်အေး ဘန့်ဘွေးကုန်းကျေးရွာ ရာသက်ပန်လမ်း ပေါင်မြို့နယ်နေသူကို ဖမ်းဆီးရမိခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ ၈၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။



ပြည်-ရန်ကုန် အမှတ်(၇၄)အစုန် DEMU ရထားကို ခဲဖြင့် ပစ်ပေါက်ခဲ့သူကို ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်-မော်လမြိုင် အမှတ်(၈၃) အဆန် DEMU ရထားကို ခဲဖြင့်ပစ်ပေါက်ခဲ့သူကို ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

မြန်မာ့မီးရထားအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ အခန်း ၁၈ ပုဒ်မ ၇၉ (ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ ၈၄ အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ ၂၀ နှစ်ထိမပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ပြီး ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များအသီးသီးချမှတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန် လိုအပ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---



ရွှေလင်ပန်း ငွေပင်လယ်စက်မှုဇုန် မြေကွက်အမှတ်(7/B)ရှိ ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံကို တာဝန်ရှိသူများစစ်ဆေးနေမှု မှတ်တမ်းဓာတ်ပုံ။

■ **လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှု**

နစ်နာဆုံးရှုံးခဲ့သော လျှပ်စစ်ဓာတ်အားယူနစ် ၁၀ ဒသမ ၄၆၈ သန်းအတွက် ကျသင့်လျော်ကြေးငွေကျပ် ၇ ဒသမ ၉၀၇ ဘီလီယံကို ပြန်လည်ပေးလျော်စေရေးနှင့် လျှပ်စစ်ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ် မြေရဲစခန်းတွင် စက်ရုံပိုင်ရှင် ဦးသိန်းနိုင်နှင့် စက်ရုံမန်နေဂျာ ဦးကြည်လှိုင်တို့ကို အမှုဖွင့်အရေးယူလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာများ အဆင့်မြှင့်တင် လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမို၍ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူများကို ပိုမို၍ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။

ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲကြရန်နှင့် ဓာတ်အား ခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ”**ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၃ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် **“အောက်တန်းကျ ရက်စက်ယုတ်မာတဲ့နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကိုသတ်ဖြတ်နေတဲ့အကြမ်းဖက် PDFများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့်ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

---

**၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



ဟားခါးမြို့ ပြည်သူ့ဆေးရုံ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှု မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်းနှင့် အနိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီးနှိပ်စက် ပစ်ခတ်သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ ဥပဒေမဲ့ ကျူးလွန်လျက်ရှိကြသည်။ ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် CDF အမည်ခံ အကြမ်းဖက်သမားများသည် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ယုတ်မာရိုင်းစိုင်းစွာ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်၌ ကျရောက်မည်ဖြစ်သည့် ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပနေစဉ် ဆေးရုံ၏ မြောက်ဘက်မှ CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအင်အား ခုနစ်ဦးခန့်သည် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လူမဆန်စွာ အကြောင်းမဲ့လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့်မသက်ဆိုင်သည့် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ အကြောင်းမဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ လာရောက်နှောင့်ယှက် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာမုန်းတီးစွာ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

အဆိုပါ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကိုလည်း တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဧဝ၁)

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေး လျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)က ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေး လျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသော တက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ ရှစ်ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်(မန္တလေး)
(င) ဆေးတက္ကသိုလ်(မကွေး)
(စ) ဆေးတက္ကသိုလ်(တောင်ကြီး)
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ)လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ၂၂-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၂ ~ ၃၆၆၇ | ၅၅၇.၉ ~ ၅၅၈.၁ | ၁၂၅.၃ ~ ၁၂၅.၄ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၅၃၂,၁၉၂.၉၉ | ၄,၈၈၂,၆၆၂.၆၉ | ၁၀၀,၃၀၀,၃၇၅.၇၂ | - |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၁ ရက်တွင် "Mgmg Win" Facebook အကောင့် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏားစု ရပ်ကွက်နေ တင်ဌေးကို နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

**❍ နေရာကွက်၍ မိုးကြီးနိုင်မှ**

မြန်မာနိုင်ငံ ကျောက်ဖြူမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၇၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့ဘက် ရေမိုင် ၁၂၀ ခန့်နှင့် ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၈၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက် ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း-ဩရိဿပြည်နယ် တောင်ပိုင်းကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

# အခမဲ့ခွင့်ပြုချက်ဖြင့်ထားသူကို နှင်လိုလျှင်

စိန်လှိုင်ဗိုလ်



တရားရုံး တရားခွင်နယ်ပယ် တရားမမှုခင်းများ၌ အဖြစ်များသောမှုခင်းများတွင် **"အခမဲ့ခွင့်ပြုချက်ဖြင့်ထားသောနေအိမ်မှ၊ အိမ်ခန်းမှ ဖယ်ရှားပေးစေလိုမှု"**များသည် မနည်းလှပါ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဝယ်ယူသူတစ်ဦးသည် မူလပိုင်ရှင်၏ခွင့်ပြုချက်အရ ၎င်းပစ္စည်းတွင် နေထိုင်သူကို ဝယ်ယူသူသည် မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ် နှင်ထုတ်ခွင့်ရှိသည်ဟု **"ဦးဘခိုင်နှင့် ဒေါ်မမလေး"** အမှုတွင် ဆုံးဖြတ်ခဲ့ဖူးသည်။ မူလပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်သူသည် ပစ္စည်းဝယ်ယူသူ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ပြောင်းလဲသွားသည်ဟု **"ဦးသန်းဌေးနှင့် ဒေါ်စိန်ယု"**အမှုတွင် ဆုံးဖြတ်ဖူးသည်။ သို့ရာတွင် **"ဦးသိန်းအောင် ပါ ၂ နှင့် ဒေါ်ဝင်း ပါ ၃"** အမှုတွင်မူ အောက်ပါအတိုင်းစီရင်ချက်ချမှတ်ထားပါသည်။

**"ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူအမွေရှင်က ၎င်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုသူကို မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်ရှိသော်လည်း ပစ္စည်းကိုဝယ်ယူသူသည် ပစ္စည်းတွင် ရောင်းချသူ၏ခွင့်ပြုချက်အရ နေထိုင်သူကို မိမိ၏အခွင့်အမိန့်အရနေထိုင်သူအဖြစ် ဖယ်ရှားခွင့်ရှိနိုင်မည်မဟုတ်ချေ။"**

သို့ဖြစ်ရာ ပထမစီရင်ချက်နှစ်ခုနှင့် တတိယစီရင်ထုံးတို့သည် ဆန့်ကျင်နေပေသည်။ ပထမစီရင်ချက်နှစ်ခုမှာ ထုံးဖွဲ့ထားခြင်းမရှိသဖြင့် စီရင်ထုံးပါဥပဒေကို လိုက်နာရမည်ဖြစ်ကြောင်း စီရင်ထုံးဖွဲ့ထားသောအမှုတစ်ခုကိုအကြောင်းပြု၍ ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် (၁၂၉/၇၈) (လမ်းမတော်)တွင် အယူခံတရားပြိုင် ဦးအေးနှင့် ဇနီးဒေါ်အေးတို့က အယူခံတရားလို ဦးစံသောင်းအပေါ် အခမဲ့ခွင့်ပြုထားသော တိုက်၏အပေါ်ထပ်မှဖယ်ရှားပေးရန် တရားစွဲဆိုရာ တိုင်းတရားရုံးက အနိုင်ဒီကရီချမှတ်လိုက်သောကြောင့် ဦးစံသောင်းက ဗဟိုတရားရုံးတွင် တရားမပထမအယူခံမှုကိုတင်သွင်းခဲ့သည်။

ဦးအေးတို့က လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်း အမှတ်(၄၅)ဟု စာရင်းပေါက်သော နှစ်ထပ်တိုက်အိမ်နှင့် မြေကွက်၏မူလပိုင်ရှင် ဦးဘဦးထံမှ သူတို့သည် ဒေါ်အေး၏ညီမဖြစ်သူ ဒေါ်သန်းရွှေနှင့်အတူ ဝယ်ယူခဲ့ကြသည်။ **ရောင်းချသူ ဦးဘဦးနှင့် မြေးဖြစ်သူ ဦးစံသောင်းတို့ကို တိုက်အပေါ်ထပ်တွင် အခမဲ့ပြန်လည်နေထိုင်ခွင့်ပြုခဲ့ရာမှ** ဦးဘဦး ကွယ်လွန်ပြီးနောက် ဦးစံသောင်းသည် ဖယ်ရှားပေးခြင်းမပြုဟု အဆိုလွှာတွင်ဖော်ပြပြီး တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။

ဦးအေးတို့က အဆိုလွှာတွင် ဒေါ်သန်းရွှေကို ဒေါ်အေး၏ညီမဟူ၍ လွဲမှားဖော်ပြထားသည့်အပြင် ဒေါ်သန်းရွှေနှင့်အတူ ဦးစံသောင်းကို အခမဲ့နေခွင့်ပြုခဲ့သည်ဟူ၍ အဆိုလွှာအပိုဒ်နှစ်တွင်လည်း အဆိုပြုထားသည်။ အမှုအဖြစ်အပျက်အမှန်မှာ အချင်းဖြစ်နှစ်ထပ်တိုက်အိမ်နှင့်မြေကွက်ကို ဒေါ်သန်းရွှေထံမှ တစ်ဆင့် မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပြီးနောက် ဒေါ်သန်းရွှေနေထိုင်ခွင့်ပြုထားသူ ဦးစံသောင်းအပေါ် ဤအမှုကို တရားစွဲခြင်းသာဖြစ်ပေသည်။

**ဦးစံသောင်းက သူသည် အဘိုးဖြစ်သူ ဦးဘဦးရှိစဉ်ကတည်းက အဘိုးဖြစ်သူနှင့်အတူ ပိုင်ရှင်တစ်ဦးအဖြစ် နေထိုင်လာခဲ့သူဖြစ်သောကြောင့် ဦးအေးတို့၏ခွင့်ပြုချက်ဖြင့် နေထိုင်သူမဟုတ်ကြောင်း ထုချေခဲ့သည်။**

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးအမှုတွဲရှိ အထောက်အထားတို့အရ ဦးစံသောင်းသည် အိမ်နှင့်မြေကို ဒေါ်သန်းရွှေ မဝယ်မီကတည်းက ဦးဘဦးနှင့် အတူနေထိုင်ခဲ့သူဖြစ်ပြီး ဦးအေးတို့က တရားစွဲသည့်အချိန်ထိ အချင်းဖြစ်တိုက်အပေါ်ထပ်တွင် နေထိုင်လျက်ရှိသူဖြစ်ကြောင်း အမှုတွင်အငြင်းမပွားချေ။ ဦးစံသောင်း နေထိုင်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်းပြီး ဦးအေးက တရားလိုအဖြစ် အစစ်ခံရာတွင် အောက်ပါအတိုင်း ထွက်ဆိုသည်။

"ဒေါ်သန်းရွှေက ဦးဘဦးထံမှ အချင်းဖြစ်တိုက်ကိုဝယ်ယူပြီးနောက် ဦးဘဦးက ဖယ်ရှားပေးရန်အတွက် "သုံးကြိမ်"ရက်ချိန်းတောင်းခဲ့သည်။ တတိယအကြိမ်တွင် ဦးဘဦးသည် မကျန်းမာသဖြင့် ဒေါ်သန်းရွှေက ကျန်းမာသည့်တိုင်အောင် နေထိုင်ခွင့်ပြုခဲ့သည်။ နောက်ဆုံးတွင် ဦးဘဦးသည် အချင်းဖြစ်အိမ်၌ပင် နာတာရှည်ရောဂါဖြင့် အနိစ္စရောက်သွားသည်။ ဦးစံသောင်းသည် အချင်းဖြစ်အခန်းတွင် ဦးဘဦးရှိစဉ်ကတည်းက နေထိုင်ခဲ့ရာ ဦးဘဦးကွယ်လွန်ပြီးနောက် ဒေါ်သန်းရွှေက ဆက်လက်နေထိုင်ခွင့်ပေးခဲ့သည်"

ဦးအေး၏ အထက်ပါထွက်ဆိုချက်အပြင် ဒေါ်သန်းရွှေက ဦးဘဦးထံမှ အချင်းဖြစ်တိုက်နှင့်မြေကို ဝယ်ယူစဉ်အခါက မှတ်ပုံတင်စာချုပ်တွင် သက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့သော ဦးချစ်(လိုပြ)နှင့် ဒေါ်သန်းရွှေ၏ ကိုယ်စားလှယ်အဖြစ် ဦးစံသောင်းတို့ကို တရားစွဲဖူးသည့် မောင်ဖြစ်သူ ဦးဇော်ဝင်း(လိုပြ)တို့၏ထွက်ချက်များအရ ဦးဘဦးထံမှ ဝယ်ယူခဲ့သူတစ်ဦးဖြစ်သော ဒေါ်သန်းရွှေက ဦးစံသောင်းကို အခမဲ့နေခွင့်ပြုခဲ့သည်ကိုအကြောင်းပြု၍ ပစ္စည်းကို ဒေါ်သန်းရွှေထံမှ မှတ်ပုံတင်စာချုပ်ဖြင့် ထပ်မံဝယ်ယူခဲ့သော ဦးအေးတို့က ဤအမှုကို တရားစွဲခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပေသည်ဟု ဗဟိုတရားရုံးက စိစစ်ဖော်ထုတ်ခဲ့သည်။

တိုင်းတရားရုံးက မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူသူ ဦးအေးတို့သည် ရောင်းချသူ ဒေါ်သန်းရွှေ၏ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ရရှိသူ ဦးစံသောင်းကို နှင်ထုတ်ခွင့်ကိုပါလွှဲပြောင်းရရှိသည်ဟု ကောက်ယူပြီး ဦးအေးတို့ တရားစွဲသည့်အမှုကို အနိုင်ဒီကရီချမှတ်ပေးခြင်းဖြစ်ကြောင်း ဗဟိုတရားရုံးက စိစစ်ဖော်ထုတ်ခဲ့သည်။

ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် ပစ္စည်းလွှဲပြောင်းပေးသောအခါ လွှဲပြောင်းပေးသည့်ပစ္စည်းနှင့်အတူ အကျိုးသက်ဆိုင်ခွင့်အရပ်ရပ်သည် လွှဲပြောင်းရရှိသူထံသို့ရောက်ရှိသွားသည်။ အကျိုးသက်ဆိုင်ခွင့်ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်ပါက ထိုပစ္စည်းမှပေါ်ပေါက်လာသော ငှားရမ်းခများ၊ ကြွေးများ စသည့်ဥပဒေနှင့်အညီ ခံစားခွင့်များသာ ဖြစ်ပေသည်။ အခမဲ့နေထိုင်ခွင့်ပြုခြင်းသည် ဥပဒေပြုသူက ပစ္စည်းအပေါ်တွင် ကြည်ဖြူသရွေ့၊ နေထိုင်သရွေ့ သုံးစွဲခွင့်ရခြင်းသာဖြစ်သည်။

ခွင့်ပြုသူသည် ပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိသည်သာမက ပိုင်ဆိုင်ခွင့်မရှိသူလည်း ဖြစ်နိုင်ပေသည်။ ဤအခြေအနေကြောင့် ပစ္စည်းပေါ်တွင် အခမဲ့နေထိုင်ခွင့်ပြုထားခြင်းသည် ပစ္စည်းလွှဲပြောင်းအက်ဥပဒေ ပုဒ်မ(၈)တွင် ရည်ညွှန်းထားသော လွှဲပြောင်းပေးသည့်ပစ္စည်းနှင့်စပ်လျဉ်းသော လွှဲပြောင်းပေးနိုင်သည့် အခွင့်အရေးမဟုတ်ကြောင်း ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

> ❖ "ပစ္စည်းကို အမွေဆက်ခံခွင့်ရှိသူသည် ကွယ်လွန်သူအမွေရှင်က ၎င်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုသူကို မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့်ဖယ်ရှားခွင့်ရှိသော်လည်း ပစ္စည်းကို ဝယ်ယူသူသည် ဝယ်ယူသည့်ပစ္စည်းတွင် ရောင်းသူ၏ခွင့်ပြုချက်အရ နေထိုင်သူကို မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားနိုင်ခွင့်ရှိနိုင်မည်မဟုတ်ချေ။" သို့ဖြစ်ရာ ပထမစီရင်ချက်နှစ်ခုနှင့် တတိယစီရင်ထုံးတို့သည် ဆန့်ကျင်နေပေသည်။ ပထမစီရင်ချက်နှစ်ခုမှာ ထုံးဖွဲ့ထားခြင်းမရှိသဖြင့် စီရင်ထုံးပါဥပဒေကို လိုက်နာရန်သာ ဖြစ်ပေသည်။ ❖

မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုဝယ်ယူသော သူ၏အခွင့်အရေးများကို ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၅(၆) (က)နှင့် (ခ)တို့တွင် ပြဋ္ဌာန်းထားရာ **၎င်းပြဋ္ဌာန်းချက်များတွင် ပစ္စည်းဝယ်ယူသူသည် ပစ္စည်းရောင်းသူ၏ခွင့်ပြုချက်အရ နေထိုင်သူကို ဖယ်ရှားခွင့်ရရှိသည်ဟုမပါရှိကြောင်း ဗဟိုတရားရုံးတော်က တိကျခိုင်မာစွာသုံးသပ်ဖော်ထုတ်ခဲ့ပါသည်။**

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူသူတစ်ဦးသည် မူလပိုင်ရှင်၏ခွင့်ပြုချက်အရ နေထိုင်သူကို မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် နှင်ထုတ်ခွင့်ရှိသည်ဟု **"ဦးဘခိုင်နှင့် ဒေါ်မမလေး"** အမှုတွင် ဆုံးဖြတ်ခဲ့ဖူးကြောင်း၊ မူလပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်သူသည် ပစ္စည်းဝယ်ယူသူ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ပြောင်းလဲသွားသည်ဟု **"ဦးသန်းဌေးနှင့် ဒေါ်စိန်ယု"**အမှုတွင်လည်း ဆုံးဖြတ်ခဲ့ဖူးကြောင်း၊ သို့ရာတွင် **"ဦးသိန်းအောင်ပါ ၂ နှင့် ဒေါ်ဝင်း ပါ ၃"** အမှုတွင်မူ အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထားကြောင်း အယူခံရုံးတော်က စိစစ်ဖော်ထုတ်ခဲ့သည်။

**"ပစ္စည်းကို အမွေဆက်ခံခွင့်ရှိသူသည် ကွယ်လွန်သူအမွေရှင်က ၎င်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုသူကို မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်ရှိသော်လည်း ပစ္စည်းကို ဝယ်ယူသူသည် ဝယ်ယူသည့်ပစ္စည်းတွင် ရောင်းသူ၏ခွင့်ပြုချက်အရ နေထိုင်သူကို မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားနိုင်ခွင့်ရှိနိုင်မည်မဟုတ်ချေ။"**

သို့ဖြစ်ရာ ပထမစီရင်ချက်နှစ်ခုနှင့် တတိယစီရင်ထုံးတို့သည် ဆန့်ကျင်နေပေသည်။ ပထမစီရင်ချက်နှစ်ခုမှာ ထုံးဖွဲ့ထားခြင်းမရှိသဖြင့် စီရင်ထုံးပါဥပဒေကို လိုက်နာရန်သာ ဖြစ်ပေသည်။ ဦးသိန်းအောင် အမှုတွင် စာချုပ်ဖြင့်ဝယ်ယူသူသည် ရောင်းသူ၏ အခမဲ့ထားသူကို နှင်ထုတ်ခွင့်မရှိကြောင်း အကျယ်တဝင့်သုံးသပ်ထားပြီးဖြစ်သည်။ ဦးသိန်းအောင် အမှုတွင် ဆုံးဖြတ်ထားခြင်းကို ကျွန်ုပ်တို့သဘောတူကြောင်း အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ မူလပိုင်ရှင်၏ ခွင့်ပြုချက်ဖြင့်နေထိုင်သူ ဦးစံသောင်းကို ပစ္စည်းဝယ်ယူသူ ဦးအေးတို့အနေဖြင့် မိမိတို့၏ခွင့်ပြုချက်အရနေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်မရှိသောကြောင့် တိုင်းတရားရုံးက ၎င်းတို့၏ အမှုကို ခွင့်ပြုသည်မှာ ဥပဒေနှင့်မညီပေ။ သို့ဖြစ်၍ အယူခံကိုခွင့်ပြုပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဦးအေးတို့စွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ **ဦးစံသောင်းနှင့် ဦးအေးပါ ၂၊ ၁၉၈၅ ပထမအယူခံမှုအမှတ်(၂၄)အမှုကို** ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၂၀၅၇ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**အရာတော် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၂၀၅၇ ကေထိ နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၀၄၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၀၅၇ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၉ ဒသမ ၇၆ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မြေပဲ ၁၆၀၄၉ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၀၅၇ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးချိန်မှာလဲ လျာထားကေထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင် ဖြစ်ထွန်းပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် နှစ်သိန်းကျော်ရှိပြီး တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပေါင်မြို့နယ် ဇီးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ပေါင် စက်တင်ဘာ ၂၂**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေဖြင့် ဇီးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုစန္ဒီအောင်နှင့် ဝန်ထမ်းများက ဇီးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်း အရှည်ပေ ၅၀၀၊ အကျယ်ရှစ်ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၃ သန်း စုစုပေါင်း ငွေကျပ် ၂၂ ဒသမ ၃ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်နိုင်တော့မည် ဖြစ်ပြီး ယခင်ကထက် လူမှုစီးပွားဘဝများ ပိုမို မြင့်မားလာမည်ဖြစ်ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ရန်ကုန်ဈေးကွက်ကို ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချခဲ့ရတယ်။ ရေကြည်မြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဒီဇီယာဆန်အမျိုးအစားက စားကောင်းတဲ့ ဆန်အမျိုးအစားဖြစ်တယ်။ အဲဒီဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဇီယာဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလည်း အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် လတ်တလောအနေနဲ့ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ရေကြည်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြသည်။



ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်လေးပင်မြို့နယ် အလယ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်လေးပင် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၃၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အလယ်ရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၄ ဦးကိုငွေကျပ် ၂၆ ဒသမ ၅၅ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၅ ဒသမ ၈ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုလေး**

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မကျက်ကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော ရောင်နီဦး၊ တိုးတက်အောင်၊ အားမာန်နှင့် ကြီးပွား စသည့်အဖွဲ့လေးဖွဲ့အား တစ်ဖွဲ့လျှင် ငွေကျပ် ၇ ဒသမ ၅ သန်းစီ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# စပါးခင်းထဲက ဘဝအိမ်ကလေး

## တင်မောင်ညွန့်(ရိုးမအလင်္ကာ)



(၁)

ကိုစံကျော် တဲထပ်ခိုးလေးမှာ တင်ထားသော နိုင်လွန်ပိုက်ကွက်စိပ်လေးကို ဆွဲယူလိုက်၏။ တစ်ဆက်တည်းပင် တဲအဖီလေးအောက်က မြေတူးတူးရွင်းပြားကိုပါ ဆွဲထုတ်လိုက်သည်။ ကိုစံကျော် ဦးဆောင်ပြီး တဲထဲကထွက်လိုက်၏။ ဇနီးသည် မခင်နုက နောက်ကလိုက်သည်။

ရေတံခါးသို့ ရောက်သည့်အချိန်တွင် ကိုစံကျော် ရေလွှတ်ပေါက်ထိပ်တွင် ငုတ်တိုင်များ စိုက်ပြီး ပိုက်အဝဘက်ကို တွဲချည်၍ ပိုက်ကို အောက်ဘက် ရေတံခါးဝတွင် သံရိုက်ကာ အဆင်သင့် တပ်ဆင်ထားလိုက်ကြ၏။ သို့သော် ဒီရေက တက်တုန်းရှိသေးသဖြင့် ပိုက်ကို ရေတံခါးပေါ်မှာပဲ ပုံပြီးထားလိုက်သေးသည်။

ကိုစံကျော်တို့ စပါးခင်းကြီးဘက်သို့ ဆက်လျှောက်သွားကြပြီး လယ်ကန်သင်းပေါင်များကို ရေဆင်းလွယ်အောင် ဖောက်တူးလိုက်ကြ၏။ ကိုစံကျော်က တူးရွင်းပြားဖြင့်တူးပေးပြီး မခင်နုက မြေစိုင်ခဲများကို ကန်သင်းရိုးပေါ် ကောက်တင်သည်။ လယ်ကန်သင်းအတွင်းမှ လယ်ငါး၊ ဆည်ငါးတွေ ရေနှင့်အတူ ဆင်းလာကြပြီး ရေထိန်းဆည်မှ တစ်ဆင့်ရေနုတ်မြောင်းသို့ ရောက်ရှိစေရန်ဖြစ်သည်။ ကိုစံကျော်တို့မှာ ရေဆင်း ကောင်း၊ မကောင်းကို အသေအချာစောင့်ကြည့်ပြီး အားရလောက်မှ ရေတံခါးဝဘက်သို့ ပြန်ဆင်းလာခဲ့ကြသည်။

ရေက ကျစပြုနေပေပြီ။ ကိုစံကျော်ကလည်း လျင်သည်။ ပိုက်ချေးအိတ်ကို ရေတံခါးမြောင်းအပြင်ဘက်သို့ ချက်ချင်းပစ်ချလိုက်၏။ ရေတံခါးဝတွင် ငုတ်တိုင်နှင့် တွဲချည်ထားသည့် ပိုက်ချေးအိတ်မှာ ရေစီးနှင့်အတူ ရှည်မျောမျောကြီး သွယ်ဆင်းနေပေ၏။

ကိုစံကျော် မိုးသားကောင်းကင်ပြင်ကြီးကို မော့ကြည့်လိုက်သည်။

"သန်းခေါင်ကျော်လောက်ပဲရှိသေးတယ်။ တဲပြန်တစ်ရေးအိပ်လို့ရသေးတယ်။ ကဲ...ကဲ ခဏပြန်ကြမယ်"

နံနက် ၄ နာရီခန့်တွင် ကိုစံကျော် ဖြန်းခနဲ ထထိုင်လိုက်သည်။

"မိန်းမရေ...ခင်နုရေ ..."

"ရှင့်"

"ထတော့လေကွာ ထတော့ ရေစစ်ရော့မယ်"

"ဩော်...ဟုတ်ကဲ့ဟုတ်ကဲ့သားလေးရေထတော့"

ခင်နုမှာ သားလေး ဘိုဘိုကျော်ကိုပါ နှိုးလိုက်သည်။

ကိုစံကျော်က မီးရှူးစည်းကို ပခုံးပေါ် ဖျတ်ခနဲ ကောက်တင်လိုက်ပြီး ခေါမတိုလေးကိုင်ထားသော လက်ဖြင့် ဖိထားလိုက်၏။ ညာလက်ဖြင့် လက်နှိပ်ဓာတ်မီးထိုးပြီး ရှေ့ကလျှောက်၏။ နောက်သို့ မီးခဏခဏထိုးပြပြီး ဇနီးသည်နှင့် သားကိုလည်း လမ်းပြပေး၏။ မခင်နုတို့ သားအမိမှာတော့ ခွဲတောင်းတွေ သယ်လာကြသည်။

ကိုစံကျော်ကား မနားပေ။ မီးရှူးစည်းအဖျားတွင် ရေနံဆွတ်ပြီး အဆင်သင့်ညှပ်ထည့်လာခဲ့သော အဝတ်စအန္တမ်းကလေးကို မီးစွဲပြီး ချက်ချင်းရှို့လိုက်၏။ မီးရှူးထပ်ကြီးအဖျားမှ မီးစွယ်မီးညွန့်များ ဝုန်းခနဲ ထတောက်သွားသည်။

ကိုစံကျော် မီးရှူးကြီးကို မပြီး ရေတံခါးမြောင်းထဲရှိပိုက်ကို လှမ်းကြည့်လိုက်၏။

"ရော့...ရော့ သားလေး မီးရှူးကြီးကို အပေါ်ကို မြှောက်ပြထား။ မိန်းမရေလာလာ ကိုယ်တစ်ယောက်ထဲ နိုင်မယ်မထင်ဘူး"

သားလေး ဘိုဘိုကျော်က အဖေကြီးလက်ထဲက မီးရှူးစည်းကိုလှမ်းယူ၏။ ကိုစံကျော်နှင့် မခင်နုတို့က ရေမြောင်းထဲသို့ဆင်းပြီး ပိုက်နှင့် ထွေးနေသော ငါးထုပ်ကြီးကို ကမ်းသို့လှိမ့်တင်၏။

"မိန်းမရေ သတိထားကိုင်နော် ငါးစင်ရိုင်းတွေ ပါလာရင် စူးလိမ့်မယ်"

ငါးထုပ်ကြီးကို လင်မယားနှစ်ယောက် မပြီး လှိမ့်တင်လိုက်ရာ ကမ်းပေါ်သို့ ရောက်သွားပေပြီ။ ကိုစံကျော် ပိုက်ဖင်ပိတ်က သီတံတံစို့တွေကို ချက်ချင်းဆွဲနုတ်လိုက်၏။ ပိုက်ထဲတွင် လှောင်ပိတ်ခံနေရသော ငါးများ ဝေါခနဲထွက်ကျလာ၏။

"ဟ ငါးပြက်တွေချည်းပါလား ယောကျ်ားရေ"

"ဘာပဲဖြစ်ဖြစ် မိန်းမရေ ဒီခေတ်မှာက ငါးဆိုပိုက်ဆံရတာပဲ"

"ကဲ...ကဲ ဒီငါးပြက်တွေ ခွဲတောင်းထဲ ကောက်ထည့်လိုက်ကြရအောင်"

လင်မယားနှစ်ယောက် ခပ်သွက်သွက် ကောက်ထည့်လိုက်ရာ ခွဲတောင်းနှစ်လုံး ပြည့်သွား၏။

ကိုစံကျော် ဇနီးသည်၏ ခေါင်းခုတင်ထားသော ခေါင်းပေါ်သို့ ငါးပြက်တောင်းကြီးကို တင်ပေးလိုက်သည်။ မခင်နုမှာ အလုပ်ကြမ်းလုပ်နေသူမို့ ငါးခွဲတောင်း ခေါင်းပေါ်ရောက်တယ်ဆိုရင်ပဲ ဆတ်ခနဲ မတ်တတ်ရပ်ပစ်လိုက်၏။ ရှေ့က သွားနေသော သားလေးနောက်သို့လိုက်ရန် သူ့ယောကျ်ားကို ကျောပေးလိုက်သည်။ ကိုစံကျော်က ငါးပြက်ခွဲတောင်းကြီးကို မပြီး မခင်နုနောက်က လိုက်၏။ တဲသို့ရောက်လျှင် ငါးပြက်များကို မြေပြင်တွင် သွန်ချလိုက်ကြသည်။ ချက်ချင်းပင် မျိုးစပါးထည့်ရန် ရက်လုပ်ထားသော ဝါးနှီးပုတ်ကြီးကို တဲအောက်မှ ထုတ်ယူပြီး ဆည်ကမ်းပါး ရွှံ့ဗွက်ထဲတွင် တစ်ဝက်ခန့်နစ်မြုပ်အောင်မြှုပ်လိုက်၏။

"ကဲ... လာကြ လာကြ သမီးလေးပါလာ... ဒီက ငါးလတ်လတ်တွေရွေးကြ၊ ပုတ်ထဲထည့်ကြ အရှင်မွေးထားမယ်နော်။ သေနေတာတွေ၊ နာနေတာတွေ ရှာဒိုင်သွင်းမယ်"

ကိုစံကျော်တို့ မိသားစုလေးယောက်စလုံး ငါးပြက်အရှင်လတ်လတ်များကို လိုက်ကောက်ကြပြီး ရွှံ့ဗွက်ထဲတွင် မြှုပ်ထားသော ဝါးနှီးပုတ်ကြီးထဲသို့ သွားထည့်ကြ၏။

"အဖေကြီးကလဲ တစ်ခါတည်း ဒိုင်သွင်းရင်ပြီးတဲ့ကိစ္စ၊ အရှင်တစ်ခါ မွေးနေရသေးတယ်"

"ဩော်... သမီးရယ် နောက်နှစ်ရက်လောက်ဆို ရေသေမယ်။ ရေသေရင် အောက်ကျွန်းစဉ်ဘက်က မြားသမားတွေ အရှင်စာ လာဝယ်ကြရင် ဈေးပိုရတယ်လေ။ ဒီလူတွေ အရှင်စာတစ်ကောင်ကို ငွေ ၃၀၀ ထိ ပေးတာလေသမီးရဲ့"

သူတို့သားအဖတွေမှာ ငါးတွေရွေးရင်း၊ ကိုင်ရင်းနှင့် မနက်မိုးလင်းခါနီးထိ အချိန်လင့်သွားပေပြီ။

"ကဲ...ကဲ မြန်မြန်လေး ပြီးတာနဲ့ မနက်စာချက်မယ်၊ စားမယ်ကွာ"

"သမီးလေး ငါးပြက်တစ်နပ်စာလောက် ရွေးလိုက်ပါအုံး။ ပြီးရင် တဲဘေးအခင်းထဲက လယ်ကန်စွန်းတစ်နပ်စာ သွားခူးလိုက်နော်။ သားလေးကလဲ ဆည်နား မန်ကျည်းပင်က မန်ကျည်းသီးသွားခူးနော်။ ဟင်းခင်းထဲမှာ ပဲသီးတောင့်တွေရှိတယ်။ အဲဒါပါ ခူးလာခဲ့"

"ဟုတ်ကဲ့ အမေ"

ကိုစံကျော်မှာ မိန်းမနှင့် သားသမီးတွေ မနက်စာအတွက် စီစဉ်ချက်ပြုတ်နေကြတာကိုကြည့်ပြီး သဘောကျနေ၏။

ဤသို့ဖြင့် မခင်နုတို့ သားအမိသုံးယောက် ဟင်းများကို စီစဉ်ချက်ပြုတ်ပြီးကြ၏။

"ကဲ... အဖေကြီးရေ လာတော့ မနက်စာလေး စားကြရအောင်"

ကိုစံကျော် ထမင်းပွဲတွင် ဝင်ထိုင်လိုက်၏။

"ဒါက အမေကြီးကိုယ်တိုင်သုပ်ထားတဲ့ ကကတစ်သုပ် သံပရာရည်လေးဖျန်းထားတယ်၊ အရသာရှိတယ်"

သားအမိ၊ သားအဖ လေးဦးမှာ ကိုယ့်ဟင်း၊ သူ့ဟင်းထည့်ပေးလိုက်ကြရာ ထမင်းပန်းကန်များတွင် ဟင်းများနှင့် ပြည့်သွားကြ၏။ လယ်ကွင်းထဲက လယ်သမားမိသားစု၏ ထမင်းဝိုင်းကလေးမှာ ထမင်းစားရင်းနှင့် တပြုံးပြုံး။

"ပဲသီးကိုတော့ နူးနပ်ရုံကလေးချက်ထားပြီး ပုစွန်ဖြူဟင်းခတ်လေးနဲ့ဆိုတော့ ချိုတယ်"

ကိုစံကျော် ပဲသီးဟင်းကို စားကြည့်လိုက်သည်။

"ဟုတ်ပ့ါကွာ စားကောင်းတယ်"

"ငါးပြက်ကလဲ အရိုးဆိုလုံးဝမပါရအောင် အသားနွှာပြီး သူ့အဆီနဲ့သူ ကြော်ထားတာ။ ထမင်းပူပူလေးနဲ့ နယ်ပြီးစားလေ အဖေကြီးရဲ့ သိပ်ကောင်းတာ"

မခင်နု သူ့ယောကျ်ားကို မေတ္တာပြည့်ရင်တွင်း စကားလေး အေးမြလှဘိသည်။

"ဟုတ်ပ့ါဗျာ ဟုတ်ပ့ါ"

"အဖေကြီး ရိုးနီကန်စွန်းညွန့်ကို မန်ကျည်းသီးစိမ်းလေးနဲ့ချဉ်ရည်ကျိုထားတာသောက်ကြည့်ပါအုံး"

ကိုစံကျော် ကန်စွန်းရွက်ချဉ်ရည်တစ်ဇွန်း ခပ်သောက်ကြည့်လိုက်ပြန်သည်။

"ဟုတ်ပ့ါဗျာ ငါးခေါင်းဟင်းခတ်ထားလို့ ထင်တယ် စူးနေအောင်မချဉ်ဘူး ချိုချဉ်လေးကောင်းတယ်ဗျာ"

လယ်သမားမိသားစုတို့ ငါးဟင်းများမှာ ခုရှာခုစား ခုချက်ဆိုတော့ လတ်ဆတ်သည်။ အာဟာရပြည့်သည်။ လယ်သူမကြီး ခင်နုက ငါးတွေ၊ ဟင်းတွေကို သဘာဝအရသာလေးများပေါ်အောင် မိရိုးဖလာ ချက်နည်းများနှင့် ချက်ပြုတ်ထားရာမိသားစုဘဝ ထမင်းဝိုင်းလေး၏ ဟင်းလျာများမှာ ခံတွင်းတွေ့လှသည်။

ကျွန်းစဉ်နယ် လယ်သမားတို့၏ ဘဝအလှရသများရယ်လေ။

(၂)

"ကဲ... မိန်းမရေ တို့ရေတံခါးဝဘက် သွားရအောင် ကြိုတင်ပြင်ဆင်မှုလေးတွေ လုပ်တန်တာလုပ်မယ်။ ရေကျရင် ပိုက်ခံမယ်ဗျာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့။ ကျွန်မ နေ့လယ်ရေတံခါးနားမှာ အလုပ်လုပ်ရင်း စားရအောင်လို့ လင်မနိုးမုန့်လုပ်ထားတယ်ရှင်"

"ဟုတ်လား ဘယ်အချိန်က လုပ်ထားတာလဲကွာ"

"ယောကျ်ား မသိလိုက်ဘူး မဟုတ်လား"

"ခဏကလေး မှေးနေတာ အိပ်ပျော်သွားလို့ မသိလိုက်ဘူး"

"ဒါပဲလေ ဒါကြောင့် လင်မနိုးမုန့်လို့ ခေါ်တာပေ့ါရှင့်"

လင်မနိုးမုန့်လုပ်ခြင်းမှာ ကောက်ညှင်းဆန်ကို နူးညံ့သွားအောင်ထိ ရေစိမ်ရသည်။ နူးညံ့သွားသည့်အခါ ငှက်ပျောသီးမှည့်ပျော့ပျော့နှင့် ရောနယ်ရသည်။ ကောက်ညှင်းဆန်နှင့် ငှက်ပျောသီးမှည့်တို့ ထွေးရောယှက်တင်ဖြစ်သွားချိန်တွင် ငှက်ပျောဖက်၊ မြရာဖက်တစ်ခုခုဖြင့် တစ်ထုပ်ချင်းထုပ်ရသည်။ ထုပ်ပြီးမုန့်ထုပ်များကို ပေါင်းအိုးထဲထည့် ပေါင်းရသည်။ မုန့်ပေါင်းအိုးမှာ ရိုးရာမြေအိုးပင်ဖြစ်သည်။ ပေါင်းအိုးထဲထည့်ထားသော မုန့်ထုပ်များကို ရေတစ်ဝက်ထည့်ထားသော ဒန်အိုးပေါ်တွင်ဆင့်ပြီး တင်ရသည်။ အိုးနှစ်လုံးကြားမှ ရေငွေ့များ လွင့်ပျံ့

စာမျက်နှာ ၂၉ သို့ á

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ကျုံပျော် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း ကျုံပျော်မြို့နယ် ငှက်ပျော သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချ နိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ အများအပြား ရန်ကုန်ဈေးကွက် ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဖီးကြမ်း ငှက်ပျောသီးတွေ မှာယူမှုများနေ လို့ တင်ပို့မှုအား ကောင်းခဲ့တာပါ။ ဒေသထွက် ဖီးကြမ်းငှက်ပျောသီး တွေက ပိုးမွှားကင်းစင်ပြီး အရည် အသွေးလဲ ကောင်းပါတယ်"ဟု ကျုံပျော်မြို့နယ် ငှက်ပျောသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချို ချိုလင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ သည့် ဖီးကြမ်းငှက်ပျောသီး အဖီး ရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဖီးကြမ်းငှက်ပျောသီးများ တင်ပို့ အား ကောင်းနေသည့်အတွက် ငှက်ပျောစိုက်ပျိုးသူများ အဆင် ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

á စာမျက်နှာ ၂၈ မှအဆက်

မထွက်နိုင်အောင် အဝတ်စဖြင့် ရစ်ပတ်စည်းနှောင်ထားရသည်။ အရပ် အခေါ် ပေါင်းအိုးခါးပတ်ဟု ခေါ်ကြ၏။ ပေါင်းအိုးခါးပတ်ကို စည်းရာ တွင် အိုးနှစ်လုံးစလုံး မီးဖို ဖိုခုံလောက်ပေါ်ရောက်ပြီးမှ စည်းရသည်။ ပေါင်းအိုးထဲမှ ရေခိုးရေငွေ့များ အပြင်သို့မထွက်စေရန် ပေါင်းအိုး၏ အပေါ်ကမြေခွက်ဖြင့် အသေအချာကျကျနန ဖုံးထားဖိထားရ၏။ အများအားဖြင့် မြေသားငရုတ်ကြိတ်ခွက်များဖြင့် ဖုံးအုပ်ကြ၏။

အောက်ခံဝန်အိုးဖင်ကို မီးဖြင့် အပူပေးလိုက်ချိန်တွင် အိုးထဲမှ ရေများဆူပွက်လာသည်။ ရေခိုးရေငွေ့များမှာ မုန့်ပေါင်းအိုး ဖင်ပေါက် လေးများမှတစ်ဆင့် တိုးဝင်ပြီး မုန့်ထုပ်များကိုနူးနပ်စေသည်။ ရေနွေး ငွေ့များမှာ ပေါင်းအိုးထဲရှိ မုန့်များနှင့်အတူ လှောင်ပိတ်ခံနေခြင်းဖြင့် မုန့်များကိုနူးစေနပ်စေခြင်းပင် ဖြစ်ပေသည်။

ဤသို့ မုန့်တစ်ပေါင်းကျက်ပြီးသွားချိန်ထိ မုန့်ထောင်းသံ၊ အုန်းသီးခွဲသံ၊ အုန်းသီးခြစ်သံတို့ တစ်စုံတစ်ရာမကြားစေရဘဲ တိတ်တိတ်ကလေးလုပ်ပြီး မုန့်တစ်ပေါင်းရရှိစေခြင်းပင် ဖြစ်ပေသည်။ လင်ကို ချစ်လွန်း၍ လင်အိပ်နေသည်ကို နိုးသွားမှာစိုး၍ အသံဗလံ မကြားရအောင် စီစဉ်လိုက်ခြင်းဖြစ်သဖြင့် "လင်မနိုးမုန့်"ဟု ခေါ်ကြ၏။ အချို့ကတော့ မုန့်ထောင်းရမှာ ပျင်းလွန်း၍ မုန့်မထောင်းဘဲ လွယ်လွယ်ကူကူနှင့် မုန့်ဆိုပြီးရောလုပ်သည်။ အုန်းသီးလည်းမရှာချင်၊ မခွဲချင်၊ မခြစ်ချင် ပျင်းလွန်းလှသည်။ မိန်းမပျင်းလုပ်သော မုန့်မျိုးဖြစ် သဖြင့် "ပျင်းမမုန့်"ဟူ၍လည်း ခေါ်သူရှိကြ၏။

(၃)

"ကဲ… မိန်းမရေ ရေကျစပြုပြီ ပိုက်ချမယ်ဟေ့"

ကိုစံကျော် ပိုက်ကိုအသေအချာစစ်ဆေးကြည့်ပြီး ရေမြောင်းထဲသို့ အသာအယာဖြန့်ချလိုက်၏။ ချက်ချင်းပင် ရှေ့နောက်နှစ်ဖက်စလုံး ပိတ်ထားသော ရေတံခါးပေါက်များကိုလည်း ဖွင့်ပေးလိုက်၏။ ရေလုံး ကြီး ဒလဟော လာနေချေလေပြီ။

"ကဲ… ရော့ သားလေး မီးရှူးကိုင်ပြပေးနော်"

သားလေး ဘိုဘိုကျော် အဖေ့ဆီက မီးရှူးစည်းကို လှမ်းယူပြီး ကိုင်မြှောက်ပြထားလိုက်၏။ မီးရှူးမီးညွန့်ကြီးမှာ လေအတိုးတွင် တယမ်းယမ်းလှုပ်ခါနေ၏။

"လာ မိန်းမရေ တို့မြောင်းပေါင်အောက်ဆင်းပြီး ငါးထုပ်ကြီးကို လိမ့်တင်ရအောင်"

"မဟုတ်ဘူး ယောက်ျားရေ ကျွန်မအပေါ်ကနေ ဆွဲပေးမယ်။ ယောက်ျားပဲ အောက်ကနေ မတင်ပေးပါ"

မောင်တစ်ထမ်း မယ်တစ်ရွက်ကြိုးပမ်းလိုက်ကြသဖြင့် ငါးထုပ် ကြီး ရေမြောင်းပေါင်ပေါ်ရောက်လာ၏။ ဆန္ဒစောတရားက မင်းမူနေ လေရာ မခင်နု ဖင်ပိတ်ဝါးတံစို့ကို ဖျတ်ခနဲဆွဲနုတ်ပစ်လိုက်ရာ ငါးထုပ် ကြီး ဝေါခနဲထွက်ကျလာသည်။

"ယောက်ျားရေ ကကတစ်နဲ့ ငါးစင်ရိုင်းတွေချည်းပါလား"

"မိန်းမကို ညနေကတည်းက ပြောခဲ့တယ်လေ ငါးပြက်တွေချည်း ပါလာတာ ရှေ့ပြေးပါလာတာလို့။ ဒီကောင်တွေက ပေကျန်ခဲ့တာ။ အခု ဒီကောင်တွေ လယ်ကွင်းထဲမှာ ခိုကပ်နေစရာ ရေမကျန်တော့လို့ မဖြစ်မနေဆင်းလာရတာလေ"

သားအဖသုံးယောက်စလုံး ငါးတွေကို တဲသို့ သယ်ကြ၏။ ပို့ကြ၏။ နှစ်ခေါက်တိတိ သယ်ကြရသည်။ ပျော်လိုက်ကြသည်မှာ ပြောစရာ မရှိပြီ။

"ကကတစ်တွေကတော့ ဒိုင်ဝင်ငါးတွေများတယ်။ အခု တစ်ပိသာ ကို ငွေ ငါးထောင်ထိ ပေးနေတာလေ"

"ဒီရာသီ လယ်ငါးတွေကို စားငါးရောင်းလို့လူကြိုက်တယ် မိန်းမရဲ့၊ ဒီမိုးနှောင်းရာသီမှာ လယ်ငါး၊ ဆည်ငါးတွေ ဝမ်းဗိုက်ခွဲကြည့်လိုက်ရင် ဗိုက်ထဲမှာ အဆီပြင်တွေ ဝါဂွမ်းတောင့်လို ဖြူဖွေးနေတာပဲ"

"အဲဒီ လယ်ငါးတွေဟာ စပါးပန်းပွင့်လေးတွေကို စားတာမို့လို့ ပန်းစားငါးတွေလို့လဲ လယ်သမားတွေက ခေါ်ကြတာပေါ့သားရယ်။ အဆီရှိပြီး စားလို့ကောင်းတာမို့ လူကြိုက်များတယ်"

ကျွန်းစဉ်နယ်သား လယ်သမားတို့မှာ လယ်လုပ်ရင်း ငါးရှာ၊ ငါးရှာ ရင်း လယ်လုပ်နှင့် ကုန်းနှင့်ရေ မသွေတမ်းရွေလမ်းဖြစ်ခဲ့ကြချေ သည်တကား။

(၄)

"သမီးနဲ့သားကို အဖေကြီးပြောပြမယ်။ ဒီလယ်ကို လယ်တစ်ကွက် ဖြစ်ဖို့အတွက် အဖေကြီးတို့မှာ ရှိစုမဲ့စုတွေအကုန်လုံး ထုခွဲလိုက်ရတယ်။ သမီးနဲ့ သားကိုလဲ ကျောင်းထုတ်လိုက်ရတယ် အဖေနဲ့အမေ စိတ် မကောင်းခဲ့ကြဘူး"

"အခုတော့ သားကို ကျောင်းပြန်တက်ခိုင်းဖို့ အဖေကြီး ဆုံးဖြတ်လိုက်ပြီ"

"တို့ရွာမှာ အထက်တန်းကျောင်းခွဲလဲ ဖွင့်လိုက်ပြီဆိုတော့ သားလေးကို ကျောင်းပြန်တက်ခိုင်းမယ်လေ"

"သမီးကိုတော့ ဘယ်လိုလုပ်မှာလဲ ယောက်ျားရေ"

"သမီးကိုတော့ အသက်လဲနည်းနည်းရနေပြီဆိုတော့ အတန်းစာနဲ့ သိပ်မလိုက်ဖက်တော့ဘူး"

နုနုကျော်လေး မျက်လုံးဝိုင်းဝိုင်းနှင့် အဖေ့ကို ကြည့်၏။

"သမီးကိုတော့ ဒီတစ်ခါ သမီးဆန္ဒပြုထားတဲ့အတိုင်း စက်ချုပ်သင် ပေးမယ်။ တို့ရွာက စန်းစန်းတို့ ရန်ကုန်မှာ ဆိုင်ကြီးဖွင့်ထားတာရှိတယ် မဟုတ်လား"

"ဟုတ်တယ် ရှိတယ်။ တော်တော်တွင်ကျယ်တာတဲ့၊ အပ်ထည်တွေ ချုပ်ရတယ်ဆိုပဲ"

"အပ်ထည် မိန်းကလေးဝတ်ဆိုရင် တစ်ထည်ကို ငါးထောင်တောင် ရတာတဲ့ သိလား"

"ဟုတ်ပြီ ဟုတ်ပြီ သမီးကို အဲဒီစန်းစန်းတို့ဆီ ပို့ပေးမယ်။ စက်ချုပ် တဲ့အလုပ်က မိန်းကလေးတွေရဲ့ အတတ်ပညာပဲသမီး"

"အဖေကြီးတို့လဲ ဒီလယ်ဒီတာနဲ့ ဘဝရပ်တည်လို့ရပြီ။ အခုလို မိသားစုငါးဖမ်းလုပ်ငန်းက ရတာလေးနဲ့တင် သားနဲ့သမီးကို ပညာ သင်ပေးနိုင်မှာလေ"

"အမယ်လေး ယောက်ျားရယ် တို့ဘဝအိမ်ကလေးရဲ့ အနာဂတ်ကို အဖေကြီးပုံဖော်ထုဆစ်နေတာကြားရတော့ နားအရသာရှိလိုက်တာ။ ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျနိုင်ပါစေရှင်"

မိသားစုတွေ ရယ်လိုက်ကြသံမှာ ညဥ့်ဦးယံလေပြည်လေးနှင့်အတူ သင်းပျံ့နေပေတော့သည်။

## မေတ္တာခြုံလွှမ်း တူယှဉ်လှမ်း

- ဘဝတာ ခရီးတစ်လျှောက်
  လမ်းထွင်ဖောက် လျှောက်လှမ်းစဉ်၊
  လူ့ဘောင်နယ် ရှက်ဆောင်မှု
  ပြုဖွယ်စုံလင်၊
  ရှောင်လွှဲမရ ကြောင်းကျိုးယှဉ်
  လူ့ဝန်းကျင် လူ့ဝတ္တရား၊
  မှားမှန်ဆိုင် အားပြိုင်နွဲရင်း
  လှမ်းနင်း ကျော်လွှား။

- ကိုယ့်လိုအင် ကိုယ့်ဆန္ဒတွက်
  အတ္တဖက် နှောင်ချည်တွယ်၊
  အမြင်မညီ သွင်မူကွဲ
  ယှဉ်တွဲကာရယ်၊
  ထိန်းညှိရင်း ကြောင်းဆက်နွှယ်
  ကောင်းကျိုးရွှယ် ရည်မျှော်မှန်း၊
  အမုန်းမြူ စွန်းကျန်မဖိတ်ရအောင်
  ကောင်းစိတ်ဖြင့်လှမ်း။

- အတ္တနဲ့ နစ်ကျွံဆင်းလို့
  သတိယွင်း လမ်းပျောက်စေ၊
  အစွဲမှားတွေ ရှောင်နိုင်စွမ်းမှ
  လမ်းဖြောင့်မည်လေ၊
  ဘဝခဏ တိုစွအခြေ
  သတိဉာဏ်ဖွေ နှလုံးသွင်း၊
  ကြောင်းကျိုးယှဉ်
  ကောင်းဆိုးနှင့် ဘဝလမ်းမှာ
  ငြိမ်းချမ်းစွာ တူယှဉ်လှမ်းကာဖြင့်
  မေတ္တာမှန် ကိုယ်စီလွှမ်းလို့
  ချစ်ပန်းတွေနှင်း။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

# မင်းလှမြို့နယ် ညောင်ပင်သာ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းလှ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ညောင်ပင်သာ(န)ကျေးရွာ ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု ကို စက်တင်ဘာ ၂၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မကွေးတိုင်းဒေသကြီး ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဇောဟိန်းနှင့် တာဝန်ရှိသူ များက ညောင်ပင်သာ(န) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက် ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့သည်။

ညောင်ပင်သာ(န) ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦး ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

**အထွေး**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆
၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈

ရန်ကုန် ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉

မန္တလေး ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။

( ခ ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။

( ဂ ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။

(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။

( င ) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။

( စ ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။

(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။

( ဇ ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/ အပျို ဖြစ်ရမည်။

( ဂ ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။

( င ) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( စ ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။

(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။

( ဇ ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။

( ခ ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀ -၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁ – ၆၀၂၇၈)

( ခ ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁ – ၇၄၂၇၄)

( ဂ ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။ (ဖုန်း ၀၃၃– ၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ)(ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်) (ဖုန်း ၀၃၁-၇၄၂၇၄)နှင့် သဇင် FM၊ ပြင်ဦးလွင် (ဖုန်း ၀၃၃-၆၀၁၇၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်း- ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-သံရွာကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်သက်မှူးစစ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမင်းဇော်ထူး** ဖြစ်ပါကြောင်း။

ဦးမင်းဇော်ထူး(၅/မရန(နိုင်)၂၉၆၉၇၉)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ၅၄ လမ်း၊ ၁၂၅-၁၂၆ လမ်းကြား၊ EVER TOP Private School၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မနှင်းဖြူသန့်၏ဖခင်အမည်မှန်မှာ **ဦးမင်းလွင်ဦး** ဖြစ်ပါကြောင်း။

ဦးမင်းလွင်ဦး(၉/မခန(နိုင်)၁၇၇၆၉၂)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဝင်းဝင်းရွှေ (ဘ) ဦးမြင့်ဆွေ(၉/ခမစ(နိုင်)၀၁၇၁၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-494684)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-797733899

## အမည်ပြောင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ (ဘ) ဦးနေသူရှိန်း (မိခင်) ဒေါ်ဝင့်ဝါဆွေတို့၏သား မောင်ညီစေမင်း အား **မောင်ဘုန်းမြတ်မင်း** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းမြတ်မင်း**

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်နေ မရန်ခေါန် (ဘ) ဦးမရန်ဘောက်(၁/မမန(နိုင်)၀၆၃၈၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-686036486

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တလင်းကြီး အခြေခံပညာအထက်တန်းကျောင်းခွဲ၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်လင်း၏သား မောင်ချစ်လုံး၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဒေါ်ဝင်းအေး** ဖြစ်ပါကြောင်း။

ဒေါ်ဝင်းအေး(၉/တတဥ(နိုင်) ၁၄၅၃၀၈)

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တလင်းကြီး အခြေခံပညာအထက်တန်းကျောင်းခွဲ၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးတင်လင်း၏သား မောင်ဝေလင်းဦး၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဒေါ်မြင့်မြင့်အေး** ဖြစ်ပါကြောင်း။

ဒေါ်မြင့်မြင့်အေး(၅/တဆန(နိုင်)၁၇၈၃၄၈)

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ)ဦးငြိမ်းမြင့်၏သား မောင်ကောင်းခွဲထက်၏မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၁၁-၁၂-၂၀၁၇ ဖြစ်ပါကြောင်း။

မောင်ကောင်းခွဲထက်၊ ၁၁-၁၂-၂၀၁၇

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ ၂၀၂၆-၂၀၂၇ ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသော အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| Lot No | လုပ်ငန်းအမည် | အတိုင်းအတာ |
|---|---|---|
| Lot(1) | ရမည်းသင်းမြို့ သီလဝခန်းမအတွင်း LED Board တပ်ဆင်ခြင်း | 30.5' x 16.8' |
| Lot(2) | ညောင်ဦးမြို့နယ်ခန်းမအတွင်း LED Board တပ်ဆင်ခြင်း၊ Projector and Projector Screen ဝယ်ယူခြင်း၊ CCTV တပ်ဆင်ခြင်း၊ Spotlite တပ်ဆင်ခြင်း | ॥ |
| Lot(3) | ညောင်ဦးမြို့နယ်ခန်းမအတွင်း (Sound - System) အသံစနစ်တပ်ဆင်ခြင်း | |
| Lot(4) | ညောင်ဦးမြို့နယ်ခန်းမအတွင်း လေအေးပေးစနစ် Aircon များတပ်ဆင်ခြင်း | |
| Lot(5) | ညောင်ဦးမြို့နယ်ခန်းမ ပရိဘောဂများ ဝယ်ယူခြင်း | |

လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၃-၉-၂၀၂၆
တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက် - ၆-၁၀-၂၀၂၆
တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအသိပေးသွားပါမည်
လျှောက်လွှာဝယ်ယူရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း ၀၉-၂၀၇၄၃၂၄၊ ၀၉-၄၃၀၇၀၄၆၀

## အဖိုးတန်ရေချိုကို ချွေတာပါ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲကို CDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ အကြောင်းမဲ့လာရောက်နှောင့်ယှက်ပစ်ခတ်

ဟားခါးမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲကို အကြမ်းဖက်သမားများ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည့် တည်နေရာပြမြေပုံ။





**နေပြည်တော် စက်တင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်နှင့်မသက်ဆိုင်သည့်ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းများကို နှောင့်ယှက်ပစ်ခတ်ခြင်း၊ သစ္စာရှိနိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများကို မီးရှို့ခြင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်၍ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သာသနာတော်အကျိုးသယ်ပိုးလျက်ရှိသော ရဟန်းသံဃာတော်များ၊ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို စာမျက်နှာ ၂၅ ကော်လံ ၁ ☆

# ငွေပင်လယ်စက်မှုဇုန်တွင် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲနေသည့် ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံကို စစ်ဆေးဖော်ထုတ်ပြီး နိုင်ငံတော်အနေဖြင့် နစ်နာခဲ့သည့် ငွေကျပ် ၇ ဒသမ ၉၀၇ ဘီလီယံ ပြန်လည်ပေးသွင်းစေပြီး ဥပဒေအရ အရေးယူဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားခိုးယူသုံးစွဲမှုများကို Control Center များမှ စောင့်ကြည့်စစ်ဆေး၍ စဉ်ဆက်မပြတ် ဖော်ထုတ်လျက်ရှိရာ စက်တင်ဘာ ၂၁ ရက်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရွှေလင်ပန်း ငွေပင်လယ်စက်မှုဇုန်အတွင်း မြေကွက်အမှတ်(7/B)ရှိ ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံတွင် တပ်ဆင်ထားသည့် 2 MVA ထရန်စဖော်မာနှင့် တွဲဆက်တပ်ဆင်ထားသည့် မီတာတွင် Alarm ပေါ်နေသဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်၊ ခရိုင်၊ မြို့နယ်ပါဝင်သော ငါးဦး ကော်မတီအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာ လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲထားကြောင်း သက်သေအထောက်အထားများဖြင့် စစ်ဆေးတွေ့ရှိရသဖြင့် မီတာကို ချက်ချင်းဖြုတ်သိမ်းခဲ့ပြီး စာမျက်နှာ ၂၄ ကော်လံ ၁ ■




ရွှေလင်ပန်း ငွေပင်လယ်စက်မှုဇုန် မြေကွက် အမှတ်(7/B)ရှိ ဦးသိန်းနိုင်၏ "777" ပလတ်စတစ် စက်ရုံတွင် ဓာတ်အားခိုးယူသုံးစွဲထားရှိမှုကို စစ်ဆေးတွေ့ရှိရသည့် သက်သေခံပစ္စည်း မှတ်တမ်းဓာတ်ပုံ။



# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးအဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ စာမျက်နှာ ၂၂ ကော်လံ ၁ ❖

# ရန်ကုန်-ပြည်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၇၄)အစုန်၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းရှိ အမှတ်(၈၃)အဆန် DEMU လူစီးအမြန်ရထားတို့ကို ခဲဖြင့်ပေါက်သူများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမှတ်(၇၄)အစုန် ပြည်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် တိုက်ကြီးမြို့နယ် ဖလုံနှင့်သနပ်ချောင်းဘူတာကြား မိုင်တိုင်အမှတ် (၄၈/၂၀)နှင့် (၁၉)အတွင်း ရထားဖြတ်သန်းစဉ် ရထားလမ်းအရှေ့ဘက်မှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ စက်ခေါင်းနောက်ကပ်လျက် စာမျက်နှာ ၂၄ ကော်လံ ၁ ●

ခဲဖြင့် ပစ်ပေါက်ခံရမှုကြောင့် အမှတ်(၈၃) အဆန် DEMU ရထား၏ ပထမတန်းတွဲ DEMU – F (C) – 4013 ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



**ရတနာပုံ**

**ယနေ့ဖတ်စရာ**

စမ်းချောင်းမြို့နယ်၌ လူငယ်အချင်းချင်း စကားများ ရန်ဖြစ်စဉ် အုပ်စုဖွဲ့ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့် ထိုးခဲ့သည့် လူငယ်များကို ဖမ်းဆီးရမိ

စာမျက်နှာ - ၂၄